www.burmeseclassic.com

ရွှေဒေသာစာပေ

# အာလင်းသစ်

# ဆူးနဲ့ဆစ်တဲ့နှင်းဆီ

(အချစ်လုံးချင်းဝတ္ထု(သစ်))



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း – ပထမအကြိမ်၊
၂၀၁၅၊ နိုဝင်ဘာလ။

ထုတ်ဝေသူ – ဦးအေးလွင် (၀၀၄၀၅)
ရွှေပဒေသာစာပေတိုက်
အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ – ဦးအေးလွင် (၀၀၂၄၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

ဖြန့်ချေး – ၁၅၀၀ ကျပ်
အုပ်ရေ – ၅၀၀ အုပ်

၈၉၅ • ၈၃

အလင်းသစ်
ဆူးနှင့်ဆစ်တဲ့နှင်းဆီ / အလင်းသစ် – ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၅ ။
၂၈၀ – စာ ၊ ၁၂ • ၃ × ၁၈ စင်တီ။
(၁) ဆူးနှင့်ဆစ်တဲ့နှင်းဆီ


BURMESE CLASSIC

# အလင်းသစ်

## ဆူးနဲ့ဆစ်တဲ့နှင်းဆီ

www.burmeseclassic.com

www.burmeseclassic.com



မင်းသိထားဖို့ တစ်ခုရှိသေးတယ် နှင်းဆီဖြူဖြူ မင်းက အပွင့်သာ ဖြူပြီး အရိုးမရင့် တန်ဖိုးမမြင့်တဲ့ နှင်းဆီကြက်သွေး ဆိုတာ ငါသိတယ်။ နှင်းဆီနီနီက အရောင်ရင့်ပေမယ့် တစ်နေ့မှာ တန်ဖိုးမြင့်လာမယ့် ပန်းပဲ။ ဘယ်သူက ဘယ်လောက်တန်ဖိုးကြီးကြီးပေးဝယ်ပြီး နမ်းမှာလဲဆိုတာ...

ဘုန်းသစ်စံ

www.burmeseclassic.com

www.burmeseclassic.com



မခူးတတ်တာ မှန်ပေမယ့် ခူးစူးတဲ့အရသာကိုပဲ ဖြိုးက ခံစားကြည့်ချင်သေးတာ။ ဒီကောင်မလေးနဲ့ပတ်သက်ပြီး တော့ပေါ့။

လူတစ်ယောက်အတွက်···

အချစ်ဆိုတာ အရောင်မဲ့ မျှော်လင့်ချက်ဆိုရင် ကိုယ့်မျှော်လင့်ချက်တွေကို အရောင်တစ်ခုတော့ မင်းဆိုးပေးပါ နှင်းဆီနီနီ။

ဖြိုးမောင်မောင်



ဝက်သားဆိုတာနဲ့ပဲ အဆီပေးတာတောင် လွှင့်မပစ်ရက်လို့ ဟင်းရွက်ခူးပြီး ကြော်စားတဲ့အထဲမှာ နီနီမပါဘူး အစ်ကို လေး။ ကိုယ့်ဘဝကို ဝက်သားကြောင့် ဂုဏ်တက်လာမယ့် ဟင်းရွက်ကြော်တစ်ပွဲ အဖြစ်မခံဘူး။ ကိုယ့်ဂုဏ်သတ္တိနဲ့ ကိုယ်ပဲ ဟင်းရွက်က ဟင်းရွက်အဖြစ်နဲ့ တန်ရာတန်ဖိုး ရအောင် နေပါရစေ။

နှင်းဆီနီနီ

www.burmeseclassic.com

www.burmeseclassic.com



နင်မသိရင် မှတ်ထား နီနီ။ အချေ့မကြိုက်ဘူး။ အလှအပ မကြိုက်ဘူးဆိုတဲ့ယောက်ျား လက်ညှိုးထိုးပြစမ်းပါ။ ရှာ တွေ့မယ်ဆိုလည်း လက်ချိုးရေတွက်လို့ရတယ်။ ငါ့အလှ ကို ငါ ယုံကြည်တယ်။ ငါ့ရဲ့အလှက ငါ့အတွက် လက်နက်ပဲ ပေါ့။ ဘုန်းသစ်စံဆိုတဲ့လူ အရည်ပျော်သွားစေရမယ် စိတ်ချ။

နှင်းဆီဖြူဖြူ

## အခန်း (၁)

နှင်းဆီဖြူဖြူ မှန်ထဲက ကိုယ့်ရုပ်ကို ဟိုဘက်စောင်းကြည့်လိုက်၊ ဒီဘက်စောင်းကြည့်လိုက်၊ တည့်တည့်ကြည့်လိုက်နှင့် အကျေနပ်ကြီး ကျေနပ်နေသည်။ ကျေနပ်ဆို သူမက လှတာကိုး။ သူမကို မြင်လိုက် ရင် ပုရိသတွေ အတော်များများ ငေးမကြည့်တဲ့ မနေနိုင်လောက်အောင် အသားလေးက ဖြူဝင်းပြီး ဘာပဲဝတ်ဝတ် လှနေသူပါ။

မျက်ဝန်းလေးတွေက တောက်ပနေပြီး မျက်တောင်ရှည် တွေက ညွတ်နေလို့ မျက်ခုံးနှစ်ဖက်က ထိဆက်လိုက်ရင် စင်ရော် တောင်လေးလို၊ ရွှေသမင်မျက်လုံး စင်ရော်တောင်မျက်ခုံးနဲ့ ဆိုတာမျိုး ပေါ့လေ။ နှာတံလုံးစင်းစင်းလေးကလည်း နှင်းဆီဖူးသဖွယ် ပန်းဆီ



www.burmeseclassic.com

www.burmeseclassic.com



ရောင်အထက်မှာ တည်ဆောက်မှုက လှလှပပ။ ကိုယ်လုံးကိုယ်ပေါက် အချိုးအဆစ်ကလည်း ခါးသိမ်းလို့ရင်ချီဆိုတာမျိုးပေါ့လေ။

ဒီလိုအပြစ်ပြောစရာမရှိအောင်လှတဲ့ နှင်းဆီဖြူဖြူဆိုတဲ့ မိန်းကလေးမှာ လိုအပ်ချက်ကတော့ ဆင်းရဲခြင်းပါပဲ။ အဲဒီအတွက်ပဲ သူမ ကိုယ့်ကိုယ်ကိုယ် မကျေနပ်ချင်။ ရုပ်ရည်ရူပကာမှာ ကုသိုလ်ထူးပြီး စီးပွားရေးကျမှ ကံညှိုးစွာနှင့် ဝါးလုံးခေါင်းထဲ ဆင်ဝင်ဖြစ်နေတာလေး အဲဒါကိုပဲ မကျေနပ်တာ။

"ဖြူဖြူရေ"

"..."

"ဖြူဖြူ"

"လာပြီ"

အမေ့ခေါ်သံကြောင့် ဖြူဖြူ မှန်ရှေ့ကခွာပြီး အပြင်သို့ ထွက်လာတော့ အမေနှင့်နီနီက ဈေးရောင်းထွက်ဖို့ ပြင်နေသည်။ အမေက သူများအိမ်တွေမှာ အဝတ်လိုက်လျှော်ပြီး နီနီကတော့ အိုးမကွာ အိမ်မကွာနှင့် မုန့်ဟင်းခါးဆိုင်လေး ဖွင့်ထားသည်လေ။ ဆိုင်သိမ်းရင် အမေ့နောက်လိုက် အဝတ်လျှော်တာကို အမေက မကြိုက်။ အပျိုလေးမို့ လိုက်မလျှော်စေချင်ဘူးတဲ့။

ဒါကြောင့် ...





အခု နီနီကို လုံးဝလိုက်ခွင့်မပေးတော့ပါဘူး။ ဖေဖေရှိတုန်းကတော့ အဆင်ပြေပြေလေး ရှိကြပေမယ့် အဖေဆုံးပြီးကတည်းက အဆင်မပြေမှုတွေက များနေတာလေ။ ဖြူဖြူက အခုဆို စီးပွားရေးတိယနှစ်တက်နေတာပါ။ နီနီကတော့ ကိုးတန်းအောင်လို့ ဆယ်တန်းက်ခါနီးမှ ဘယ်လိုမှ ကျောင်းဆက်ထားလို့ မရလို့ ကျောင်းထုတ်ိုက်ရတာ။

အမေ့ကိုပဲ ပိုင်းကူတော့မယ်တဲ့။ နေပေါ့။

ဖြူဖြူကတော့ မျှော်လင့်ချက်တွေ၊ ရည်ရွယ်ချက်တွေ ကြီးသူ။ ညာတတ်မှ လူရာဝင်မှာ။ ကိုယ့်ရုပ်ကွက်ထဲတွင် ခြင်ထောင်ထဲ မျက်စိသည်သလိုဖြစ်နေရင် အချိန်တန် ဘယ်လိုလုပ်ပြီး လင်ကောင်းသားကောင်းရမှာလဲ။ ဒီလိုဆင်းရဲတဲ့ဘဝမှာ တစ်သက်လုံး မနေနိုင်ပါဘူး။

ကိုယ်က လှတာပဲဥစ္စာ။

ဒီအလှကို ဗန်းပြပြီး ဒီဘဝကနေ ရုန်းထွက်ရမှာပဲပေါ့။ သူငယ်ချင်းတွေက ပြောကြသည်လေ။ ဖြူဖြူ့ကို ကြိုက်တဲ့ကောင်လေးတွေပါပေမယ့် အလျှင်မလိုနဲ့။ နင့်ရုပ်ရည်က နယ်နယ်ရရ မဟုတ်ဘူး။ တော်ရုံလူ မစဉ်းစားနဲ့ 'စံ'ထားရမယ်တဲ့။ ဟုတ်တာပေါ့။ ဖြူဖြူကလည်း တော်ရုံချမ်းသာတဲ့လူလောက်ကို ဂရုမစိုက်ပါဘူး။ ကိုယ့်ရုပ်ကိုယ့်ရည်နဲ့ ထိတ်ထိတ်ကြဲ ချမ်းသာတဲ့သူကို မရဘူးလို့ ပြောနိုင်မလား။



www.burmeseclassic.com

www.burmeseclassic.com



"ဖြူဖြူလား အလှပြင်လို့"

အမေက ဆီးမေးလေတော့ ဖြူဖြူ နှုတ်ခမ်းလေး ရှုသွားက

"အမေကလည်း တစ်နေ့တစ်နေ့ ဒီအလှပြင်တာကိုပဲ ပြေ နေတာပဲ၊ အလှတရားဆိုတာ မိန်းကလေးတစ်ယောက်ရဲ့တန်ဖိုးပေ အမေရဲ့"

"ဩော် ... ဟုတ်လား"

"အမေက အမေပဲဥစ္စာ ပိုသိမှာပေါ့"

"ဒီမှာ ဖြူဖြူ"

"... ... ..."

"ညည်းပြောတာကို အမေ လက်ခံပါတယ်၊ ဒါပေမဲ့ ပင်ကိုက လှပြီးသားထက် ဘာလို့ ပိုလှချင်ရတာလဲ၊ အဲဒီလို ပိုလှဖို့အတွက် ဝယ်ရတဲ့ အလှပြင်ပစ္စည်းတွေအတွက် တို့သားအမိတွေ ပိုက်ဆံဘယ် လိုရှာရလဲဆိုတာကျတော့ ညည်း ထည့်မစဉ်းစားတော့ဘူး မဟုတ် လား"

"အမေ"

"တစ်ခါတလေ အလှအပဆိုတာ အဆိပ်အတောက်နဲ့ တူတယ်၊ အန္တရာယ်ကို ဖိတ်ခေါ်တာနဲ့ တူတယ်၊ အဲဒါကိုရော သိရဲ့ လား"





"အမေကလည်း ပွည့်ပွည့်နဲ့ ရှိတဲ့အလှတောင် အရေခွံခွာ နေမလိုပဲ"

"ရှိတဲ့အလှခွာချဖို့ မလိုပါဘူး။ ပိုလှချင်လို့ သတိပေးတာ"

ဖြူဖြူ ခေါင်းကုတ်မိမလိုဖြစ်ပြီးမှ ဖီးထားတဲ့ဆံပင်အလှ ပျက် သွားမှာစိုးတာနှင့် မကုတ်ဖြစ်ဘဲ သပ်ချရုံသာ သပ်ချမိသွား၏။ နီနီက တော့ မျက်ဝန်းလေးစွေကြည့်ရုံမှအပ သူလုပ်စရာရှိတာကိုပဲ ဆက် လုပ်နေသည်။ ဆိုင်ထွက်ဖို့အတွက် သယ်ရတာ အိမ်ပေါ်တက်လိုက် ဆောက်ဆင်းလိုက်ပေါ့နှင့်လေ။

ဖြူဖြူ ...

ပြောမယ့်စကားတောင် ဘယ်လိုပြောရမှန်းမသိတော့ပါဘူး။ သူပြောချင်တာက သန်ဘက်ခါဆို ဖြူဖြူသူငယ်ချင်းရဲ့မွေးနေ့လေ။ သူများတွေက စိန်ရောင်ရွှေရောင်တွေ ပြိုးပြက်လက်နေကြမှာ ... ဖြူဖြူကတော့ နားကပ်ကလေးတစ်ရံမှအပ လက်ဝတ်ရတနာဆိုလို့ ဘာမှမရှိပေ။

ကိုယ် ဘယ်လောက်ပဲလှလှ ...

ဘာမှလက်ဝတ်ရတနာမရှိဘဲ သွားရဖို့ကျတော့ မျက်နှာငယ် ရမှာလေ။

ဒါကြောင့် ...



www.burmeseclassic.com

www.burmeseclassic.com



မပြောမဖြစ် ပြောကြည့်ရမည်သာ။

"အမေ"

ခေါ်ပြီး အမေ့အနားကို တိုးကပ်သွားလေတော့ ...

"ဘာတုန်း"

"ဟိုလေ ... အမေ"

"အင်း ... ပြော"

ပြောဆိုတော့ မဝံ့မရဲ လက်ဝါးချင်း ဖိပွတ်လျက် ...

"သန်ဘက်ခါ သူငယ်ချင်းမွေးနေ့သွားရမယ် အမေရဲ့"

"အဲဒီတော့ လက်ဆောင်ပစ္စည်းဝယ်ဖို့ ပိုက်ဆံလိုတယ် မဟုတ်လား"

"အဲဒါလည်း အဲဒါ ပြီးတော့လေ"

"ဆိုပါဦး"

"သမီးသူငယ်ချင်းက အရမ်းချမ်းသာတာ မေမေရဲ့၊ သူ့မွေးနေ့ကိုလာမယ့်သူတွေကလည်း နယ်နယ်ရရ သိပ်မရှိဘူးလေ"

"အဲဒီတော့ ငါက ဘာလုပ်ပေးရမှာလဲ"

အပြောရခက်လိုက်တာ။ လူကြီးတွေများ အမွှေးမြင် အပင်သိဆိုပြီး အခုကျတော့ ဘာလို့မသိရတာလဲ။ ဖြူဖြူပြောစရာမလိုအောင် အမေ သိနေရမှာ ငါ့သမီးလေး မျက်နှာငယ်မှာပဲဆိုတာလေ၊ ကိုယ်တွေ





အဆင်မပြေပေမယ့် အမေ့ညီမ ဒေါ်လေးသီတာတို့က စီးပွားရေး အဆင်ပြေသူတွေပါ။

ဖြူဖြူတို့မှာသာ ဖြူဖြူ့အတွက် တက္ကသိုလ်ကျောင်းသူမို့ နားကပ်ကလေးတစ်ရံမရှိမဖြစ် မနည်းစုဆောင်းလုပ်ထား ဝတ်ရပေမယ့် ဒေါ်လေးရဲ့သားသမီးတွေမှာတော့ ရွှေတွဲလောင်း ငွေတွဲလောင်းတွေနှင့်ပါ။ ကုသိုလ်ကံချင်းများ မတူညီလိုက်ကြတာ။ ဖြူဖြူကမှ နားကပ်လေးဝတ်ရသေး နီနီဆိုရင် နားပေါက်ပေါင်းလောင်းနဲ့ ဘာမှမဝတ်ရရှာပေ။

"ဘာလုပ်ပေးရမလဲဆိုတော့ ဒေါ်လေးတို့အိမ်မှာ ဆွဲကြိုးနဲ့ လက်စွပ်လေး ငှားပေးပါလား အမေရယ်နော်"

"ဘာ"

"ငှားပေးပါ အမေရဲ့ ... ဒီတစ်ခါတည်းပါ"

"ခက်လိုက်တာ ဖြူဖြူရယ်၊ အဲ့ကောင်မ ငါ့ညီမဆိုပေမယ့် ငါနဲ့ သိပ်အကြောတည့်တာ မဟုတ်ဘူးဟဲ့၊ ဒင်းက ချမ်းသာတယ်ဆိုပြီး ငါ့ကို အဖက်လုပ်ချင်တာ မဟုတ်ဘူး။ ငါကလည်း ဆင်းရဲပေမယ့် ဆင်းရဲတဲ့မာနတော့ ရှိတယ်"

"ပြော် ... အမေရယ် သူက ချမ်းသာတော့ ချမ်းသာတဲ့ မာနတော့ ရှိမှာပေါ့။ အမေသွားပြောရင်တော့ ရမှာပါ၊ သူ ... သူ့တူမ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာငယ်ရမယ့်အဖြစ်တော့ ကြည့်နေနိုင်မယ် မဟုတ်ပါဘူး။ သစ်ပင် ဝါးပင် ဝိရင်သာ သေတာ၊ လူပိလို့ မသေနိုင်ပါဘူး အမေရယ်၊ ဒီလိုပဲ ကိုယ်က သူ့ဆီက တစ်ခုခုလိုချင်ပြီဆိုမှတော့ အောက်ကျို့ခံသင့်ရင် ခံရမှာပဲပေါ့။ ညီအစ်မချင်း မာနထားစရာလား အမေရယ်"

"ဟင်"

ပြောရက်လေခြင်းလို့ ဒေါ်သူဇာ့ရင်ထဲမှာ ဆို့နင့်နင့်ကြီး ဖြစ်သွားရလေသည်။ အငယ်မနဲ့ အဲဒါတွေပဲ ကွာတာ။ နီနီကတော့ အမေ့ကို အဝတ်လျှော်တဲ့ အလုပ်တောင် မလုပ်စေချင်လို့ သမီး အဝတ်လျှော်လိုက်မယ် အမေက မုန့်ဟင်းခါးပဲ ရောင်းပါတဲ့။ ကိုယ်က ကိုယ့်သမီးကို အပျိုလေးမို့ မခိုင်းရက်လို့ မနည်းတားနေရတာပါ။

ဖြူဖြူကတော့ ...

သူ့မ လုဖို့ ပဖို့ကလွဲပြီး ဘယ်သူ့မျက်နှာကိုမှ မကြည့်တတ်သူ။ သူ့မ အဝတ်လျှော် လိုက်တာတောင် ရှက်လို့တဲ့လေ။ သူ့ကျောင်းစရိတ်အတွက် ရရာအလုပ်နဲ့ ငွေရှာနေရတာမို့လို့သာ ကြည့်နေတာ။

အင်း ...

ကိုယ်ကတော့ မိခင်စိတ်နဲ့ ဖြည့်တွေးပေးရရင် ဖြူဖြူက တက္ကသိုလ်ကျောင်းသူ သူငယ်ချင်းတွေက ချမ်းသာတဲ့လူတွေဆိုတော့ မျက်နှာငယ်ရရှာမှာပဲလို့ တွေးပြီး ...





"ကောင်းပြီလေ ... ငါ သွားငှားကြည့်ပေးပါ့မယ်"

အိမ်ပေါ်ပြန်တက်လာတဲ့ နီနီ သူတို့စကားတွေကို သဲ့သဲ့ ကြားခဲ့ရသည်မို့ ...

"အမေ မသွားနဲ့အမေ ... သမီးပဲ သွားငှားကြည့်ပေးပါ့မယ်၊ သမီးက လူငယ်ဆိုတော့ ဒူးထောက်ရလည်း မဆန်းပါဘူး။ သူတို့ ပြောရင်လည်း ပြောသမျှ ငြိမ်ခံနေရုံပဲလေ၊ အမေ့ကျတော့ အမေက အကြီးဖြစ်နေပြီး အပြောခံနေရရင် မကောင်းဘူးပေါ့"

"အံမယ် ... နင်က ဆရာကြီးဝင်လုပ်တာလား နီနီ၊ နင်က အဲလိုပြောတော့ ငါကပဲ အမေ့အပေါ် မသိတတ်သလိုပဲ"

မဟုတ်လို့လားလို့ ပြောချင်ပေမယ့် သူက ကိုယ့်ထက် အကြီး ဆိုတော့ ...

"နီနီက မမကို မရည်ရွယ်ပါဘူး။ အမေ့ကိုပဲ မသွားစေချင်တာပါ"

"ဘာထူးသေးလဲ"

"တော်စမ်း ဖြူဖြူ"

သမီးနှစ်ယောက် ကတောက်ကဆ ဖြစ်မှာစိုးတာနှင့် ဒေါ်သူဇာ က ဝင်ဟန့်လိုက်တာ ဖြစ်၏။

"နင်သွားစရာမလိုဘူး နီနီ၊ နင်က အပျိုလေး။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ငါ ဘာပဲဖြစ်ဖြစ် သည်းခံနိုင်တယ်၊ ငါ့ကို ဘာပဲပြောပြော ငါ့သမီး
တော့ သူများ မျက်စောင်းထိုးတာတောင် မကြိုက်ဘူး၊ သီတာ့ဆီ
ငါပဲ သွားမယ်"

ဒီတော့မှ ဖြူဖြူ့မျက်နှာ ဝင်းပသွားလေ၏။ နီနီကအော
သက်ပြင်းချပြီး ခေါင်းတခါခါနှင့် မုန့်ဗန်းကို ကောက်သယ်ပြီး အိမ်
ကနေ ပြန်ဆင်းသွားလေသည်။

ဩော် ...

အဖေရှိတုန်းကတော့ ဒီလိုမဟုတ်ခဲ့ကြပါဘူးလေ။

ooo



## အခန်း (၂)

ဒေါ်သူဇာကိုမြင်တာနှင့် ဒေါ်သီတာ့မျက်နှာက ခပ်တည်တည်
နေပါ။ ကိုယ့်အစ်မ လာတယ်ရယ်လို့ ပြုံးပြုံးရွှင်ရွှင် ဆီးကြိုနှုတ်ဆက်
ခြင်း လုံးဝမရှိပါဘူး။ မရှိခိုးနှိုး မဟုတ်တဲ့ မရှိချေးနှိုးနှိုး၊ ငှားနှိုးနှိုး
သင်နေမှာပေါ့။ အေးလေ ... ကိုယ်ကလည်း ငှားရအောင်လာခဲ့တာပဲ
ဘူး။ သူကအရင် စကားမပြောတော့လည်း ကိုယ်ကပဲ ပြောရတော့
မှာပေါ့။

"သီတာ"

"..."

"ငါ့ညီမ နေကောင်းရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ်"

"ကလေးတွေရော နေကောင်းလား . . . ဘယ်သွားကြလဲ"

"နေကောင်းကြပါတယ်၊ ကျောင်းသွားကြတယ်လေ"

"ဪ"

ဪ . . . ဆိုပြီး လိုရင်းကို မပြောရဲစွာ မျက်လွှာချမိလိုက်၏။ ကိုယ်က အကြီးလည်းဖြစ် နို့ကျသူလည်း ဖြစ်နေတော့ သိမ်ငယ်ရတယ်လေ။ ကိုယ်ကသာ ချမ်းသာနေပြီး ကိုယ့်ညီမက ဆင်းရဲနေတာဆိုရင် ကိုယ်ကတော့ ဥပေက္ခာပြုထားနိုင်မှာ မဟုတ်ပါဘူးလေ။ အခြေ မဟုတ်ပါဘူး ကိုယ်သာဆို ကိုယ့်ညီမကို ဖေးမကူညီမိမှာပါ။

အရင်အဆင်ပြေတုန်းကဆို . . .

သူတို့က ကိုယ့်ထက် အများကြီး ချမ်းသာတာတောင် ကိုယ်မှာတော့ ဟိုတူ့ကို မုန့်ဖိုးပေးရ၊ ဟိုတူမကို အဝတ်ဝယ်ပေးရနဲ့လေ အခု ကိုယ့်မှာ မပြေလည်တော့ ဒီလိုမျက်နှာငယ်ငယ်။ သူစိမ်းမဟုတ်ဘူးဆိုပြီးသာ လာရတာ။ ကိုယ် ဒီမှာ မျက်နှာငယ်ရတာထက် ကိုယ့်သမီးလေး လူပုံအလယ်မှာ မျက်နှာငယ်ရမှာစိုးလို့ပါ။

"အခု မကြီး ဘာလာလုပ်တာလဲ၊ သတိရရုံသက်သက်နဲ့တော့ လာမှာမဟုတ်ပါဘူး။ ဘာလဲ . . . ဖြူဖြူ့အတွက် ကျောင်းစရိတ်လိုလို့လား။ ကိုယ့်မှာမရှိတာ ဘာလို့ကျောင်းဆက်ထားနေရတာလဲ





ကျောင်းထုတ်ပြီး အလုပ်လုပ်ခိုင်း ပြီးနေတာပဲဥစ္စာ၊ ခုတော့ မကြီးဟာ ဆန်မရှိ သောက်စားကြီးသလို ဖြစ်နေပြီ"

"အို . . . မဟုတ် . . . မဟုတ်ပါဘူး သီတာရယ်၊ ငါ ငွေလို လာခဲ့တာ မဟုတ်ပါဘူး"

"ထားပါတော့ . . . သီတာကတော့ ပြောရမှာပဲ၊ မရှိတဲ့ကြားက မကြီးတို့ ဖြူဖြူ့ကို ကျောင်းထားပေးလို့ မွဲသထက် မွဲနေတာ၊ ကိုယ်က မျှော်လင့်ချက်ကြီးသမျှ သူက သိတတ်ရင် တော်တာပေါ့၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်လည်း ရပ်တည်နိုင်ရော ယောကျ်ားယူပြီး ကျော့ကော့သွားလို့ကတော့ မကြီးပဲ ဒုက္ခရောက်မှာ"

ဒီစကားက ကိုယ့်အပေါ်ပဲ စေတနာအမှန်နဲ့ ပြောတာလား။ ကိုယ့်သမီး ဘွဲ့ရပညာတတ်ဖြစ်မှာကိုပဲ မနာလိုလို့ ပြောတာလားတော့ မသိပေ။ ဘာပဲဖြစ်ဖြစ် ကိုယ်ကတော့ မိဘလေ။ စုန်ရေပဲ ရှိတာ။ ကိုယ် အပင်ပန်းခံပြီး ကျောင်းထားပေးရလို့ ဖြူဖြူ့အပေါ် ဘာမျှော်လင့်ချက်မှ မထားပေ။

သူ့ဘဝ လှပရင် ပြီးရောပေါ့။

ဖြစ်နိုင်ရင် အငယ်မကိုပါ ပြုစုပျိုးထောင်ပေးချင်ပေမယ့် ကိုယ့်အားကိုယ်မချိနိုင်တော့လို့ပါ။

ပြီးတော့ . . .

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အငယ်မက ဘယ်လိုပဲပြောပြော ကျောင်းမတက်ချင်တော့ဘူး။ အလုပ်ပဲ လုပ်မယ်ပြောနေပြီး ကျောင်းတက်ခိုင်းလို့ကိုပဲ မရတော့တာပါ။ ရိုက်တော့လည်း အသားအနာခံပြီး ဒူပေဒါပေ ကပ်နေတာကြီး တော့လေ။

"ငါက မိဘလေ သီတာရယ်၊ ဖြူဖြူ့ကို ကျောင်းထားပေးတာ သူ့ဘဝကောင်းစားဖို့အတွက်ပါ၊ ငါ ဘာမျှော်လင့်ချက်မှ မထားပါဘူး"

"ထားလည်း မကြီးသမီးက သိတတ်မယ့်ပုံမှ မပေါ်တာ နီနီကမှ သူ့ထက်စာရင် သိတတ်သေး"

"အေးပါဟယ် ... နီနီကတော့ သိတတ်ပါတယ်၊ အခု ငါ လာခဲ့တာကလေ"

ရှေ့ဆက်ဖို့ စကားအတွက် တံတွေးကို မျိုချပြီး အားယူလိုက်ရ၏။ ဘယ်လိုစပြောရပါ့မလဲနော်။

"ဟိုဟာ"

"ပိုက်ဆံချေးဖို့မဟုတ်ရင် တစ်ခုခုငှားမလို့မို့လား"

"အေး ... အေး ... ဟုတ်ပါတယ်"

"ထင်သားပဲ"

"သန်ဘက်ခါ နင့်တူမ ဖြူဖြူ သူ့သူငယ်ချင်းမွေးနေ့ကို သွားရှိတယ်လေ၊ သူ့သူငယ်ချင်း အသိတွေက ချမ်းသာတဲ့အသိုင်းအဝိုင်းတွေချည်းပဲဆိုတော့ သူ့မျက်နှာငယ်ရမှာစိုးလို့ ငါလာခဲ့တာပါ"

"အိမ်မှာ အဝတ်တွေ ကောင်းကောင်းရှိပေမယ့် သူနဲ့က တော်မှာမဟုတ်ဘူး မကြီးရဲ့၊ သီတာ့အဝတ်ကျတော့လည်း သီတာက တော့ သူနဲ့ ပွနေမှာ၊ ဟော သမီးအဝတ်နဲ့ကျတော့ သမီးက ပိန်တော့ တော်မှာမဟုတ်ပြန်ဘူး"

"မဟုတ်ဘူး သီတာ၊ ငါ ငှားမှာ အဝတ်မဟုတ်ပါဘူး"

"ဒါဆို ... ဘာလဲ မကြီးရဲ့"

အဝတ်တောင် မငှားချင်လို့ ပြောနေတာ ရွှေထည်ပစ္စည်းဆိုတော့ ပိုဆိုးနေမလား။ ပြောရမှာ ခပ်ခက်ခက်ပေမယ့် သမီးအတွက်ဆိုတော့ ပြောရမှာပဲလေ။ ဒါ ... မိဘတွေရဲ့အသေးအမွှားရင်းနှီးမှုပဲ။

"နင့်တူမကလေ"

"အင်း"

"ဆွဲ ... ဆွဲကြိုးလေးနဲ့ လက်စွပ်ကလေး ငှားပါတဲ့"

နောက်ဆုံးအဖျားသတ်မှာ လေသံက မနည်းကြားလိုက်ရအောင် တိုးသွားလေသည်။

"ဘယ်လို မကြီး"







www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခါ ပြန်မပြောရဲသလို မျက်လွှာချ နှုတ်ဆိတ်နေ လိုက်တော့ . . .

"ဆွဲကြိုးနဲ့လက်စွပ်ငှားပါ . . . ဟုတ်လား မကြီး"

"ဟုတ်ပါတယ်"

ဒေါ်သီတာလည်း အသံတိတ်သွားသည်။ ရွှေထည်ပစ္စည်း များ ငှားသတဲ့။ ပါးစပ်ထွက်ရဲလိုက်တာ။ လူ့ကံကြမ္မာဆိုတာ မသိနိုင် ဘူးလေ။ မတော်လို့ ပျောက်သွားရင်ဖြင့် လျော်နိုင်တဲ့အရည်အချင်း မရှိတာ။ တူဝရီးချင်းဆိုတော့ အလျော်စားရခက်ခက်နဲ့ ကိုယ်ပဲ ဆုံးရှုံး ရမှာ။ ဖြူဖြူက နမော်နမဲ့ရယ်။ နီနီဆို တော်သေးရဲ့။ နီနီဆိုလည်း ငှားမှာမဟုတ်ပါဘူး။ ဒီကောင်မလေးက မာနခပ်ကြီးကြီးရယ်။

အင်း . . .

မငှားပြန်ရင်လည်း ကြီးကျယ်တယ်လို့ အပြစ်တင်ခံရဦးမယ်။

"ဒီတစ်ခါလောက်တော့ ငှားပါ ညီမရယ်နော်၊ ငါ့သမီးလေး မျက်နှာငယ်ရမှာစိုးလို့ပါ၊ ဘာမှမဖြစ်စေရပါဘူး စိတ်ချပါ၊ ငါ တာဝန် ယူပါတယ်"

"တာဝန်ယူရအောင် ဝတ်မှာက မကြီးမှမဟုတ်ဘဲလေ၊ ဖြူဖြူက နမော်နမဲ့နိုင်ပါဘိသနဲ့"

"သူလည်း ဒီလောက်တော့ သိပါတယ်ဟယ်၊ သူများပစ္စည်း





ပျောက်သွားရင် မလျော်နိုင်ဘူးဆိုတာ ငါ သေသေချာချာ မှာလိုက်ပါ့ မယ်"

"ကောင်းပြီလေ . . . ဒါဆိုလည်း ယူသွား"

ဒေါ်သူဇာမျက်နှာ ချက်ချင်းပဲ ဝင်းပသွားလေ၏။ သူမမျက်နှာ သည် အောက်ကျို့ခံရကျိုးနပ်ပါပြီလေ။

ဒေါ်သီတာ . . .

အပေါ်ထပ်သို့တက်လာတော့ လှေကားထိပ်မှာ ခင်ပွန်းသည် နှင့် ဆုံပြီး . . .

"မင်းအစ်မက ဘာလာလုပ်တာလဲ သီတာ"

"ဖြူဖြူလေ . . . သူ့သူငယ်ချင်းမွေးနေ့ပွဲ သွားစရာရှိလို့ ဆွဲကြိုးနဲ့လက်စွပ် ငှားပါတဲ့"

"မင်းက ငှားလိုက်မလို့လား"

"ဪ . . . ကိုကလည်း သီတာက ကလေးမှမဟုတ်တာ၊ အစစ်ကို ငှားပါ့မလား။ ရွှေရည်စိမ်အတုပဲ ပေးလိုက်မှာပေါ့"

"ကောင်းသားပဲ"

ဒေါ်သီတာက အစစ်ရှိတာထက် ဒီလိုပဲ အတုတွေလည်း သယ်ဝတ်တတ်တာပဲလေ။ ဒါကြောင့် အတုတွေကိုသာ ယူလာခဲ့ပြီး

"ရော့ . . . မကြီး။ မွေးနေ့ဝတ်သွားပြီးတာနဲ့ ပြန်လာပို့ဦး



www.burmeseclassic.com

နော်၊ ညီမလေးက ကိုယ့်တူမလေး ဝတ်ပါစေတော့လို့ ဒီတစ်ကျပ်သား ကုံးကို ပေးလိုက်တာ"

"တစ်ကျပ်သား"

"ဟုတ်တယ်လေ"

"အမယ်လေး ... နည်းသေးလားဟယ်၊ သေးတာရှိရင် သေးတာလေး ပေးပါလား ညီမရဲ့"

"ကဲပါ ... ယူမှာသာ ယူသွားစမ်းပါ၊ တစ်ကျပ်သားဖြစ်ဖြစ် တစ်ဆယ်သားဖြစ်ဖြစ် မမ သမီး သတိရှိဖို့က အဓိကပဲဥစ္စာ"

"အေး ... အေးပါဟယ်၊ ခုလိုငှားတဲ့အတွက်ပဲ နင့်ကို ငါ အများကြီး ကျေးဇူးတင်ပါတယ်"

"ရပါတယ် ... ညီအစ်မချင်းတွေပဲဥစ္စာ၊ ဒါ ငှားလိုက်လို့ ပွန်းပဲ့သွားတာမှ မဟုတ်တာ"

"ငါ့ကိုထုပ်ဖို့ စက္ကူလေး ရှာပေးပါဦးဟဲ့"

"နေဦး ခဏ"

ဒေါ်သီတာ စက္ကူရှာနေတုန်းမှာ ဒေါ်သူဇာ့ခမျာ ဆွဲကြိုးနဲ့ လက်စွပ်ကို လက်ဖဝါးထဲမှာ ကျစ်ကျစ်ပါအောင် ဆုပ်လို့ ပီတိလည်း ဖြစ် ရင်လည်း လေးမိသလိုပါ။ ကိုယ့်ညီမက ရက်ရက်ရောရောငှား လို့ ဝမ်းသာပီတိဖြစ်မိသလို ထွက်ကျရင်လို့ တွေးပြီး တစ်ဖက်မှာ





င်လေးမိတာပါ။

ဖြူဖြူ့ကို သေသေချာချာ မှာရမှာပေါ့လေ။

ဝတ်ချင်ရင် ထိန်းသိမ်းတတ်ရမှာပေါ့။

"ရော့ ... စက္ကူ၊ သေသေချာချာလည်း လုပ်ဦး၊ ထွက်ကျ နေမယ်"

"အေးပါ"

"ဒါနဲ့ ... အခု နီနီက ဘာလုပ်လဲ"

"ထုံးစံအတိုင်းပဲပေါ့ဟယ်၊ မုန့်ဟင်းခါးဆိုင်လေးပဲ ထွက်နေ တာပေါ့"

"ကောင်းပါတယ်၊ ဖြူဖြူ့ကို တက္ကသိုလ်ကျောင်းသူဆိုပြီး သိပ်လည်း အလိုလိုက်မနေနဲ့နော်၊ တော်ကြာ ... ရင်ဝကို စုန်ကန် ထွက်သွားနေမယ်"

"အေးပါ"

အေးပါဆိုပြီး ဒေါ်သူဇာ ဆွဲကြိုးနှင့်လက်စွပ်ကို စက္ကူနှင့် သေသေချာချာထုပ်ပြီး ရှပ်အင်္ကျီအိတ်ထဲသို့ထည့်ကာ ကြယ်သီးတပ်၍ ပိတ်လိုက်သည်။ ဒါဆို ထွက်မကျနိုင်တော့ဘူးလေ။ သူများပစ္စည်း ငှားရတာ လွယ်တာမှတ်လို့။

"ကဲ ... သီတာ"



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ရင်း ထရပ်လိုက်တော့ ...

"ပြန်တော့မလို့လား"

"အေး ... ငါပြန်တော့မယ်"

"ကောင်းပါပြီ"

ဒေါ်သူဇာ ထွက်သွားလေတော့ ဒေါ်သီတာ လွန့်ခနဲ ပြုံးလိုက်မိသည်။ သြော် ... အစစ်မှန်းမသိ၊ အတုမှန်းမသိ ဝမ်းသာသွားရှာတာ စိတ်မကောင်းပေမယ့် မတတ်နိုင်ဘူးလေ။ ကိုယ်ကမှ အစစ်ကို မငှားနိုင်တာ။

ဆွေမျိုးက ဆွေမျိုး၊ စပါးက ပေါက်ဈေးဆိုတာမျိုး ... ညီအစ်မက ညီအစ်မ ... မယုံတာက မယုံတာပဲလေ။

○○○



## အခန်း (၃)

နှင်းဆီဖြူဖြူ အမေက မှာလွန်းလို့ လည်ပင်းက ဆွဲကြိုးကို ယားလို့ ကုတ်သလိုလိုနှင့် ခဏခဏစမ်းကြည့်နေရ၏။ လိုင်းကားတိုးစီးရတာဆိုတော့ လူက အများကြီးလေ။ အင်္ကျီက ဟိုက်နည်းနည်းကျယ်နေတာ ဒီဆွဲကြိုးလေး လှမြင်အောင်ပေါ့။ မြင်စေချင်တာက မွေးနေ့ပွဲရောက်မှ၊ လောလောဆယ်အဖို့မှာတော့ ဥစ္စာခြောက်နေရတာ ပါပဲ။

နောက်တော့ ...

အချို့လူတွေ သူမကို စိတ်ဝင်တစား မျက်လုံးတွေနဲ့ ကြည့်နေကြတာကြောင့် လည်ပင်းက ဆွဲကြိုးကို စမ်းမကြည့်ဖြစ်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



လူရုပ်ပျက်မှာစိုးလို့လေ။ မွေးနေ့ကိုရောက်တော့မှပဲ စိတ်အေးရသည့် အဖြစ်ပါပဲ။

"ဖြူဖြူလာပြီ"

"ဖြူဖြူ"

"လာ ... ဒီကို"

ဖြူဖြူလာပြီဆိုတာနှင့် သူငယ်ချင်းတွေက လက်ဆွဲခေါ်ကြ လေသည်။ တကယ်တော့ ဘယ်သူတွေ ဘယ်လောက်ပဲ တစ်ကိုယ်လုံး ရတနာတွေနဲ့ စီခြယ်ထားထား တန်ဖိုးမကြီးတဲ့ အဝတ်အစားလေးနဲ့ ဖြူဖြူ့အလှကို မီကြမည်မဟုတ်ပေ။

ဒါကြောင့် ...

ယောက်ျားလေးအချို့၏မျက်လုံးတွေက ဖြူဖြူ့ဆီမှာသာ။

"လှလိုက်တာကွာ ... မျက်တောင်ခတ်ဖို့တောင် နှမြော တယ်"

"အဲဒါဆို ဒေါက်ထောက်ထား"

"ဒေါက်ကျိုးမှ အမေမွေးတုန်းက အကောင်းသား ကြီးလာ ဟောက်ပက်ဖြစ်ဦးမယ်"

"အဲဒါမှ လှတဲ့သူတွေ ချမ်းသာရရမှာကွ၊ မဟုတ်ရင် ဒီကောင်က မျက်စိအရသာခံတဲ့နေရာမှာ သူ့အပြင် နှစ်ယောက်မရှိ





ဘူး ကန်းရင်တော့ ရုပ်ဆိုးမ,သာယူ၊ သူလှတာ,မလှတာ မမြင်ရဘူး သေး ရုပ်ဆိုးမမှ အကန်းကို ယူမှာကွ"

"ဟော့ကောင် ... ပါးစပ်ပုပ်ကြီးနဲ့"

ပထမဆုံး ဖြူဖြူ့ကို ဝမ်းကြောထူလိုက်တဲ့ မင်းလှကို သူငယ်ချင်းတွေဝိုင်းပြီး နှိပ်ကွပ်နေကြတာပါ။ ဒီပွဲက ဘုန်းသစ်စံရဲ့ညီမဝမ်းကွဲ နန္ဒာဝိုင်းရဲ့မွေးနေ့လေ။ ဘုန်းသစ်စံဖိတ်လို့ သူ့သူငယ်ချင်းတွေလည်း လာကြတာပါ။ နန္ဒာဝိုင်းကို နာမည်သာ ကြားဖူးပြီး လူကိုတော့ ခုမှ မြင်ဖူးကြတာပေါ့။

ဘုန်းသစ်စံကို ...

ယောက်ဖလို့ခေါ်ရင် ဆတ်ဆတ်ထိခါ နာတတ်လို့ မကြိုက်မှန်း သိလို့ကိုပဲ သူငယ်ချင်းတွေက စနောက်ပြီး ပိုခေါ်တတ်ကြတော့ အခု မတုန့်လှုပ်တော့ပေ။

"ယောက်ဖ"

"ဟော့ကောင် ဖြူး ... အဲဒါတော့ မင်း နည်းနည်းများလာပြီနော်"

"စိတ်မဆိုးပါနဲ့ ယောက်ဖရာ၊ ငါ့ညီမကို မင်းလိုချင်လည်း ငါ ပေးမှာပါကွ"

"ဒီလောက်ပိန်ကပ်နေတဲ့ မင်းညီမ ရှုနာရှိုက်ကုန်းကို ငါက



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်ဖို့လဲ"

"အေးလေ ... ဘုန်းသစ်မခံနဲ့ ပြန်ပြော၊ သူညီမက ရောဂ်က ထူသေး၊ သူညီမကိုယူရင် မသာကောင် ဝယ်ယူသလိုပဲဖြစ်မှာ အလကားပေးတောင် မယူဘူး"

"ဟော့ကောင်တွေ မင်းတို့ အဲလောက်တော့ မဖွဲ့ကြနဲ့ကွာ ငါ့ညီမက မင်းတို့ပြောသလောက်လည်း မဟုတ်သေးပါဘူးကွ"

"ဟား ... ဟား"

"ငါက အကောင်းပြောမလို့ဟာကို"

"ဘာလဲ"

ဖြိုးမောင်မောင်က ဖြူဖြူတို့အုပ်စုဘက်သို့ လှည့်ကြည့်ကာ

"ဟိုတစ်ယောက် မင်းနဲ့ဆိုရင် လိုက်မှာကွ၊ မင်းညီမကို မိတ်ဆက်ပေးနိုင်းပါလား"

"သွားစမ်းပါကွာ ... ငါက ချောတာ,လှတာ မြင်တိုင်း ရင်ခုန်တတ်တဲ့ကောင်မှ မဟုတ်တာ၊ ရုပ်ချောတိုင်း စိတ်ထားလှကြတာမှ မဟုတ်တာ"

"ကြီးကျယ်ပြန်ပြီ"

"ဟုတ်တယ်လေ၊ ရုပ်ဆိုတာ ရောဂါပျောက်အောင် ကုလို့ရတဲ့ ဆေးဖက်ဝင်ပစ္စည်းမှ မဟုတ်တာ၊ အပိုအလုပ်တွေ မလုပ်နဲ့





...တန်ရင် နှလုံးသားက သူ့အလိုလို တောင်းဆိုလာလိမ့်မယ်"

"တယ်ဆိုတဲ့ စာပါလားကွ"

ဘုန်းသစ်စံ ပခုံးတွန့်ပြလိုက်၏။ တော်ပါပြီ၊ ကြောက်ပါပြီပေါ့။

... ဆယ်တန်းနှစ်က ရည်းစားတစ်ယောက် ထားခဲ့ဖူးသည်လေ။ ...ကောင်မလေးက အရေးပေးလို့ သူငယ်ချင်းတွေကလည်း မြှောက်ပေး ...နှင့် ကြိုက်ခဲ့ကြတာ။ ဆယ်တန်းအောင်ပြီးလို့ နောက်နှစ်မှာတော့ ကောင်မလေးက နောက်တစ်ယောက်အပေါ် စိတ်ပြောင်း ...းတယ်လေ။ နောက်တစ်ယောက်က ကိုယ့်ထက် သူ့အပေါ် ဂရု ...တယ်တဲ့။ အဲဒီကောင်မလေးဆိုရင်လည်း တော်တော်လှတာပဲဥစ္စာ။ ...လှပေမယ့် နှလုံးသားမလှသူတွေရှိနေတော့ ဘာလုပ်ရမှာလဲ။

"ဖြူဖြူ"

"ဟင်"

"နင့်ကို ငါ့အစ်ကိုဝမ်းကွဲနဲ့ မိတ်ဆက်ပေးမယ် သိလား။ ငါ့ ...စ်ကိုက ဆေးကျောင်းတက်နေတာဟဲ့ ... ဆရာဝန်လောင်း"

"ဟုတ်လား"

"ဟုတ်တယ် ... ငါ နင့်ကို ယောင်းမတော်ချင်လို့"

"နန္ဒာနော်"

"လာပါဟဲ့ ... ခဏလေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"မူမနေနဲ့ ဖြူဖြူ ... လိုက်သွားလိုက်၊ သူ့အစ်ကိုက မြ
တော့ တို့ရှုပါနဲ့ မဖြစ်နိုင်လို့ သိလား"

"ဘာလဲ အရပ်မြင့်တာလား"

"လိုက်သွားလိုက်လေ သိရမှာပေါ့"

နန္ဒာရော၊ အခြားသူငယ်ချင်းတွေပါ ဆွဲခေါ်လေသဖြင့် ဖြူ
လိုက်လာခဲ့ရလေတော့သည်။ ဖြူဖြူက တော်ရုံလူကိုတော့ စိတ်ဝင်
မှာမဟုတ်တာ အသေအချာ။

"ကိုကို"

"ဟင်"

နောက်ကနေ ပခုံးကိုပုတ်ခေါ်လိုက်တာကြောင့် ဘုန်းသစ်
လှည့်ကြည့်လိုက်တော့ ...

"ကိုကို့ကို ညီမလေးသူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးမယ်"

"အင်း ... ရပါတယ်"

"သူ့နာမည်က လှိုင်းပြာပြာတဲ့ ကိုကို၊ နန္ဒာတို့ကတော့ လှိုင်း
လို့ပဲ ခေါ်တယ်၊ ဒီဘက်က ယုဇနေ၊ သူကတော့ နှင်းဆီဖြူဖြူတဲ့
ဖြူဖြူလို့ပဲ ခေါ်ကြတယ်"

"ညီမလေးသူငယ်ချင်းတွေဆိုတော့ အားလုံးပဲ တွေ့ရတာ
ဝမ်းသာပါတယ်"





"ဟဲ့ ... နင်တို့လည်း မှတ်ထားကြနော်၊ ဒါ ... ငါ့အစ်ကို
...ကွဲ၊ နာမည်က ဘုန်းသစ်စံတဲ့ ဆေးကျောင်းတက်နေတာ"

"သိပါတယ်ဟယ် ... အဲလောက်ကြွားမနေစမ်းပါနဲ့၊ အဲ
...ဒီနောက်က ဂုဏ်ပုဒ်တွေတောင် တို့က သိသေး၊ မသိတာက
ဖြူဖြူပဲ"

ယုဇနစကားကြောင့် ဘာရယ်မဟုတ် ရယ်မိကြလေသည်။
ဖြူဖြူ ဘုန်းသစ်စံကို ခိုးကြည့်လိုက်မိတော့ သူပြန်ကြည့်တာနှင့် တိုး
...ပြီး ရှက်မျက်နှာလေး ဖြစ်တည်သွားလေသည်။ ဒီလူက ဖြူဖြူ့အကြိုက်
...ဏ်ပုဒ်တွေနဲ့အတူတူ ရုပ်ရည်ကလည်း အပြစ်ပြောစရာမရှိအောင်
...ချောမောသူပါ။ အသားအရေက ဖြူသည်မဟုတ် ဝင်းမွတ်နေသယောင်
...အသားအရေမျိုးပါ။ မထူမပါး နှုတ်ခမ်းက နီထွေးထွေးနှင့် ပိရိသေသပ်
...သွား။ မျက်တောင်တိုစိတ်စိတ်နှင့် မျက်ဝန်းအိမ်ပေါ်မှာ မျက်ခုံးနှစ်ဖက်
...က စိမ်းညို့ညို့။ ပွခြင်း၊ ကောခြင်းမရှိသော နှာတံချွန်ချွန်နှင့် ချောမော
...သောသူက သူ့သူငယ်ချင်းတွေအလယ်မှာ ထင်းနေသည်။

နှုတ်ခမ်းမွှေးရော စိမ်းမြမြနှင့် ...

လက်နှင့် တို့ထိကြည့်ချင်စိတ်ပေါက်ပြီး ဖြူဖြူ့ရင်တွေ ခုန်
လိုက်တာ။

"ဖြူဖြူ"



www.burmeseclassic.com

www.burmeseclassic.com



"..."

"ဖြူဖြူ"

"ဟင်"

"ကိုကိုကလည်း သူ့သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးမ
တဲ့"

"သြော် ... အင်း"

ဖြူဖြူ အယောင်ယောင်အမှားမှားနှင့် ဖြစ်သွားပုံကိုကြည့်ပြီး
သူငယ်ချင်းတွေက ပြုံးစိစိပါ။

"မှတ်ထားကြပါ ... သူက မင်းလူ၊ သူက ကျော်ဖေ
ထွန်း။ ကျော်ကျော်လို့ပဲ ခေါ်တယ်၊ သူကတော့ ဖြိုးမောင်မောင်
အကုန်လုံး ဆေးသမားချည်းပဲ"

"အေးပေါ့ ... အဖြူလေး နည်းနည်းပါးပါးပဲ မှိုဝဲတာ
ဟာ ... ဟော့ကောင် မင်းပြောပုံက ခွီးတဲ့မှ"

"အေးလေ ... တို့ကပဲ ဘိန်းစားတွေကျနေတာပဲ၊ စကား
ရှင်းအောင်မပြောဘူး"

"ငါက ဆရာဝန်လောင်းတွေလို့ ပြောတာလေ"

"အေး ... ဆေးသမားတွေချည်းပဲဆိုတော့ တို့ ဘာကောင်
တွေ ဖြစ်သွားပြီလဲ"





"ကဲပါ ... ဘာဆေးပဲဖြစ်ဖြစ် သူတို့ နားလည်ပါတယ်"

"ကိုကို"

"ဟင်"

"နန္ဒာတို့ သွားဦးမယ်နော်"

"Ok... Ok"

နန္ဒာတို့ ထွက်သွားကြတော့ ကျန်တဲ့ကောင်တွေကသာ
လိုက်ကြည့်ပြီး ဘုန်းသစ်စံက လိုက်မကြည့်ပေ။ ဖြူဖြူ့မျက်လုံးက
အယောင်ဦးမပြတ်စွာ ပြန်လှည့်ကြည့်မိတော့ ...

"ဖြူဖြူ"

"ဟင်"

"ဘာလဲ ... ငါ့အစ်ကိုကို ခိုက်သွားပြီလား"

"အောင်မာ ... ဘာလို့ခိုက်ရမှာလဲ"

"မခိုက်ရင် လှည့်မကြည့်နဲ့လေ၊ ဝန်ခံရင် အောင်သွယ်ပေး
မယ်"

"နန္ဒာ"

ဖြူဖြူ နန္ဒာ့ပခုံးကို ဖွဖွထုတော့ သူငယ်ချင်းတွေ ရယ်ကုန်ကြ
လေသည်။ ပြီးတော့ ပြောကြသေးသည်လေ။

ရှက်မနေပါနဲ့ ဝန်ခံပါတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဖြူဖြူ့အဖြစ်က အဲဒီလောက်တောင် သိသာနေပြီလား၊ အချစ်ဆိုတာ ဘာလဲ။ သူ့ရဲ့ရုပ်ရည်ချောမောမှုနဲ့ သူ့ရဲ့ဂုဏ်ပုဒ်၊ ချမ်းသာမှုတွေကို မက်မောကြလို့ ဖြစ်တည်လာတာလား။ အို ... အနေတွေ့ကြတာဥစ္စာကို တဒင်္ဂပဲဖြစ်မှာပါ။ အချစ်ဆိုတာ ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ။

"နန္ဒာ"

"ဟင်"

"မြန်မြန်သာ အကျိုးတော်ဆောင်ပေးလိုက်တော့ဟေ့၊ မြာ ချွန်ပြီးပြီလား"

"ချွန်မယ် ... စိတ်ချ"

○○○



## အခန်း (၄)

ဖြူဖြူ အိမ်ရောက်တော့ အဝတ်လဲဖို့ အခန်းထဲသို့ ဝင်လာခဲ့သည်။ အဝတ်မလဲခင် မှန်ရှေ့မှာရပ်ပြီး ကိုယ့်ပုံကိုယ်ပြန်ကြည့်လိုက်တော့ မျက်ဝန်းထဲမှာ ဘုန်းသစ်စံရဲ့ပုံရိပ်က ထင်ဟပ်လာလေလျှင် ကျက်သလိုလို ဘာလိုလိုနှင့် မလုံမလဲဖြစ်ရတာ ဘာလဲ။ မျက်လုံးကို မှိတ်ပြီး ခေါင်းကို ခါလိုက်ကာ ...

သွားစမ်းပါ ... ဟု ကိုယ့်အတွေးထဲကနေ မောင်းထုတ်ပြီး ခုင်အစုံကို ဖိလိုက်မိစဉ် သတိရမိသွားတာက ဆွဲကြိုးကိုပါ။

"ဟင်"

ဖြူဖြူ့ရင်ထဲမှာ ဒိန်းခနဲ ဆောင့်ခုန်သွားလေ၏။ သေသေချာ



www.burmeseclassic.com

www.burmeseclassic.com



ချာ စမ်းကြည့်တော့လည်း ဆွဲကြိုးက လည်ပင်းမှာ မရှိတော့ပေ

ဘုရား . . . ဘုရား။

"အမေ"

အခန်းထဲကနေ ပြေးထွက်လာခဲ့တော့ အပြင်ရောက်မှ အ
ပြန်မရောက်သေးတာကို သတိရပြီး နီနီရှိနေတဲ့ မီးဖိုချောင်ထဲသို့
ခဲ့တော့ နီနီက ထမင်းအိုး ငှဲ့နေသည်လေ။

"နီနီ"

"ဟင်"

"နီနီ"

"နီနီ ထမင်းအိုးငှဲ့နေတယ် မမ"

"ငါသိပါတယ် . . . ပြောစရာရှိလို့"

"ပြောလေ"

"ငါ့ . . . ငါ့ဆွဲကြိုး မရှိတော့ဘူး နီနီ၊ ငါ့မှာ ဆွဲကြိုးမရှိတေ
ဘူး"

"ဟင်"

"အမေ့"

ဖြူဖြူ ငိုမဲ့မဲ့ပုံစံနှင့် ပြောလိုက်တာကြောင့် နီနီ ထမင်းအ
လွှတ်ကျမလို ဖြစ်သွားတာနှင့် မနည်းထိန်းလိုက်ရ၏။ ဆွဲကြိုးမရှိတေ





ဆိုတာနှင့် ရင်ထဲမှာ ဆောင့်ခုန်သွားပြီး ထမင်းအိုးရေစစ်ပြီး
ခုံပေါ်သို့ အလျင်အမြန် ပြန်တင်လိုက်ပြီးနောက် . . .

"ဘယ်လိုဖြစ်တာလဲ မမရယ်"

"မသိဘူး . . . ငါလည်း ရှိတယ်ပဲထင်တာ၊ အခုမှ စမ်းကြည့်
လိုက်တော့ မရှိတော့ဘူး"

"ဒုက္ခပါပဲ"

"ကားပေါ်မှာတော့ လူတွေက ကျပ်နေတာ၊ အဲဒီမှာ ခါးပိုက်
နှိုက်နဲ့ တွေ့တာပဲဖြစ်မယ်၊ ဒုက္ခပါပဲဟယ် သေသာ သေလိုက်ချင်တော့
တာပဲ"

"ဒါဆို ဘယ်လိုလုပ်ကြမလဲ"

"ငါလည်း မပြောတတ်တော့ဘူး။ ငိုချင်တာပဲ သိတယ် . . .
အီး . . . ဟီး . . . ဟီး"

"မမ"

နီနီ ချုံးပွဲချ ငိုကြွေးနေတဲ့ မမကို ဘယ်လိုစကားမျိုး ပြောရ
မှန်းမှန်းပင် မသိတော့ပေ။ ကိုယ်ပိုင်ပစ္စည်းပျောက်သွားတာဆိုရင် ဘာအ
ကြောင်းလဲ။ အခုတော့ သူများပစ္စည်း ငှားဝတ်တာလေ။ စားစရာမရှိ
လျော်စရာရှိရတော့မယ့်ကိန်း ဆိုက်ပြီ။ ဘယ်လိုလုပ်ရမလဲ။

ဆွဲကြိုးက တစ်ကျပ်သားတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ခြောက်သိန်းကျော်ဖိုးကြီး။ ခြောက်သိန်းမပြောနဲ့ ကိုယ်တွေ့မှာက ခြောက်သောင်းတောင် ပြည့်အောင် လက်ထဲကိုင်ဖူးတာ မဟုတ်ဘူးလေ။

"ငါ သေချင်တယ် ... သေတာပဲ ကောင်းပါတယ်"

"ဟာ ... မမကလည်း ဘာလို့သေရမှာလဲ၊ ပျောက်သွားပြီဆိုမှတော့ ဘာတတ်နိုင်မှာလဲ"

"ဒေါ်လေးတို့က အလျော်တောင်းမှာပေါ့ဟဲ့၊ တို့မှာ အဲလောက်အထိ လျော်စရာမှမရှိတာ"

"အဲဒါ မမ အစကတည်းက စဉ်းစားတတ်ရင် အဲလိုမဖြစ်ဘူး"

"အဲဒါကြောင့် ငါမှားလို့ ငါသေချင်တယ်လို့ပြောတာပေါ့ ... ဟီး"

နီနီ စိုးရိမ်စိတ်နဲ့ တွေခနဲဖြစ်သွားလေ၏။ သူလုချင်လို့ သူ ငှားခိုင်းတာ။ အခု သူ ဂရုမစိုက်လို့ပဲ ပျောက်တယ်ဆိုတော့ စိတ်ညစ်ပြီး မမ သူ့ကိုယ်သူ သေကြောင်းကြံရင်ဒုက္ခ။ ငွေဆိုတာ လူရှာရင် ရတယ်လေ။ ရခဲလှတဲ့ လူ့အသက်တစ်ချောင်းတော့ အဆုံးရှုံးမခံနိုင်ပါဘူး။ ဒါကြောင့် ...

"မမ"





"အိ ... အိ ... ဟီး"

"စိတ်ညစ်တယ်ဆိုပြီး စိတ်ထင်ရာတော့ လျှောက်မလုပ်ပါနဲ့ မရယ်နော်၊ ဘာလုပ်သင့်တယ်ဆိုတာကို အမေပြန်လာမှ တိုင်ပင်ကြည့်ကြတာပေါ့"

"အမေက ငါ့ကို ဆူမှာပေါ့ဟဲ့"

"ဆူတော့လည်း ဖြစ်လာမှတော့ အဆူခံလိုက်ပေါ့ မမရဲ့၊ ကိုယ့်သားသမီးတော့ ကိုယ် ဘယ်သူမှ သတ်မပစ်ဘူး။ ဒီလောက်နဲ့တော့ ကိုယ့်ကိုယ်ကိုယ် ဒုက္ခပေးစရာလည်း မလိုဘူး။ နီနီတို့မှာ ဒီအိမ်လေးနဲ့ခြံ ရှိနေသားပဲ၊ ပြီးတော့ မဖြစ်သာရင် အခြားအလုပ်တစ်ခုခု ထွက်လုပ်သင့်လည်း လုပ်ရမှာပေါ့"

နီနီက အားပေးစကားပြောတော့ ဖြူဖြူ ပိုပြီးဝမ်းနည်းသွားရလေသည်။ သူမ မှားတာပါ။ ကိုယ့်မှာ ကိုယ်ပိုင်ပစ္စည်းမရှိဘဲ ကြွားချင်စိတ်နဲ့ သူများပစ္စည်း ငှားမိလို့ ခုလိုဖြစ်တာ။

"နီနီရေ"

"ဟော ... အမေပြန်လာပြီ"

"နီနီ"

"ရှိတယ် အမေ ... သမီး ဒီမှာ"

ဒေါ်သူဇာ အိမ်ပေါ်ကိုတက်လာရင်းပဲ ...



www.burmeseclassic.com

www.burmeseclassic.com



"ဖြူဖြူ ပြန်ရောက်ပြီလား"

"ဟုတ် . . . ရောက်ပြီ အမေ"

"အေး . . . အေး"

အမေက ကုလားထိုင်ပေါ်မှာပဲ ဝင်ထိုင်ပြီး အမောဖြေနေ တော့ နီနီ ရေတစ်ခွက် ခပ်တိုက်လိုက်သည်။ ဒါ နီနီ လုပ်နေကျ အလုပ်လေ။ အမေက ပြောဖူးပါတယ်။ သူ ဘယ်လောက်ပဲ တစ်နေ ကုန် အလုပ်လုပ်ရလို့ ပင်ပန်းပါစေ အိမ်ပြန်လာလို့ နီနီ ခပ်ပေးတဲ့ ရေတစ်ခွက် သောက်လိုက်ရရုံနဲ့ အမောပြေပါတယ်တဲ့။ အမေ အမော ပြေပါစေတော့ဟု ဆွဲကြိုးကိစ္စကို မပြောသေးပေ။ ထိုစဉ် . . .

"အမေ"

". . ."

"အမေ့ . . . ဟီး"

ဖြူဖြူက မိခင်ရှေ့ရောက်လာပြီး ငိုလေတော့ . . .

"ဟဲ့ . . . ဖြူဖြူ ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့လဲ"

"အမေ"

"ပြောလေ . . . ဘာဖြစ်လို့ ငိုတာလဲ"

မမက မပြောဘဲ ငိုသာငိုနေလေတော့ နီနီ မပြောချင်စွာနဲ့ပဲ မပြောမဖြစ်မို့ . . .





"မမ ဆွဲကြိုးပျောက်လို့ အမေ"

"ဘာ"

ဒေါ်သူဇာကိုယ်ကြီး တောင့်ခနဲဖြစ်သွားပြီး . . .

"ဆွဲကြိုးပျောက်လို့ ဟုတ်လား"

"ဟုတ်တယ် အမေ"

"ဘုရား . . . ဘုရား"

ရင်ဘတ်ကို လက်နှင့်ဖိလိုက်ပြီး ဒေါ်သူဇာ့တစ်ကိုယ်လုံး ထူပူ ထိုင်းကာ ရင်ခုန်သံတွေ မြန်လာသည်။

"ငါ . . . ငါ အတန်တန်မှာလိုက်ရဲ့သားနဲ့ ဖြူဖြူရယ်"

"သမီးလည်း သတိထားတာပဲ အမေရဲ့၊ သတိတစ်ချက် လစ်သွားတာနဲ့ ခုလိုဖြစ်တာ"

"ဖြူဖြူရယ် . . . နင် . . . နင်"

"အမေ"

ဒေါ်သူဇာ သမီးကြီးကို လက်ညှိုးတထိုးထိုးနှင့် ရှေ့သို့ စကား ဆက်နိုင်ဘဲ နောက်သို့ လန်ကျသွားလေလျှင် . . .

"အမေ"

"အမေ"

○○○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

မပြေးသော်ကန်ရာရှိဆိုသလို ဖြစ်လာမှတော့ ဘာတတ်နိုင်တော့မှာလဲ။ ဒေါ်သူဇာ ညီမဖြစ်သူအိမ်သို့ မျက်ရည်စက်လက်နဲ့ ရောက်လာခဲ့ရပြီ။

"မမကို အစကတည်းက သီတာ ပြောသားပဲ၊ ဆွဲကြိုးက တစ်ကျပ်သားကိုကျော်တောင် ကျော်သေးတယ်၊ အဲဒါကြောင့် သေသေချာချာဂရုစိုက်ပါလို့ မမှာခဲ့တာလည်း မဟုတ်ဘူး။ အခု ဘယ်လို လုပ်ကြမလဲ၊ ကိုသိရင် သီတာကို သတ်မှာမမရဲ့"

"မသတ်ရပါဘူး ညီမရယ်၊ ကျရာအဖိုးကို မမလျော်ပါ့မယ် ဒါပေမဲ့ . . . မမကို အချိန်လေးတော့ ပေးပါနော်"





"ဘယ်လောက်စောင့်ရမှာလဲ"

"အဲဒါတော့"

အချိန် ဘယ်လိုကန့်သတ်ပေးရမှန်းမသိပေ။ ကိုယ်တွေက ဒီငွေလောကကြီးကို လပိုင်းအတွင်း ရအောင်ရှာနိုင်မှမဟုတ်တာ။ သက်လုပ်လက်စားဘဝမှာ ကိုယ်စားဖို့နဲ့ ဖြူဖြူကျောင်းစရိတ်အတွက် တောင် ရှာရတာ အနိုင်နိုင်ဆိုတော့ . . .

ဘယ်လိုပြောရပါ့မလဲ။

"ဒီလိုလုပ်"

"ဟင်"

"အဲဒီဆွဲကြိုးတန်ဖိုးကို သီတာ ခြောက်သိန်းပဲ ဖြတ်မယ်၊ ညီအစ်မချင်းဆိုတော့ ညှာတာရမှာပေါ့၊ တစ်လကို ငါးသောင်းပုံမှန် သွင်းပေး ဘယ်လိုလဲ"

တစ်လငါးသောင်းဆိုတော့ ဒေါ်သူဇာ့ရင်ထဲက အလုံးကြီးကို ဘစ်ခြမ်းဖွဲ့ပြီး ဖြတ်ချလိုက်သလိုပါ။ တော်သေးတယ်လို့ပဲ ပြောရမလား။ ဘစ်လငါးသောင်းဆိုတော့ တာဝန်က သိပ်မကြီးလှဘူးပေါ့။ ဖြစ်အောင်တော့ ရှာရမှာပေါ့လေ။ မဖြစ်သာလို့ တောင်းပန်မရရင်တော့ ကိုယ်က ကြိုတွေးထားတာ။

အိမ်နဲ့ခြံကို သူတို့ဆီမှာပဲ ပြန်ပေါင်မယ်လို့ပေါ့။ ခုလိုကျတော့



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုသဘောကောင်းပေးတဲ့ ညီမဖြစ်သူကို ကျေးဇူးတင်လိုက်တာ။

"ကျေးဇူးတင်လိုက်တာ ညီမရယ်၊ နင်ပြောတဲ့ တစ်လင်း သောင်းကို မမ ပုံမှန်သွင်းပေးပါ့မယ်၊ စိတ်သာချ၊ မမ မရ,ရအောင် ရှာပြီး ဆပ်ပါ့မယ်"

"မမ တကယ်ပြောတာနော်"

"တကယ်ပါ"

"ဒါဆို လကုန်တိုင်း သွင်းလေ"

"အေး . . . အေးပါ"

"ဒီကိစ္စ သီတာ့ယောကျ်ား သိလို့မဖြစ်ဘူးနော် မမ၊ သီတာ သူမေးရင် ရှိတယ်လို့ပဲ ဖြေရမှာ၊ တော်သေးတာပေါ့ သီတာက အတွင်း လူဖြစ်နေလို့"

"စိတ်ချ သီတာ၊ နင့်ယောကျ်ားသိဖို့မပြောနဲ့ ငါကလည်း ငါ့ရပ်ကွက်ထဲကလူတွေ သိမှာတောင် စိုးနေတာပါဟယ်"

ဒေါ်သီတာ ကျိတ်ပြုံးမိလိုက်၏။ တစ်လငါးသောင်း အလ ကားလိုလိုရမှာ နည်းသလား။ ကိုယ့်ခွဲကြီးက အတုကြီးလေ။ အတုမှန်း အစစ်မှန်းတောင် မသိတာခံပေါ့။

"ကောင်းပြီလေ၊ ဒါဆို မမ လကုန်တိုင်း တစ်လငါးသောင်း လာပေးပေါ့"





"အေးပါ"

"မမက ပြောလိုက်ရင် အေးပါချည်းပဲ"

"သြော် . . . ငါက အဲ့လိုမပြောလို့ ဘယ်လိုပြောရမှာလဲ၊ ်ချပါဟယ်၊ လကုန်တိုင်း ငါ မဖြစ်,ဖြစ်တဲ့နည်းနဲ့ ရှာပြီး လာပို့ပါ့ ယ်"

"ကတိနော်"

"အေးပါ . . . နင့်ကို ကျေးဇူးတင်ပါတယ်၊ ငါ ပြန်တော့မယ်၊ လေးတွေ စိတ်ပူနေမှာစိုးလို့၊ အခုလို အဆင်ပြေမှန်းသိရင် သူတို့ ်းသာမှာဟဲ့"

"ပြန်မယ်ဆို ပြန်ပါ၊ မမသာ ကတိမပျက်စေနဲ့"

ဒေါ်သူဇာ ခေါင်းညိတ်ပြီး ထွက်သွားလေတော့ ဒေါ်သီတာ့ အကျေနပ်ကြီး ကျေနပ်နေသည်။ ဒီကိစ္စ သူမယောကျ်ား မသိပါ နဲ့ဆိုကတည်းက မမခမျာ ကျေးဇူးတွေ တင်သွားပြီလေ။ ဒီကိစ္စ ယောကျ်ားကို ပြောပြချင်လွန်းလို့ အပေါ်ထပ်သို့ တက်လာခဲ့ပြီး . . .

"ကို"

". . ."

"ကို"

"ဘာလဲကွ . . . လာနေလို့ရောက်မယ့်ဆဲဆဲကို"



www.burmeseclassic.com

www.burmeseclassic.com



"ပြောချင်လွန်းလို့ ကိုရေ ... ပြောချင်လွန်းလို့ စားရက်... မှတ်ဆိတ်ပျားစွဲတယ်ဆိုတာ ဒါမျိုးပဲ"

"ဘာလဲကွ"

"ဟိုနေ့က ဆွဲကြိုးနဲ့ လက်စွပ်ကိစ္စပေါ့ ကိုရဲ့"

"ပြောပါဦး"

ဒေါ်သီတာ ယောကျ်ားကို ပြောပြနေတာ အားရှိပါး... ကိုယ်ရမယ်ဆိုရင် ဘယ်သူ့မျက်နှာကိုမှမထောက် လူသေကောင်ပါး... ထဲက ကူးတို့ခတောင် နှိုက်ယူမယ်ဆိုတာ ဒါမျိုးပေါ့။ ညီအစ်မချင်း... တောင် မတရားလုပ်တဲ့အဖြစ်ကို ဒေါ်သူဇာကတော့ မသိရှာပေ...

"ငါ့မိန်းမ တော်လှချေလားကွ၊ ဒါမျိုးတော့ တတ်တယ်"

"အဟွန်း"

ခင်ပွန်းက တော်တယ်ပြောတော့ ဒေါ်သီတာ့နှုတ်ခမ်း... ပျားရည်မြစ်တို့ စီးဆင်းလျက် သူတစ်ပါးဒုက္ခကို ချနင်းပြီး အပျော်... ပျော်နေလို့ပါ။

○○○



## အခန်း (၆)

"မမှုံ"

"ဟင်"

"ခဏနေပါဦး ... ပြောစရာရှိလို့"

ဒေါ်ဝတ်မှုံ ခေါ်သံကြားလို့ နောက်ပြန်လှည့်ကြည့်တော့ ...မင်းချက် ဒေါ်စန်းမြင့်က ခပ်သုတ်သုတ် လိုက်လာလေလျှင် ...

"ဘာပြောမလို့လဲ မစန်း"

ဒေါ်စန်းမြင့် ပြောကာနီး သက်ပြင်းချလိုက်မိ၏။ ဒေါ်ဝတ်မှုံ ...ာ စိတ်ရှည်လက်ရှည်နှင့် ရပ်စောင့်ပေးနေတာကို အားတော့နာပါရဲ့ ...ပြောလို့ကလည်း မဖြစ်ဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် . . .

"မိထောက ရွာပြန်တော့မယ်တဲ့ မမှူ"

"ဟင်"

"သူ့အဖေ နေမကောင်းလို့ ဖုန်းဆက်တယ်လို့တော့ ပြော တာပဲ၊ ပြန်လာဦးမှာလားဆိုတော့ ပြန်မလာတော့ဘူးတဲ့၊ မစန်းထင် တာတော့ ဒီကောင်မလေး ဒီမှာနေရတာ မပျော်ဘူးထင်တယ်၊ သူ့ အဖေ နေမကောင်းလို့ ပြန်ချင်တယ်ဆိုလည်း နေကောင်းရင် ပြန် လာလို့ရတာပဲဥစ္စာ"

လက်ကိုင်အိတ်ကို လက်မှာကိုင်ထားရာကနေ ဒေါ်ဝတ် တံတောင်ကွေးမှာ ချိတ်လိုက်ပြီး . . .

"ခက်တာပဲ မစန်းရယ်၊ အဲဒီအိမ်အကူ တစ်ယောက်ပြီးတစ် ယောက် ပြောင်းရတာကို ကြာတော့ ကျွန်မ ရှက်လာပြီ၊ မသိရင် ကျွန်မတို့က ဆိုးလို့ ထင်ကြဦးမယ်၊ ကျွန်မတို့က ဘယ်လောက် ပျော်အောင်ထားထား ကိုခန့်ကို သည်းမခံနိုင်ကြဘူး ဖြစ်နေတယ် ဟိုက သူ့ကိုယ်သူ စိတ်တိုင်းမကျတော့ နည်းနည်းပါးပါး ဆူတာ ငေါက်တာတော့ ရှိမှာပေါ့"

"အေးလေ . . . မစန်းကတော့ ဒီအိမ်အကြောင်း သိနေပါ ပြီ၊ မစန်း ပင်ပန်းမှာစိုးလို့ မမှူတို့က အိမ်အကူခေါ်ပေးမယ့် ရောက်လာ





သူ တစ်ယောက်မှ စိတ်ရှည်သည်းခံမှု မရှိကြဘူး၊ ထစ်ခနဲဆို ရွာ ပြန်ဖို့ချည်းပဲ ပြောနေကြတာ၊ အခု မိထောကလည်း ရွာပြန်ဖို့ မမှူကို ပြောရဲလို့တဲ့၊ အဲဒါ မစန်းကို တဂျီဂျီနဲ့ ပြောခိုင်းနေလို့ လာပြောတာ"

မပျော်လို့ မနေချင်တဲ့လူကို ဒေါ်ဝတ်မှူ တားမနေချင်ပါဘူး။ တားလို့ မဖြစ်မနေ နေရရင် ကိုယ်လည်း စိတ်ဆင်းရဲ၊ သူတို့လည်း စိတ်ဆင်းရဲရတာပဲလေ။ သူမယောက်ျား ကိုမင်းခန့်က ကားအက်ဆီး ဒင့်ဖြစ်ပြီး အောက်ပိုင်းသေသွားတာ။ အခုတော့ ခြေတစ်လှမ်းစ၊ နှစ်လှမ်းစတော့ ပြန်လျှောက်နိုင်နေပါပြီ။ ဘေးလူအကူအညီပါရင်ပေါ့ လေ။

ဆရာဝန်တွေကတော့ အစကတည်းက ပြောပါတယ်။ ပြန် ကောင်းလာမှာပါတဲ့။ ဒါ တွဲလျှောက်ပေးရတာကိုပဲ စိတ်မရှည်၊ သည်း မခံနိုင် ဖြစ်နေကြတာလား။ ဒါလည်း သားက ဝင်တွဲလျှောက်ပေးတဲ့ အခါက များတာကို။ ပြောရမယ်ဆို ဆူတာ၊ ငေါက်တာလေးတော့ ရှိတာပေါ့။ ကိုယ်က လစာကို တန်အောင်ပေးသည့်အပြင် မုန့်ဖိုးဆို လည်း ပေးတာပဲလေ။ ဒါကိုမှ မနေချင်ဘူးဆိုတော့ သွားပေါ့။

"သူပြန်ချင်တယ်ဆိုရင်လည်း ပြန်ပါစေ မစန်း။ နောက်တစ် ယောက် ထပ်ရှာရုံပဲ ရှိတော့တာပေါ့၊ အဲဒါ မစန်းပဲ တာဝန်ယူပြီး ရှာပေးပါနော်၊ ဒီတစ်ခါ တောကတက်လာတဲ့ လူတွေကို မခေါ်ပါနဲ့



www.burmeseclassic.com

www.burmeseclassic.com



တော့၊ သူတို့က အကြောင်းအမျိုးမျိုးပြပြီး ငြင်းတတ်ကြတာ၊ ရန်ကု
ထဲက လူပဲ ရှာကြည့်လေနော်၊ အပြောင်းအလဲ လုပ်ကြည့်ပေါ့"

"ဟုတ်ကဲ့ မမှူး"

"အရင်လူတွေတုန်းက လစာ ငါးသောင်းပေးတာ၊ ဒီတစ်
နိုင်လုံတဲ့သူကိုရှာ၊ ခြောက်သောင်းပေးမယ်၊ မုန့်ဖိုးကတော့ အခြေအ
ကြည့်ပေးရမှာပဲ၊ ပေးသင့်မှလည်း ပေးမယ်၊ သူတို့ရဲ့ သည်းခံစိ
ရှည်မှုအပေါ်မှာပဲ မူတည်ရတော့မှာပေါ့၊ မဟုတ်ရင် သိပ်လူပါးဝ
တာပဲ"

ဒေါ်ဝတ်မှုံ စိတ်မရှည်စွာ ပြောလိုက်မိ၏။ အရင်က ဒီလို
ရင့်သီးသီး သိပ်ပြောခဲ့တာ မရှိပေ။ အခုက စိတ်မရှည်တော့လို့လေ
ကိုယ်ကောင်းသလောက်မှ ကိုယ့်အပေါ် ပြန်ပြီး မကောင်းနိုင်ကြတာ

"ဒါဆိုလည်း မစန်းပဲ ကြည့်စီစဉ်လိုက်တော့မယ် မမှူး"

"ကောင်းပြီ ... ကျွန်မ သွားတော့မယ်"

"ဟုတ်ကဲ့"

သွားကာနီး ဒေါ်ဝတ်မှုံ မျက်မှန်တပ်လိုက်၏။ အသက်ငါး
ဆယ်ကျော်ဆိုပေမယ့် ဒေါ်ဝတ်မှုံက အခုချိန်ထိ ချောမောခန့်ညား
နေဆဲပါ။ ခန္ဓာကိုယ်ကောက်ကြောင်းက တောင့်တောင့်ဖြောင့်ဖြော
နှင့် အရပ်က မြင့်မြင့်ပါ။ ခုနောက်ပိုင်း ဝတော့ ဝလာပြီး ... အမြဲတမ်





လတ်သွက်လက်နေသူ။

"ဩော် ... မစန်း"

"ရှင်"

"ဒီမှာ အဲဒီကောင်မလေး ခုလလုပ်တဲ့လစာအတွက် မပေး
သေးဘူး။ ယူထားလိုက်ဦး"

လက်ကိုင်အိတ်ကိုဖွင့်ပြီး ပိုက်ဆံထုတ်ပေးပြီးနောက် ကား
ဆောင်း၍ ထွက်သွားလေတော့သည်။ ဒေါ်ဝတ်မှုံက ရွှေဆိုင်ဖွင့်ထား
တာလေ။ ယောက်ျားက စီးပွားမရှာနိုင်တော့ဘူးဆိုတော့ ရှာနိုင်တဲ့သူပဲ
ရှာရတော့တာပေါ့။

○○○



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

"ဟူး"

နီနီ စိတ်ပျက်လက်ပျက်နှင့် လေကိုမှုတ်ထုတ်ပြီး ခေါင်းလည်း ခါလိုက်မိသည်။ သူမ အလုပ်လိုက်ရှာနေတာလေ။ အလုပ်က အထည်ဆိုင် ဝင်ရောင်းဖို့တောင် ဆယ်တန်းအောင်မှ။ ကိုယ်က ဆယ်တန်းမှ မအောင်တဲ့ဥစ္စာ။ သူမ အလုပ်တစ်ခုရမှဖြစ်မှာပါ။ ရတဲ့အလုပ်ကလည်း စရိတ်ငြိမ်း ငါးသောင်းလောက်ရမှဖြစ်မှာလေ။ အဆင်ပြေနိုင်မယ့် အလုပ်ကျတော့ တစ်လသုံးသောင်း၊ သုံးသောင်းခွဲရယ်။

ဩော် ... ဒုက္ခ။

စားစရာမရှိ၊ လျော်စရာရှိရမယ်ဆိုသလိုပါပဲ။ ဒေါ်လေးကို





စ်လငါးသောင်း ပုံမှန်သွင်းပေးရမှာဆိုတော့ ဒီငွေငါးသောင်းက တွေ့ တစ်လုံးတည်း တစ်ခဲတည်း ရနေမှဖြစ်မှာ။ ကိုယ့်မုန့်ဟင်းခါး ဆိုင်လေးကို အားကိုးနေလို့မှ မရဘဲလေ။ အမေ အဝတ်လျှော်လို့ရမှာ သေးနဲ့ စားတာတော့ မြိုးမြိုမျှေတာပြီး စားကြရမှာပေါ့။

"ညီမလေး"

"..."

"ညီမလေး"

"အင် ... ရှင်"

"ညီမလေးကို အစ်မကြည့်နေတာ ကြာပြီ၊ စိတ်မောလူမော နဲ့ ဘာဖြစ်နေတာလဲ၊ အစ်မ ဘာကူညီပေးရမလဲ၊ ညီမလေး အပန်း ကြီးရင် ပြောပြလေ၊ အစ်မက လူတိုင်းကိုတော့ မကူညီတတ်ပါဘူး။ ညီမလေးကိုကြည့်ရတာ စိတ်ပျက်လက်ပျက်ပုံပေါက်နေလို့ပါ၊ မိန်းက လေးတစ်ယောက်တည်း ခုလိုလျှောက်သွားနေတာ အန္တရာယ်များ တယ် ညီမရဲ့"

"ဟင် ... အစ်မက ကျွန်မလျှောက်သွားနေတာကို ဘယ်လို လုပ်ပြီး သိတာလဲ"

"သိတာမဟုတ်ပါဘူး ... ခန့်မှန်းကြည့်တာပါ"

နီနီ ထိုအမျိုးသမီးမျက်နှာကိုကြည့်လိုက်တော့ အပြုံးချိုချို



www.burmeseclassic.com

www.burmeseclassic.com



နှင့် ခေါင်းညိတ်ပြတာ ဘာအတွက်တော့မသိပေ။ ပုံစံကတော့ ရင်းနီးဖော်ရွေလို့ တကယ်ကူညီချင်တဲ့ပုံစံမျိုးပါပဲ။ အသက်ကတော့ သုံးဆယ်ကျော်လောက်ပါပဲ။ အဝါရောင်နှင့်အပြာရောင် မတ်တတ်စင်း အင်္ကျီက ရင်ဖုံးဆန်ဆန်လေးနှင့်ပါ။

ရင်ထဲမှာ ပေါ့သွားအောင် ...

ပြောပြလိုက်ရကောင်းမလား။ ရင်ထဲမှာ အလုပ်တစ်ခု မ သရွေ့ကတော့ လေးနေတာပဲလေ။ မိန်းမချင်းပဲလေ ဘာမှတော မဖြစ်နိုင်လောက်ပါဘူး။ ပြီးတော့ သူက ကိုယ့်ကို စိုးရိမ်သလို မေး တာပဲဥစ္စာ။

"ညီမလေးမှာ အခက်အခဲတစ်ခုခု ရှိနေလား"

"ဟုတ်တယ် အစ်မ၊ နီနီ အလုပ်တစ်ခုရမှဖြစ်မယ်၊ အဲဒ ကြောင့် အလုပ်လိုက်ရှာနေတာ"

"နာမည်က နီနီတဲ့လား"

"နှင်းဆီနီနီပါ အစ်မ"

"ဩော် ... နာမည်လေးက ချစ်စရာလေးပဲ၊ လူကလည်း ချစ်စရာကောင်းတယ်၊ တစ်ယောက်တည်း အလုပ်လျှောက်ရှာနေတာ အန္တရာယ်များပါတယ် ညီမရယ်၊ ညီမလေးက လှလှပပလေး တကယ် အလုပ်တစ်ခုရမှ ဖြစ်မယ်ဆိုလည်း မမ ကူညီပါ့မယ်"





"အစ်မ တကယ်ပြောတာလားဟင်"

"တကယ်ပေါ့ ညီမရဲ့၊ အစ်မမိတ်ဆွေတစ်ယောက်က အစ်မ ကို အလုပ်သမား ရှာခိုင်းနေတာ ကြာပြီ၊ ညီမလေး လုပ်နိုင်ပါ့မလား သိဘူး"

"ဘာအလုပ်လဲဟင်"

"အလုပ်ကတော့ အိမ်ဖော်လုပ်ရမှာ ညီမလေးရဲ့ လစာက တော့ ဟိုရောက်မှ မေးကြည့်ရမှာ၊ ငါးသောင်းလောက်တော့ ပေးမယ် ထင်တယ်"

"အိမ်ဖော်ဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ် ငါးသောင်းရရင် နီနီလုပ်မယ် အစ်မ၊ နီနီ အရမ်းငွေလိုနေလို့ပါ မမရယ်၊ ကူညီပါနော်"

"ကောင်းပြီလေ ... ဒါဆို အစ်မနဲ့လိုက်ခဲ့ ဟုတ်ပြီလား"

နီနီ့မျက်လုံးလေးတွေ တောက်ပလာပြီး လျှင်မြန်စွာပဲ ခေါင်းညိတ်လိုက်မိသည်။ အစ်မကြီးခေါ်တဲ့နောက်ကို လိုက်လာတော့ လိုင်းကားတိုးစီးရမယ်မှတ်တာ အစ်မကြီးက Taxi ငှားလေလျှင် ကားပေါ် ရောက်မှပဲ ...

"ဒါနဲ့ အစ်မနာမည်က ဘယ်လိုခေါ်လဲဟင်"

"အစ်မနာမည်လား"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အစ်မနာမည်က ညွှန့်ညွှန့်ရှိလို့ခေါ်တယ် ညီမရဲ့"

"ဩော်"

"အစ်မက ကျောင်းဆရာမလေ၊ ဒီနေ့ ကျောင်းပိတ်လို့ ဈေး ဝယ်ထွက်လာရင်း ညီမလေးနဲ့ တွေ့တာ၊ ညီမလေး အထည်ဆိုင်မှာ အလုပ်ဝင်ပြီးစုံစမ်းတာလား။ ညီမလေး အဲဒီဆိုင်ထဲက ထွက်လာ ကတည်းက အစ်မမြင်တာလေ၊ တကယ့်ကို စိတ်ပျက်လက်ပျက်ပုံ ဖြစ်နေတာမြင်လို့ အစ်မလည်း သနားသလိုလိုရှိတာနဲ့ လာမေးမိတာ"

"ဩော် ... ဟုတ်လား"

ကားပေါ်မှာ နီနီက ကိုယ့်အခက်အခဲကို ပြောပြ ညွှန့်ညွှန့် ကလည်း စကားတွေ ဖောင်ဖွဲ့ရင်းဖြင့် ကားက လမ်းကျဉ်းလေးတစ် ထဲ ဝင်သွားလေလျှင် နီနီ မျက်မှောင်လေး ကြုတ်သွားမိ၏။ အိမ်ဖေ လုပ်ရမယ်ဆိုတော့ နီနီထင်တာက ထည်ထည်ဝါဝါခန့်ခန့်ညားညား တိုက်ကြီးတစ်ခုဆီကို ခေါ်သွားမလား။

ဒါမှမဟုတ် ...

တိုက်ကြီးမဖြစ်ရင်တောင် တိုက်ပုလေးတစ်လုံးလို့တော့ ထင်ထားတာလေ။ အေးလေ ... ဒီလိုလမ်းကျဉ်းလေးထဲမှာလည်း တိုက်တွေရှိတော့ ရှိနေတာပဲဥစ္စာ၊ မရောက်သေးဘဲနဲ့တော့ ကြိုတွေး နေတာ ကိုယ်လွန်တာပေါ့။





"အစ်မ ... ရှေ့က အိမ်လား"

"ဟုတ်တယ် မောင်လေး ... ရှေ့က အိမ်ရှေ့မှာ ရပ်လိုက်"

ကားရပ်သွားတော့ ညွှန့်ညွှန့်ရှိနဲ့နီနီ ဆင်းလိုက်ကြပြီး ညွှန့်ညွှန့်ရှိကပဲ ကားခရှင်းပေးပြီးနောက် ...

"လာ ... ညီမလေး"

ညွှန့်ညွှန့်ရှိ လက်ဆွဲခေါ်လာတဲ့အိမ်ကို ဝင်ခဲ့ကြတော့ အိမ်က ခံသားအိမ်မှာ ပျဉ်ထောင်အိမ်တစ်လုံးပေါ့။ အပြင်ကနေကြည့်တော့ သလိုလို ထင်ရပေမယ့် အထဲဝင်လာတော့မှ အိမ်က အကျယ်သား တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်နေသဖြင့် နီနီ ကျောချမ်းသလိုလို ာလိုလို။

ဘာဖြစ်တာလဲ။

ကိုယ့်ကို ကူညီမယ့်သူကို ယုန်ထင်ကြောင်ထင် မထင်ကောင်း ဘူး။ စိတ်ထဲမှာတော့ တစ်မျိုးကြီး ဖြစ်သွားတာ အမှန်ပါ။

"ကိုဇော်ရှိန် ... ကိုဇော်ရှိန်"

"ဟော ... ညွှန့်ညွှန့်ပါလား။ လာ ... လာထိုင်"

"လာ ... ညီမလေး"

နီနီကိုပါ ထိုင်ခိုင်းလို့ ထိုင်လိုက်ကြတော့ ...

"ဆိုပါဦး လာရင်းကိစ္စ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုဇော်ရှိန်မှာထားတဲ့ပစ္စည်း ရလာလို့ လာပြတာ၊ သဘော ကျတယ်ဆိုရင် ဈေးကတော့ မြင့်မှာနော်၊ တစ်ခါမှ မသုံးရသေး အရိုင်းလေး"

"အပွန်း ... ကိုယ်ကလည်း အရိုင်းတွေကို ပိုကြိုက်တာ တောင်းကြည့်လေ"

ဘာတွေလဲ။ ဘာတွေပြောနေကြတာလဲ။ မညွန့်ညွန့်မ ကိုယ့်ကို အိမ်ဖော်လုပ်ရမယ်ဆိုပြီး ခေါ်လာတာ။ အခုကျတော့ ပစ္စည်း ပြမလို့တဲ့။ ပစ္စည်းဆိုတာ ကိုယ့်ကိုပြောတာလား။ ဒီအိမ်မှာ အခြား တွေ အရိပ်အယောင်လည်း မတွေ့ရပေ။ ဒီလူကြီး တစ်ယောက်တည်း နေတာလား။ ဒါဆိုရင်တော့ ဒီလိုအိမ်မျိုးမှာ နီနီ အလုပ်မလုပ်ချင်ပေ

"ချစ်စရာလေးပဲကွ၊ ကိုယ်က ဒါမျိုးလေး လိုချင်နေတာ ကြာပြီ၊ ကဲ ... ပြော ဘယ်လောက်ပေးရမလဲ"

"ဟင်"

"ကိုဇော်ရှိန် တစ်ခါပဲ သုံးမှာလား"

"သူ သဘောတူရင်တော့ လစာနဲ့ထားရင်လည်း ထားပေ သူက ချစ်စရာကောင်းပြီး ငယ်လည်း ငယ်တော့ တော်တော်နဲ့ ငြီး မှာ မဟုတ်ပါဘူး"

ဘုရား ... ဘုရား။ သူတို့ပြောတဲ့စကားတွေက ဘာတွေလဲ





ကားတွေက မှုမမှန်တော့တာကြောင့် နီနီ ရင်တွေခုန်ကာ ကြောက် ဝင်လာသည်။ ခေတ်လူငယ်ပဲလေ ဖြစ်နိုင်ချေရှိတာတွေကို လျှောက် တွေးကြည့်တာပေါ့။ လူကုန်ကူးတာတို့၊ ရောင်းစားတာတို့ ...

မဖြစ်သေးပါဘူး ...

စဉ်းစားနေရင်းပဲ အန္တရာယ်က ပို၍ ကိုယ်နှင့် နီးကပ်လာ သလိုလိုပါ။ ဟိုလူကြီး နီနီကိုကြည့်တဲ့ အကြည့်တွေက တစ်မျိုးကြီးပါ ။ ဒီဒီယိုတွေထဲက မင်းသမီးကို မဟုတ်မဟတ် ကြံစည်တော့မယ့် လူကြမ်းရဲ့အကြည့်မျိုးပေါ့။ နီနီ ဘာလုပ်ရမလဲ။ ထွက်ပြေးရကောင်း လေသလား။

ဟုတ်တယ်။

နီနီ ထွက်ပြေးမှ ဖြစ်မှာပါ။ သူတို့ကို ပြန်ခွင့်တောင်းနေရင် ပြန်လွှတ်ချင်မှ လွှတ်တော့မှာ။ ပိုက်ဆံအတွက်နဲ့တော့ ကိုယ့်ဘဝ အပျက်ခံပြီး ရေစုန်မမျှောနိုင်ပါဘူး။ လူတစ်ယောက်ရဲ့ဘဝမှာ တန်ဖိုး အကြီးဆုံးက အရှက်နဲ့ဂုဏ်သိက္ခာပဲဥစ္စာ။ နီနီ အသက်ကို ဝအောင် ရှူပြီး ဘာမပြော၊ ညာမပြောနှင့် ထပြေးလေလျှင် ...

"ဟဲ့ ... ဟဲ့"

"ဟာ ... ပြေးပြီ"

"လိုက် ... လိုက်လေ"



www.burmeseclassic.com

www.burmeseclassic.com



ဖော်ရိုန်နဲ့ညွှန့်ညွှန့်ရဲ့ နီနီ့နောက်ကို ပြေးလိုက်ကြတော့ နီ
လွတ်ရေးသာ တွေးပြီး ပြေးနေတာ အားသွန်ခွန်စိုက်ပါ။ ပတ်ဝန်းကျင်
က လူတွေကလည်း ဘာမှန်းမသိတော့ ကိုယ်နဲ့မဆိုင်သလိုပဲ နေကြ
လေလျှင် …

"ဟိတ် … မပြေးနဲ့"

"မလွတ်စေနဲ့ … မိအောင်လိုက်"

"ဘာဖြစ်တာလဲဟ"

လမ်းမှာ တွေ့တဲ့လူတွေက မေးလေလျှင် …

"ကျွန်မသမီးပါ … စိတ်ဝေဒနာသည်လေ။ ကျွန်မကိုတောင်
ကြောက်တယ်ဆိုပြီး ထွက်ပြေးတာ"

"ဟော့ကောင်မလေး … မပြေးနဲ့"

"နီနီ"

"…"

"နီနီ … သမီး"

"…"

"နေဦးလေ"

နီနီ သူတို့လက်မှ လွတ်ရေးအတွက် ပြေးနေရတာ ဘယ်
လမ်းတွေ ရောက်လို့ရောက်မှန်းမသိပါ။ လောလောဆယ် ကိုယ့်ဘ





…ညွှန့်မကျိုးဖို့အတွက် ပြေးနိုင်သမျှ ပြေးမှ။ သူမ လမ်းကျယ်ကို
…ကာလို့ လမ်းကို ဖြတ်အကူးတွင် …

"ဟာ"

"ဟင်"

အရှိန်နဲ့မောင်းလာတဲ့ ကားတစ်စီးကို ဘယ်လိုမှ ရှောင်ချိန်
…တော့ဘဲ မျက်စိကို စုံမှိတ်ချလိုက်ကာ …

"အား"

○○○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

မိုးချုပ်သည်အထိ နီနီ အိမ်ကိုပြန်မရောက်တော့ ဒေါ်သူ…
ခမျာ ဖင်မထိုင်နိုင်ရှာဘဲ အိမ်ပေါ်တက်လိုက်၊ အောက်ဆင်းလိုက်…
ပါ။ မအေမသိအောင် ထွက်သွားတာ။ မနေ့ကတော့ အလုပ်တစ်…
ထွက်ရှာမှဖြစ်မယ်လို့ ပြောသား။ ဒါ ••• အလုပ်ထွက်ရှာတာပဲဖြစ်…

"အမေ"

"•••"

"ဟဲ့ ••• ဘာလဲ"

"အမေ့သမီး အခုထိ ပြန်မလာသေးဘူးလား"

"ပြန်မလာသေးလို့ နင်မတွေ့ရတာပေါ့၊ ငါ့မှာတော့ ဖင်မ…





…ဘူး။ နင်ကတော့ ရေခဲတုံး ဖင်ခုထိုင်နေနိုင်တယ်၊ ကိုယ့်ညီမ ပြန် …လာသေးဘူးရယ်လို့ ပူပန်စိုးရိမ်ရကောင်းမှန်းမသိဘူး။ နင် တော် …တော်နေစိမ့်နိုင်တာပဲ၊ အခု နီနီသွားတာ နင့်ကိစ္စ ဖြေရှင်းပေးဖို့အတွက် …အလုပ်ထွက်ရှာတာပဲနေမှာ၊ တစ်ခုခုများဖြစ်နေပြီလား မသိပါဘူး"

ပြောနေရင်း ဒေါ်သူဇာ ငိုသံပါလာပြီး မျက်ရည်တွေလည်း …လာသည်။ မအေဒုက္ခကို မမြင်ရက်လို့ မျှဝေခံစားပေးနေတဲ့သူက …ပါ။ ဒီကလေးက အမေ့အပေါ်မှာ သိတတ်လွန်းလို့ကိုပဲ ဒေါ်သူဇာ …နားနေရတာလေ။ ဖြူဖြူကတော့ သူ့ကြောင့် ဆွဲကြိုးပျောက်ပါလား …လည်း ပူပန်သောကရောက်ရကောင်းမှန်း မသိဘူး ထင်ပါရဲ့။ အကြီး …ပြီး မသိတတ်ဘူးလို့လည်း မပြောချင်ပေ။ ပြောရင် စိတ်ကောက် …မှာလေ။

ကိုယ်မွေးထားတဲ့ သမီးတွေချည်းပဲမို့ ဘယ်သူက ဘယ်လို …တာလည်း မဝေဖန်ချင်ပါဘူး။

"အမေကလေ ••• သမီးကိုဆိုရင် အပြစ်ပဲ မြင်နေတာပဲ၊ …မေ့သမီးက ဘယ်သွားမှန်းမှ မသိတာ၊ သမီးက ဘယ်ကိုသွားပြီး …ယ်မှာလိုက်ရှာရမှာလဲ"

"ငါကလည်း နင့်ကို လိုက်ရှာဖို့ ပြောနေတာ မဟုတ်ဘူးလေ၊ …တ်မပူတတ်တာကို ပြောပြတာ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို ဘယ်သူက သွားခိုင်းလို့လဲ"

"ဟဲ့ . . . ဖြူဖြူ"

ဒေါ်သူဇာ့ရင်ထဲမှာ နင့်ခနဲ ဖြစ်သွားရလေသည်။ မသွားခိုင်းပေမယ့် သွားတဲ့သူက အလကား ပျင်းလို့ လမ်းလျှောက်ထွက်တာမဟုတ်ဘဲ။ ဖြူဖြူက အကြီးဖြစ်ပြီး အငယ်ဖြစ်တဲ့ နီနီ့အပေါ် မကြင်နာသလို ငဲ့ညှာတာဆိုလို့ တစ်ခါမျှမရှိပေ။ နီနီကသာ အငယ်ဖြစ်ပြီး ဖြူဖြူနဲ့ပတ်သက်ရင် အနစ်နာခံတတ်တာ။

ဖြူဖြူမသိတတ်တာတွေ ပြောရရင် . . .

ပက်လက်လှန်ပြီး တံတွေးထွေးသလိုပဲ ဖြစ်ဦးမှာ။

"ပြောရက်လိုက်တာ ဖြူဖြူရယ်၊ နီနီက တမင်သက်သက် ခြေထောက်ဖွေပေါက်နေလို့ လျှောက်သွားနေတာ မဟုတ်ဘူးဟဲ့ ဆွဲကြိုးပျောက်တဲ့ကိစ္စအတွက် တစ်လငါးသောင်း ပုံမှန်ပေးနိုင်ဖို့အတွက် အလုပ်ထွက်ရှာနေတာ၊ နင်ကတော့ ကြွေးထူလည်း မပူဘူး သန်းယားလည်း မကုတ်ဘူးဆိုတာမျိုးပဲ၊ ဘာမှကို တွေးမပူတာ"

"ပူပန်သောကရောက်နေတော့ရော ပိုက်ဆံက ခြေထောက်ပေါက်ပြီး ရောက်လာမှာလား အမေရဲ့"

"အေး . . . ပိုက်ဆံက ခြေထောက်ပေါက်ပြီး အိမ်ပေါ်တက်မလာလို့ဘဲ ပိုက်ဆံရအောင် ရှာဖို့ သွားနေရတာလေ"





"အမေက သမီးကို အပြစ်မြင်နေတာလား၊ နင့်ကြောင့်ဆိုပြီးတော့လေ၊ ရပါတယ် . . . အဲဒီ တစ်လငါးသောင်းအတွက် အမေကို မရှာပါနဲ့၊ သမီးဘာသာ ရအောင်ရှာမယ်၊ ကျောင်းမတက်တော့ဘူး အလုပ်ပဲ ထွက်လုပ်တော့မယ်"

"ဘာ"

ကိုယ် ဘာပြောချင်တယ်ဆိုတာကို နားမလည်ဘဲ စကားကိုအသာအနကောက်တဲ့ ဖြူဖြူကို ဒေါသဖြစ်ချင်ပေမယ့် တစ်ဖက်မှာလည်း သမီးငယ် ပြန်မရောက်လို့ စိုးရိမ်ပူပန်သောကတွေနှင့် မျက်ရည်ကကျလာပြန်သည်။

"ငါက နင့်ကို အပြစ်မြင်နေတာ မဟုတ်ပါဘူး ဖြူဖြူရယ်၊ နီနီ့အတွက် စိုးရိမ်ပူပန်စိတ်လေး ထားပေးဖို့ဘဲ ပြောတာပါ၊ ငါ့သမီးလေး အခုထိ ပြန်မလာသေးဘူး။ ဘာများဖြစ်နေပါလိမ့်"

ဖြူဖြူက ဘာမှပြန်မပြောတော့လေလျှင် . . .

"မဖြစ်သေးပါဘူး . . . လိုက်ရှာဦးမှပါ"

ပြောရင်းမှ ဒေါ်သူဇာ အိမ်ပေါ်မှ ဆင်းလာခဲ့တော့သည်။ ဘယ်မှာ လိုက်ရှာရမှန်းမသိပေမယ့် ရှာတော့ ရှာကြည့်ရမှာပဲလေ။ တွေ့လိုတွေ့ငြားပေါ့။ သမီးလေး ဘာမှမဖြစ်ပါစေနဲ့၊ အန္တရာယ်တစ်ခုခုနဲ့ ကြုံခဲ့ရင်လည်း ကယ်တင်ကူညီစောင့်ရှောက်မယ့်သူနဲ့ တွေ့ပါစေ။

www.burmeseclassic.com



မိသားစုတာဝန်ကို နိုင်သလောက် ဝန်ထမ်းနေတဲ့ ကလေး အန္တရာယ်ကင်းလို့ ဘေးရှင်းပါစေ။

သမီးအတွက် ဆုတောင်းရင်း . . .

မျက်ရည်တွေ အဆက်မပြတ်ကျလို့ . . . ဘာတွေနာကျင်မှန်း မသိ။ ဘယ်သူ့ကို ပြေးပြီး တိုင်တန်းရမှန်း မသိပါလေ။

ဝဝဝ



## အခန်း (၉)

"ဒုက္ခပါပဲဟယ် . . . ဘယ်ကမှန်းမသိ ဘယ်ကိုပြန်ပို့ရမှန်း သိနဲ့ သူ့အိမ်က စိတ်ပူနေရှာရော့မယ်၊ အချိန်ကလည်း မရှိတော့ ဘူး မြန်မြန်သတိရပါတော့"

ဒေါ်ဝတ်မှုံ လက်အုပ်ချီလိုက်၊ ဗျစ်တောက်ဗျစ်တောက်နှင့် ပြောလိုက် ဆုတောင်းလိုက်နှင့်ပါ။ ကောင်မလေးက ဘယ်လိုအခြေ အနေ ဘယ်လိုဖြစ်လာမှန်းမသိ။ သားရဲ့ကားနဲ့ တိုက်မိမလိုဖြစ်တာ ဘူး မတိုက်မိပေမယ့် ရှော့ခ်ဖြစ်ပြီး သတိလစ်သွားတာဆိုတော့ ကိုယ့် တာဝန် မကင်းဘူးဆိုပြီး သားက ခေါ်လာတာတဲ့လေ။

"မေမေကလည်း သူ သတိရလာရင် ဘယ်အချိန်ပဲဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပို့ပေးရမှာပေါ့၊ တကယ်လို့ သူက ကလိမ်ကကျစ်လုပ်ပြီး တိုက်မ
တယ်ဆိုရင် လျော်လိုက်ရုံပဲပေါ့၊ သူ့ကို သားကားနဲ့ လုံးဝမတိုက်မိဘူ

"မေမေက အဲဒါကို စိုးရိမ်တာမဟုတ်ဘူး သားရဲ့၊ သူ့
က စိတ်ပူနေမှာစိုးလို့ပါ၊ မိဘချင်း ကိုယ်ချင်းစာတာပါ သားရေ
ယောကျ်ားလေးဆိုရင် တော်သေးရဲ့၊ အခုက မိန်းကလေးဖြစ်နေ
လေ"

"အခု လောလောဆယ်အဖို့တော့ ဘယ်လိုလုပ်မလဲ မေ
ရဲ့၊ သူ သတိရမှ ပြန်ပို့လို့ရမှာ၊ မကြာခင် သူ သတိရလာတော့မှာ"

"အား"

"ဟင်"

ပြောနေရင်း ကောင်မလေးရဲ့ညည်းတွားသံကြောင့် သာ
အမိနစ်ယောက် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

နီနီ သတိရလာတော့ . . .

သူမ ဘယ်ရောက်နေပါလိမ့်။ သူမကို ကြည့်နေကြတာ သူ
မသိတဲ့သူတွေ။ သူတို့ ဘယ်သူတွေလဲ။ နီနီ ဘယ်ကိုရောက်နေတာလဲ

"သတိရပြီလား ကလေးမ"

"ရှင်"

"ဘာရှင်လဲ . . . မင်းကို သတိရပြီလားလို့ မေးနေတာ"





"နီနီ . . . နီနီ ဘယ်ကိုရောက်နေတာလဲဟင်"

"ငါ့အိမ်ကို ရောက်နေတာ၊ မင်းကို ငါ့ကားနဲ့ တိုက်မိမလို
ဖြစ်တာ၊ မတိုက်မိဘူးနော်၊ မင်းဘာသာ ရှော့ခ်ဖြစ်ပြီး သတိလစ်သွား
တာ၊ ကဲ . . . ပြော မင်း ဘာဖြစ်ချင်လဲ ဘယ်ကိုပြန်ပို့ပေးရမလဲ"

"ရှင်"

"ကျွတ်"

"သားကလည်း ဘာလို့ဒေါသဖြစ်နေတာလဲ၊ မင်းမမေးနဲ့၊
အမေ မေးမယ်" -

ဘုန်းသစ်စံ တကယ်ပဲ ဒေါသက ထွက်ချင်ချင်ပါ။ တော်တော်
ကွာပေးတဲ့ ကောင်မလေး။ ဒီကောင်မလေး ဘယ်မကြည့်၊ ညာမ
ကြည့်နဲ့ ပြေးလာလို့ ခုလိုဖြစ်တာ။

"အမေ . . . အမေ နီနီ့ကို စိတ်ပူနေရော့မယ်၊ ဘယ်အချိန်
ရှိပြီလဲဟင်"

"ညရှစ်နာရီကျော်ပြီ ကလေးမရဲ့"

"ရှင်"

နီနီ ကိုယ်လေးတောင့်မတ်သွားလေ၏။ ညရှစ်နာရီကျော်ပြီ
ဆိုတော့ အမေ နီနီ့ကို လိုက်ရှာနေမလား။ ဟုတ်တယ်။ လိုက်ရှာနေ
မှာ သေချာပါတယ်။ အတွေးနဲ့ မျက်ရည်တွေ ကျလာစဉ် . . .



www.burmeseclassic.com

www.burmeseclassic.com



"အို . . . မငိုနဲ့လေ ကလေးရဲ့ အန်တီတို့ မင်းကို အိမ်တိုင်ရာရောက် ပြန်ပို့ပေးမှာပါ"

"ပြောလိုက်ရင် မင်းတို့မိန်းကလေးတွေ ငိုဖို့ပဲ၊ ပြောစမ်းပါဦး . . . ငါ့ကားနဲ့ တိုက်မိမလိုမဖြစ်ခင် မင်း ဘာဖြစ်လို့ သဲကြီးမဲကြီး ပြေးလာတာလဲ"

"နီနီ . . . နီနီ ဒုက္ခရောက်လာတာပါရှင်"

"ဟင်"

"ဟယ်"

သားအမိနှစ်ယောက် အကြည့်ချင်းဆုံသွားကြလေ၏။ ဒုက္ခရောက်လာတယ်ဆိုတော့ ဘယ်လိုဒုက္ခရောက်လာတာလဲဆိုတာက လူတွေရဲ့သဘာဝအတိုင်း စိတ်ဝင်စား စပ်စုချင်သွားကြတာလေ။

"ဒုက္ခရောက်လာတာဆိုတော့ ဘယ်လိုဒုက္ခရောက်လာတာလဲ၊ အန်တီ့ကို ပြောပြနိုင်မလားဟင်"

"ဟုတ် . . . နီနီ ပြောပြနိုင်ပါတယ်"

"မင်းနာမည်က နီနီလား"

"နှင်းဆီနီနီပါ"

ဘုန်းသစ်စံ နာမည်ကြောင့်ပဲ ပခုံးတွန့်မိလေ၏။ နှင်းဆီနီနီတဲ့။





နှင်းဆီကိုတောင် အရောင်ခွဲပြီး မှည့်ပေးတဲ့ ဒီနာမည်ကို အမှတ်တယ် တစ်ခုခု သက်ရောက်စေသလားပေါ့။

"ဆက်ပြောပါဦး သမီးရဲ့ ဘယ်လိုဒုက္ခရောက်တာလဲ"

"နီနီက အလုပ်တစ်ခုခုရမှဖြစ်မှာမို့ အလုပ်တစ်ခု လိုက်ရှာနေတာပါ အန်တီ၊ ရိုးရိုးသားသားနဲ့ဆိုရင် ဘာအလုပ်ပဲဖြစ်ဖြစ်ပါ၊ မောင်များကို တစ်လငါးသောင်း လက်ကုန်တိုင်း အကြွေးပေးရမှာလေ၊ အမေ့ကို သနားလို့ နီနီ အလုပ်လိုက်ရှာနေတာပါ အန်တီ"

"တစ်လ ငါးသောင်း"

"ဟုတ်ကဲ့ . . . တစ်နှစ်တိတိ ဆပ်သွားရမှာ"

"ဟို . . . အန်တီ့ကို စပ်စုတယ်လို့တော့ မထင်ပါနဲ့နော်၊ အကြွေးက အရစ်ကျဆပ်ရမှာလား"

"ဟုတ်ပါတယ်၊ အဲဒီကြွေးဆပ်ရမယ့်အကြောင်းရင်းအစက ဒီလိုပါ အန်တီ"

မပြောချင်ပေမယ့် နီနီ ခံစားနေရတာမို့ ရင်ထဲပေါ့သွားမလား ဆို့ မမ မွေးနေ့ပွဲသွားစရာရှိလို့ အဒေါ်အိမ်မှာ ဆွဲကြိုးငှားမိတာကစလို့ ကားတိုက်မလိုဖြစ်တဲ့အထိ အားလုံးပြောပြလိုက်၏။ ကိုယ့်မှာမရှိလို့ ဆင်းရဲတဲ့အကြောင်း ပြောရတာ ရှက်စရာမှမဟုတ်တာလေ။

"အမယ်လေး . . . ကံသီလို့ပါလား သမီးရယ်၊ သမီးဘာ



www.burmeseclassic.com

www.burmeseclassic.com



လူကင်းမပါးရင် အခုလောက်ဆို သမီးဘဝက မတွေ့ရဲစေ လားကွယ်''

ဒေါ်ဝတ်မှုံ ကလေးမလေးကို ကရုဏာသက်စွာနှင့် လက်ဖ လေးကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်မိသည်။ ကြည့်စမ်းပါဦး ... အသက် လေးငယ်ငယ်နဲ့ ကိုယ့်အရှက်နဲ့သိက္ခာကို တန်ဖိုးထားတတ်တာ။ အ ဆို ငွေကြောင့် ဘဝကို ရင်းခဲ့ကြသူတွေရှိပေမယ့် အဲဒါက ပျော့ညံ့ တာပါ။ သူကတော့ နာမည်အတိုင်း နှင်းဆီလို သူ့အရှက်နဲ့ဂုဏ်သိ အတွက် ရိုးသားမှုမာနဆိုတဲ့ ဆူးတွေနဲ့ကာရံထားခဲ့တာ လေးစားစ လေ။

"ဟုတ်တယ် အန်တီ၊ နီနီလည်း သူတို့လက်ကလွတ် ပြီးရော ဆိုပြီး ပြေးမိပြေးရာ ပြေးခဲ့တာပါ''

"အော် ... ဖြစ်မှဖြစ်ရလေ''

ဒီကောင်မလေးနာမည်က နှင်းဆီနီနီတဲ့။ နှင်းဆီဖြူဖြူဆို နာမည်ကိုတော့ သူ ကြားဖူးသလိုပါပဲ။ ဘယ်မှာကြားဖူးပါလိမ့်။ အ ... သတိရပြီ။ နန္ဒာပိုင်းမွေးနေ့မှာ တွေ့ခဲ့တာပဲလေ။ နာမည်ခ ဆင်တာများလား။

ဒါမှမဟုတ် ...

"ဒါနဲ့ မင်းအစ်မနာမည်က ဘယ်သူလဲ၊ နှင်းဆီဖြူဖြူလား''





"ရှင်''

"ရှင်မနေနဲ့ မင်းမသေဘူး။ ငါမေးတာကိုပဲ ဖြေ''

"ဟုတ် ... ဟုတ်ပါတယ်''

"သားကလည်းကွယ် ... စကားပြောတာ ဘယ်လိုပြောနေ တာလဲ''

ဒေါ်ဝတ်မှုံက နီနီ့ကို အားလည်းနာ၊ သနားလည်း သနား တာ ...

"သမီးက အိမ်ဖော်တောင်လုပ်ဖို့ ဆုံးဖြတ်ထားတယ်ဆိုတော့ အန်တီတို့နဲ့များ အဆင်ပြေမလားပဲ၊ အန်တီ့ယောက်ျားက အက်ဆီးဒင့် ဖြစ်လို့ အောက်ပိုင်းသေသွားတာဆိုပါတော့ကွယ်၊ အခု လမ်းပြန် လျှောက်နိုင်အောင် ကြိုးစားနေတာ တစ်လှမ်းစ၊ နှစ်လှမ်းစတော့ လှမ်းနိုင်နေပါပြီ၊ အဲဒါ သူ့ကိုပြုစုဖို့နဲ့ ဇာပဲရိုင်းကူဖို့ အန်တီတို့လည်း ရှာနေတာ၊ သမီးလုပ်နိုင်ပါ့မလား''

"ရှင်''

"ကိုခန့်က သူ့ကိုယ်သူ အားမလို အားမရဖြစ်ပြီး ဒေါသနဲ့ ဘာ ဝေါက်တာတွေ ရှိတယ်၊ အဲဒါကို စိတ်မရှည်လို့ အလုပ်သမား မမြဲဘူးဖြစ်နေတာ''

"ဟုတ်လား ... ဒါဆို အဲဒီအလုပ်ကို သမီးလုပ်ပါ့ရစေ



www.burmeseclassic.com

www.burmeseclassic.com



အန်တီရယ်နော်၊ ဘာပဲဖြစ်ဖြစ် နီနီ သည်းခံပါ့မယ်၊ အော်ရဲ ငေါက်ရဲ
တင်မကလို့ ရိုက်ချင်လည်း ရိုက်ပါစေ၊ နီနီ ကောင်းရောင်းကောင်း
အလုပ်လုပ်ပြီး ကြွေးဆပ်ချင်လို့ပါ"

ဘုန်းသစ်စံ နှုတ်ခမ်းမဲ့မိမလိုဖြစ်သွား၏။ သူကသာ ကြွေး
အလုပ်လုပ်ဖို့ပြောပြီး နွမ်းပါးနေတာ။ သူ့အစ်မကတော့ မင်းသမီး
ရှုံးလို့ပါပဲ။ အငယ်က အကြီးကို ပြန်ငဲ့နေရတာလား။ လူတွေ
မရှိတာထက် မသိတာက ပိုခက်တယ်တဲ့။

"ကောင်းပြီလေ ... ဒါဆို အန်တီတို့ရော၊ သမီး
အဆင်ပြေတာပေါ့၊ သမီးအမေကရော ခွင့်ပြုပါ့မလား"

"ကမ္ဘာမီးလောင်လို့ သားကောင်ချနှင်းရတာမျိုးမှ မဟုတ်
အန်တီရယ်၊ အမေ့ကို ခွင့်ပြုအောင် ပြောရမှာပေါ့"

"ကဲ ... မယ်မင်းကြီးမ"

"ရှင်"

"ခင်ဗျား အိမ်မပြန်တော့ဘူးလား။ စောစောကတော့ အ
စိတ်ပူမှာစိုးလို့ဆိုပြီး မျက်ရည်ခံထိုးပြီးတော့"

"ပြန်မှာလေ"

"ပြန်မယ်ဆို ထ၊ အချိန်မရှိတော့ဘူး"

"မေမေပါလိုက်မယ် သား"





"ဟာ ... မေမေက ဘာလိုက်လုပ်မှာလဲ၊ ညကြီးမင်းကြီး
...

"သားက ယောကျ်ားလေးလေ၊ သားနဲ့သူ နှစ်ယောက်တည်း
သွားလို့ တစ်မျိုးထင်ကုန်ကြရင် ဘယ်လိုလုပ်မလဲ၊ ရှင်းပြလည်း ယုံ
ခဲတော်တာပေါ့၊ ကဲပါ ... မေမေပါ လိုက်မယ်"

"မေမေ့သဘောပဲ"

ဘုန်းသစ်စံ ကားသော့သွားယူနေတုန်းမှာ နီနီက အိပ်ရာ
ခန်းက်မှ လျှော့ချဆင်းပြီး ဒေါ်ဝတ်မှုံနှင့်အတူ ထွက်လာခဲ့တော့သည်။
ထိုအကြာတော့ ဘုန်းသစ်စံလည်း ရောက်လာပြီး ...

"ဘာလုပ်နေတာလဲ ... ကားပေါ်တက်လေ"

နီနီ ပေကပ်ကပ်နှင့် ရပ်နေဆဲပါ။ ဒေါ်ဝတ်မှုံက ရှေ့ခန်းကို
ဖွင့်က်ပြီး တံခါးပိတ်လိုက်ပြီလေ။ နီနီက နောက်ခန်းမှာ ထိုင်ရမှာပေါ့။

"ဟော့ ... ပြောနေတာ ကြားလား"

"ဟိုလေ"

"ဘာလဲ"

"ကျွန်မ ... ကျွန်မ ကားတံခါးမဖွင့်တတ်ဘူးရှင့်"

"ဟင်"

နီနီ့စကားကြောင့် ဘုန်းသစ်စံ မျက်ခုံးနှစ်ဖက် မြင့်တက်သွား



www.burmeseclassic.com

www.burmeseclassic.com



လေ၏။ ကားတံခါးတောင် မဖွင့်တတ်ဘူးဆိုပါလား။ အေးလေ … မစီးဘူးရင် မဖွင့်တတ်တာ မဆန်းပါဘူး။ ဒါကြောင့် သူပဲ ကားတံခါးကို ဆွဲဖွင့်ပေးလိုက်ပြီး …

"ကဲ … ကြွပါခင်ဗျာ"

"လူကို မငေါ့ပါနဲ့"

"အမယ်"

"မဖွင့်တတ်လို့ မဖွင့်တတ်ဘူး ပြောတာကို"

နီနီ မျက်စောင်းထိုးပြီး ကားပေါ်သို့ တက်လိုက်၏။ မိန်းချင်းသာ ဒူးထောက်ပြီး အောက်ကျို့ခံမယ်။ ယောကျ်ားတွေဆိုရင် နီနီက မျက်နှာချိုသွေးပြီး လေသံအေးနဲ့ သိပ်ပြောချင်တာ မဟုတ်ဘူးလေ။

ပြီးတော့ …

သူက ကိုယ့်အလုပ်ရှင်မှ မဖြစ်သေးတဲ့ဥစ္စာ။ ကူညီတယ်ဆိုတာလည်း သူ့တာဝန် မကင်းလို့ပဲလေ။

○○○



## အခန်း (၁၀)

ဒေါ်သူဇာ သမီးငယ်ကို ရှာပေမယ့် မတွေ့ရသဖြင့် အိမ်ကိုများ ပြန်ရောက်နေပြီလားလို့ အိမ်ကို ပြန်လာတော့လည်း မရောက်သေးပေ။ ထို့ကြောင့် မျက်ရည်ပူတွေ အဆက်မပြတ်ကျဆင်းလို့ အိမ်ဧည့်ခန်းဝမှာ ထိုင်ရင်း မျှော်နေတုန်းပါ။

ဖြူဖြူလည်း …

အမေဒီနေတော့ စိတ်မကောင်းဖြစ်ရသည်သာပေါ့။ အစကတော့ အချိန်တန်ရင် နီနီ အိမ်ပြန်လာမှာပဲလို့ တွေးပြီး ပူပန်ရကောင်းမှန်း မသိဘူးလေ … အခုမှ …

"အမေ"



www.burmeseclassic.com

www.burmeseclassic.com



"..."

"သမီးတို့ ဘယ်လိုလုပ်ကြမလဲဟင်"

"ခုမှတော့ ဘယ်လိုလုပ်ရမှာလဲ၊ မနက်ကျမှပဲ ရပ်ကွက်ထဲက လူတွေကို အကူအညီတောင်းပြီး စုံစမ်းရတော့မှာပေါ့၊ ဘုရားသိကြား လို့ သမီးလေး ဘေးမသီ ရန်မခနဲ့ အိမ်ကိုပြန်ရောက်လာပါစေ"

"သူတစ်ခုခုများ ဖြစ်နေသလား အမေရယ်၊ ဟိုလေ ... ကားတိုက်ခံရတာတို့, ဘာတို့"

"ဟဲ့ ... မပြောကောင်း, မဆိုကောင်း၊ ဖွဟဲ့ ... လွဲပါစေ ပယ်ပါစေ၊ မဖြစ်ပါဘူး ... ငါ့သမီးလေး ဘာမှမဖြစ်ဘူး၊ အိမ် ပြန်လာမှာပါ"

သူတို့ပြောနေကြတုန်းမှာပဲ အိမ်ရှေ့မှာ ကားတစ်စီးထိုးဆိုက် သွားတာကိုမြင်လေလျှင် သားအမိနှစ်ယောက် လည်ပင်းရှည်ပြီး ကြည့်မိကြ၏။ ကားတံခါးတွေ ပွင့်ပြီးနောက်မှာတော့ ...

"အမေ"

"ဟင်"

"အမေ့"

"သမီး"

"နီနီ"





အမေက ရှေ့မှ အရင်ပြေးသွားပြီး ဖြူဖြူက နောက်မှပေါ့ သေး၊ နီနီ အမေ့ကိုပြေးဖက်ပြီး ငိုမိတော့၏။ ကံကောင်းလို့သာ ကိုယ့် ဘဝ မပျက်ခဲ့ရတာ မဟုတ်လား။

"သမီးလေး ... အမေ့သမီးလေး ပြန်လာပြီ၊ တော်ပါသေး ရဲ့ အမေ စိတ်ပူလို့ သေတော့မယ် သမီးရယ်"

"အမေ့ကို မပြောမဆိုဘဲနဲ့ ထွက်သွားမိတာ သမီးအပြစ်ပါ အမေရယ်၊ သမီးကို ဆူချင်ဆူ၊ ရိုက်ချင်ရိုက်ပါ"

"အို ... မဟုတ်တာကွယ်"

အမေနဲ့နီနီ ဖက်ငိုနေတာကိုကြည့်ရင်းကနေ ဖြူဖြူ့အကြည့်က ရပ်နေတဲ့သူတွေဆီကို ရောက်သွားလေလျှင် ...

"ဟင်"

တစ်ယောက်က ခန့်ခန့်ချောချောနှင့် အမျိုးသမီးတစ်ယောက် ဖြစ်ပြီး တစ်ယောက်ကတော့ တစ်ခါမြင်ဖူးရုံနှင့် သူမ လွယ်လွယ်မမေ့ နိုင်ခဲ့သော ဘုန်းသစ်စံ။ ထပ်တွေ့ခွင့်ကြုံပါရစေလို့ ဆုတောင်းခဲ့တာ။ အခု ဖြူဖြူ့ဆုတောင်း ပြည့်ပြီပေါ့။ သူက ဖြူဖြူ့အိမ်အထိ ဆိုက်ဆိုက် မြိုက်မြိုက် ရောက်လာတာ ရေးဘဝက ရေစက်ကြောင့် ထင်ပါရဲ့။

ဖြူဖြူ့နှုတ်ခမ်းသားလေးတွေ လွန့်ခနဲ ပြုံးမိ၏။ နီနီနဲ့ ဘယ် လိုတွေ့လာတာလဲ။ နီနီ တစ်ခုခုဖြစ်လို့များ သူက ကယ်လာတာလား။



www.burmeseclassic.com

www.burmeseclassic.com



သိချင်စိတ်တွေက တဖွားဖွားနှင့်ပါ။

"ဩော် . . . အမေ"

"ဟင်"

"သမီးလေ ဒီဦးကားနဲ့ တိုက်မိမလိုဖြစ်တာ အမေရဲ့ အဲဒ်
အကြောက်လွန်ပြီး သတိလစ်သွားတာ"

"ဟုတ်လား"

မြတ်စွာဘုရား။ ကိုယ့်ကိုများ ဦးတဲ့။ ဒီကောင်မလေးတော
နာတော့မယ်။ အရွယ်အစားပဲ ကြည့်မခေါ်တတ်ဘူးလား။ ဒီအရွယ်နဲ့
ဒီအရွယ်ကိုများ ဦးတဲ့။ ကိုယ့်ရုပ်က ဆိုးနေလို့ ရင့်နေရင်လည်း ထား
တော့။ မျက်စိတောင်ပါရဲ့လားမသိဘူး။ အဲလိုအခေါ်ခံရတော့ အောင့်
သက်သက်နဲ့။

နောက်ကနေ ပြေးပြီး ဖနောင့်နဲ့ ပေါက်ချင်စိတ်တောင်
ပေါက်တယ် တကယ်ပါပဲ။

"ဟုတ်တယ် ညီမရဲ့ အဲဒါ သူ သတိရ,ရချင်းပဲ အစ်မတို့
ပြန်လာပို့တာပါ၊ မိဘချင်း ကိုယ်ချင်းစာပြီး စိတ်ပူနေမှာစိုးလို့ပါ"

"ကျေးဇူးတင်ပါတယ် အစ်မရယ်၊ အိမ်ပေါ်တက်ပါဦးနော်
ခဏလေးဖြစ်ဖြစ်"

ခေါ်သာခေါ်ရတယ် အားကတော့ ခပ်နာနာ။ ကိုယ့်အိမ်လေး





ဆိုင်ရမယ့်သူတွေ တန်မှမတန်တာ။ ဒေါ်ဝတ်မှုံကတော့ အပြုံးမျက်
နှင့်သာ။

"တက်မှာပါ . . . အစ်မ ညီမနဲ့ အေးအေးဆေးဆေး စကား
ပြောချင်တယ်"

"ဟုတ်ကဲ့ အစ်မ . . . လာ အိမ်ပေါ်တက်ပါ"

အားလုံး အိမ်ပေါ်တက်ကြတော့ ဘုန်းသစ်စံက နောက်ဆုံးမှ
သာ။ ဖြူဖြူက ရပ်နေဆဲရှိပြီး ဘုန်းသစ်စံ သူမအနားက ဖြတ်အ
လျှောက်မှာ . . .

"ကိုဘုန်း"

ဘုန်းသစ်စံ၏ခြေလှမ်းတွေ ရပ်တန့်သွားလေလျှင် . . .

"ဖြူဖြူ့ကို မှတ်မိလားဟင်"

". . ."

"ဟိုလေ . . . နန္ဒာပိုင်းရဲ့မွေးနေ့မှာ ဆုံခဲ့ဖူးတာ"

"မှတ်မိပါတယ်"

"တကယ်"

"အင်း"

ဖြူဖြူ ပြုံးလိုက်မိစဉ်မှာပဲ ဘုန်းသစ်စံက ရှေ့ဆက်လျှောက်
ပြီး အိမ်ပေါ်သို့ တက်သွားလေသည်။ ဖြူဖြူ့ရင်ထဲမှာ ဘုန်းသစ်စံက



www.burmeseclassic.com

www.burmeseclassic.com



သူမကို မှတ်မိတဲ့အတွက် ပျော်သွားမိတာလေ။

"လာ . . . ထိုင် သား"

"ဒီက ညီမ . . . ဘယ်သူ နာမည်က"

"သူဇာပါ အစ်မ"

"အင်း . . . အစ်မနာမည်က ဝတ်မှုံပါ၊ သူက အစ်မရဲ့ တစ်ဦးတည်းသောသား ဘုန်းသစ်စံတဲ့လေ"

"ဟုတ်ကဲ့ . . . ကျွန်မ မှတ်ထားပါ့မယ်"

"ညီမသမီးက အလုပ်ထွက်ရှာတာတဲ့၊ လမ်းမှာ လူလိမ်ရေ နဲ့တွေ့ပြီး ကံကောင်းလို့ ဘဝမပျက်တယ်"

"ရှင်"

သမီးဖြစ်သူကို အလန့်တကြားပုံစံနှင့် ကြည့်လိုက်တော့ နီး ကိုယ်က အပြစ်ရှိသူလို ခေါင်းငုံ့သွားပြီးမှ . . .

"ဟုတ်တယ် အမေ . . . အဲဒါ အစ်မကြီးက အိမ်ဖော်အလုပ် လုပ်မလား၊ လုပ်ရင် သူခေါ်သွားပေးမယ်ဆိုတာနဲ့ လိုက်သွားတာ ဟိုရောက်တော့ သမီးရဲ့ဘဝကို ရောင်းစားမယ် လုပ်တာ"

"ဘုရား . . . ဘုရား"

"အဲဒါ ထွက်ပြေးရင်း ဒီက ဦးကားနဲ့ တိုက်မိမလိုဖြစ်တာ"

လာပြန်ပြီ ဒီဦး။ နားရင်း ထအုပ်လိုက်ရ မကောင်းရှိရှေ့





။ အရွယ်သုံးပါး ကြည့်မခေါ်ဘူး။ မျက်စိကန်းနေသလား မသိပါ

"ခုလို ကျွန်မသမီးလေးကို အိမ်တိုင်ရာရောက် ပြန်လာပို့ တဲ့အတွက် အစ်မတို့သားအမိကို တကယ်ကျေးဇူးတင်ပါတယ်ရှင်"

တကယ်ကျေးဇူးတင်တယ်ဆိုတော့ သူများတွေကတော့ သကားပဲ ကျေးဇူးတင်သလိုလိုပါလား။ ကောင်မလေးကို အမြင်မ ကြည်တဲ့စိတ်ကြောင့် သူတို့ပြောသမျှ ဘုန်းသစ်စံနားထဲမှာ ကန့်လန့် ည်းပဲ ဖြစ်လို့နေ၏။ ဒါပေမဲ့ . . . ရင်ထဲမှာသာဖြစ်ပြီး စကားဝင် ဆိုမိပေ။

"ရပါတယ် ညီမရယ် . . . အစ်မတို့ အလုပ်ကိစ္စပဲ ပြောရ အောင်နော်"

"အလုပ်ကိစ္စ"

"ဟုတ်တယ်လေ၊ နီနီပြောလို့ ညီမတို့ အခက်အခဲကို အစ်မ သိပြီးပါပြီ၊ နီနီက အလုပ်တစ်ခုခု လုပ်ချင်တယ်ဆိုတော့ အစ်မတို့က ည်း အိမ်အကူတစ်ယောက်လိုနေတာနဲ့ အတော်ပဲလေ၊ အဲဒါ အစ်မ စ်လကို ခြောက်သောင်းပေးမှာပါ"

ဒေါ်သူဇာ့ရင်ထဲမှာ ဆို့နင့်သွားရ၏။ ကိုယ့်သမီးလေးကို သူများအိမ်မှာထားတော့ မထားချင်ပေ။ ဒါပေမဲ့ သူတို့က ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



ရှင်တွေဖြစ်သွားတာကတစ်ကြောင်း။ ကိုယ်တွေအတွက် ငွေလိုနေ
ကလည်း အမှန်မို့ မျက်စိစုံမှိတ်ပြီး လက်ခံရတော့မည်သာ။

ပြီးတော့ ...

ကိုယ်ခေါင်းခါလည်း နီနီ ခေါင်းညိတ်ပြီးသားပဲဖြစ်မှာ
ဒီကလေးမက တစ်ခုခုကို ဆုံးဖြတ်ပြီးရင် လုပ်ကိုလုပ်ရမှလေ။

"ညီမကတော့ သမီးကို ကိုယ့်မျက်စိရှေ့မှာပဲ ထားချင်
ပါ"

"အမေ"

"..."

"တစ်လခြောက်သောင်းရမှာပဲဟာ သမီး လုပ်ပါရစေ
ဒေါ်လေးတို့ကို တစ်လငါးသောင်း သွင်းရမှာလေ၊ အပိုတစ်သောင်း
လည်း သုံးရတာပေါ့"

"သမီးရယ်"

"သမီး လုပ်ပါရစေနော်"

"နီနီ့အတွက် စိတ်ချပါ ညီမရယ်၊ အစ်မတို့က အခြားသူ
လို မောက်မောက်မာမာလည်း မဆက်ဆံတတ်ပါဘူး၊ အလုပ်သမ
ကို ကိုယ့်မိသားစုလိုပဲ သဘောထားကြတာပါ"

"ကောင်းပြီလေ ... သူ ဒီလောက်လုပ်ချင်နေလည်း ကျွန်





ပြုရတော့မှာပေါ့"

ပြောပြီး ဒေါ်သူဇာ ဟင်းခနဲ သက်ပြင်းချလိုက်မိ၏။ ကိုယ်
သဘာဝကိုက နုံချာလွန်းပါတယ်။ ဘယ်မိဘမဆို ကိုယ့်သားသမီးကို
ခေါင်းပေါ်မြှောက်တင်ထားချင်ပေမယ့် မတတ်သာတော့ ကံစီမံရာအတိုင်းပဲပေါ့။
မြူကတော့ ကိုယ်နဲ့မဆိုင်တဲ့အတိုင်း လေလာရာတင်ပေး အေးအေး
နေမယ်ဆိုတဲ့သဘောလားတော့ မသိပေ။

ဆိုးသည်ကောင်းသည်လည်း ဝင်မပြော။

ကိုယ့်ညီမလေး သူများအိမ်မှာ လုပ်ရမှာပါလားလို့ စိတ်မ
ကောင်းဖြစ်ဟန်လည်း မရပေ။

"ကဲ ... ညီမ"

"ရှင်"

"ဒါဆိုလည်း အစ်မတို့ ပြန်တော့မယ်၊ နီနီ့ကို မနက်ဖြန်
ညနေလောက်မှ လာခေါ်မယ်လေနော်"

"ဟုတ်ကဲ့ပါရှင်"

ဒေါ်ဝတ်မှုံတို့သားအမိ အိမ်ပေါ်ကနေ ဆင်းသွားပြီး ကားပေါ်
တက်သွားစဉ် မြူမြူက နီနီ့အနားသို့ တိုးကပ်လာပြီး ...

"ဟဲ့ ... နီနီ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"နင် အဲဒီအိမ်မှာနေရင် ငါ ခဏခဏ အလည်လာခဲ့မယ် သိလား"

"ဟာ ... မမကလည်း ရှပ်ရှပ်ယှက်ယှက်၊ သူတို့က ကြိုက်ချင်မှ ကြိုက်မှာကို"

"ကြိုက်အောင် အကြောင်းပြချက်နဲ့ လာမှာပေါ့ဟဲ့"

ဖြူဖြူ နီနီ့ကို မျက်စောင်းထိုးပစ်လိုက်၏။ ဟိုက ဘာမှန်းမသိ သူက အရင်ကြီးကျယ်နေလို့လေ။

○○○



## အခန်း (၁၁)

ဝိုးလ်ချဲပေါ်မှာထိုင်နေတဲ့ ဦးမင်းခန့် တံခါးဆီသို့ စူးစိုက်ကာ ကြည့်နေမိသည်။ တံခါးလှုပ်သွားတာသည် တစ်ယောက်ယောက် တွန်းဖွင့်ပြီး ဝင်လာတော့မယ်ဆိုတာ သိပြီးသားပါ။ အတွေးတောင် မဆုံးသေးဘူး တံခါးကိုဖွင့်ပြီး ဝင်လာတာ ကောင်မလေးတစ်ယောက်ပါ။ လက်ထဲမှာ လင်ဗန်းလေးကိုကိုင်လို့ သူ့အတွက် ကော်ဖီနဲ့မုန့် လာပို့တာပဲပေါ့။

ဒီလိုလာပို့တာ မထူးဆန်းသလို ...

လူပြောင်းသွားတာလည်း မထူးဆန်းပေ။ ပြောင်းသွားပြန်ပြီ တစ်ယောက်ပေါ့လေ။ ဒီလိုပဲ သူ့ကို ပြုစုဖို့ ကောင်မလေးတွေ ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



နေတာ ဘယ်နှယောက်ရှိပြီလဲ။ ပြီးတော့ စိတ်ရှည်ကြတာလည်း မဟုတ်ဘဲနဲ့။ ဒီတစ်ယောက်ကရော ဘယ်လောက်ကြာကြာ ခံဦးမှာ…

"ဦး"

"ဘာလဲ"

ထူးတာကိုက အဆင်မပြေ နားဝင်မချိုစရာလေ။

"ကော်ဖီနဲ့မုန့် စားလိုက်ပါဦးနော်"

"ထားခဲ့"

"မထားခဲ့ပါဘူး။ ကော်ဖီသောက်ပြီးရင် ဦး လမ်းလျှောက်… မယ်၊ ခဏနေရင် ဦးဘုန်းက လာခဲ့မယ်တဲ့၊ လမ်းလျှောက်တာ ကို… အခန်းထဲ ကိုယ်တင်လျှောက်နေလို့မရဘူးလေ၊ ခြံထဲဆင်းပြီး လျှော… တော့ ပိုကောင်းတာပေါ့ ဦးရဲ့"

"မင်း ငါ့ကို အမိန့်ပေးနေတာလား"

"မဟုတ်ပါဘူး။ အမိန့်ပေးတာ မဟုတ်ပါဘူး ဦးရယ်၊ နီနီ… စေတနာနဲ့ ပြောတာပါ၊ ဦး ဒီအခန်းထဲမှာချည်းပဲနေတော့ မွန်းကျ… တာပေါ့။ ပြီးတော့ တစ်ယောက်တည်း နေရတာ အထီးကျန်ဆန်တယ် လေ၊ ခြံထဲမှာဆိုတော့ လေကောင်းလေသန့်ကို ရှူရတယ်၊ စိတ်ရွ… လန်းဆန်းပေါ့ပါးမယ်၊ လမ်းမလျှောက်တော့ဘူးဆိုရင်လည်း အော… ထပ်မှာဆိုတော့ နီနီတို့ အလုပ်လုပ်နေတာတွေ ကြည့်ရင်း စကားပြေ…





…တယ်လေ၊ အဲဒီတော့ အထီးကျန်မဆန်တော့ဘူးပေါ့"

ဦးမင်းခန့် မျက်မှောင်ကြုတ်သွားလေ၏။ ဒီကောင်မလေး …ရှည်လှချေလားလို့ပေါ့။ ကိုယ့်ဘဝကိုယ် စိတ်တိုင်းမကျလို့ ဒေါသ …နှင့်အတူ အားငယ်စိတ်တွေ တစ်ခါတစ်ခါဖြစ်မိရင်း ခံစားမှုပေါင်းစုံ …သူ ဒီအခန်းထဲမှာပဲ အထီးကျန်စွာ နေခဲ့ရတာကြာပြီ။

နေသားကျနေပြီမို့ …

သူပြောတာတွေကို လက်မခံနိုင်။ ကိုယ့်ဘာသာကိုယ်နေသာ …ိုနေတာ အပြင်ထွက်လို့ ဘာတွေထူးလာမှာမို့လို့လဲ။ ဒီမှာကမှ …ချင်ရာတွေး ငေးချင်ရာငေးလေ။

"နော် … ဦး"

"ဒီမှာ"

"ရှင်"

"နင် အပိုတွေ လာမလုပ်စမ်းနဲ့၊ ခါတိုင်းလူတွေလို ပုံမှန်ပဲ …ဆံ၊ ထားစရာရှိတာ ထားခဲ့၊ ပြီးရင် ထွက်သွား"

"ဦးကလည်း မဟုတ်တာ"

"လျှာရှည်တာကို ငါ မကြိုက်ဘူးနော်၊ လျှာရှည်တာကို ငါ …ကြိုက်ဘူး"

ဦးမင်းခန့် အော်ပစ်လိုက်တော့ နီနီ လန့်သွားပြီး ကိုယ်လေး



www.burmeseclassic.com

www.burmeseclassic.com



ဆတ်ခနဲ တုန်သွားလေ၏။ ဒါပေမဲ့ နောက်တွန့်သွားခြင်းတော့ မ...
သည်းခံခြင်းသည် အောင်နိုင်ခြင်းတစ်ခုပဲလေ။ အော်အော်ငေါက်ငေါ...
ထရိုက်တာမှမဟုတ်တာ။ ရိုက်ရင်တောင် ခံသင့်ခံရမှာပဲမဟုတ်လား

နောက်တစ်ခု အလုပ်ပြောင်းဖို့ ထပ်ရှာရမှာ မလွယ်ဘူးအေ...
ဟိုနေ့က အဖြစ်အပျက်ပဲကြည့်။ ကိုယ်ယုံကြည်သမျှ အလိမ်ခံလိုက်...
ရတာ ကံကောင်းလို့ ဘဝမပျက်တယ်။ အဲဒီအဖြစ်အပျက်ထက်စာ...
ဒါက အသေးအမွှားပါ။

ဒါကြောင့် ...

"နီနီက လျှာရှည်တာ မဟုတ်ပါဘူး။ ဦးကို မျှော်လင့်ချက်...
နေတဲ့ဘဝနဲ့ အဆုံးမသတ်စေချင်တာပါ။ ဦးရဲ့ခြေထောက်တွေက ပြ...
မကောင်းနိုင်တာမှ မဟုတ်တာ၊ ခုတောင် နည်းနည်းပါးပါး လျှော...
နိုင်နေပြီပဲဥစ္စာ"

"ကျွတ်"

"ဦး စိတ်မရှည်လို့ နီနီ့ကို ရိုက်ချင်လည်း ရိုက်ပါ၊ နီနီကတော့...
ဦးကောင်းဖို့အတွက် ပြောနေမှာပဲ၊ လုပ်စရာရှိတာကို လုပ်ပေးရမှာ...

"ကောင်မလေး"

"သမီးနာမည် နှင်းဆီနီနီပါ"

ကောင်မလေးမျက်နှာကို ဦးမင်းခန့် စူးစူးခဲ့ကြည့်လိုက်...





...ညည်က နှင်းဆီနီနီတဲ့လား။ နှင်းဆီဆိုရင်လည်း နာမည်လှပါလျက်
...နောက်က နီနီထည့်ပြီး နှင်းဆီနီနီဖြစ်နေတာ အဓိပ္ပာယ်တစ်ခုခု
...တော့ သက်ရောက်နေမှာပါ။ နှင်းဆီဆိုတာ ဆူးတွေနဲ့ ကာရံထားတဲ့
...န်း။

နီနီဆိုတာက ရဲရင့်ခြင်းပဲလေ။

သူ ဘယ်လောက်စိတ်ဓာတ်ခိုင်မာပြီး ရဲရင့်လည်း ကြည့်ကြ
...သေးတာပေါ့။

"မင်း ... ငါ့ရှေ့ကနေ ထွက်သွားတော့"

"မသွားပါဘူး"

"ဘာ"

"ဦးဘုန်းလာတော့မှာ"

"နင် မသွားဘူးလား"

"ဟင့်အင်း"

"တောက်"

ဦးမင်းခန့် ဘီးလ်ချဲကို ရှေ့သို့ နည်းနည်းတိုးလိုက်ပြီး ...

"ကဲ"

"ဒေါက်"

"အား"

www.burmeseclassic.com



နီနီ ခေါင်းကို လက်ဝါးလေးနှင့် အုပ်လိုက်ပြီး မျက်နှာလေး ရှုံ့မဲ့သွားလေသည်။ ဦးမင်းခန့်က ခေါက်လိုက်တာလေ။

"သွား . . . ထွက်သွား"

"ဖေဖေ"

"ဟင်"

"ဦးဘုန်း လာပြီ"

ဘုန်းသစ်စံ ဝင်လာတော့ နီနီ အားရှိသွားလေသည်။ ဘာ ဖြစ်ဖြစ် သည်းခံရမယ်ဆိုတာ သိပေမယ့် တစ်ယောက်တည်းထက် ရင် နှစ်ယောက်ဆိုတော့ တော်သေးတာပေါ့လေ။

"ဖေဖေ ကော်ဖီသောက်လေ . . . ပြီးရင် သား ခြံထဲ ခေါ်သွားပေးမယ်နော်၊ ခါတိုင်းလည်း ဖေဖေ့ကို တွဲလျှောက်ပေးချင် မယ့် ကျောင်းတစ်ဖက်နဲ့ဆိုတော့ သိပ်အချိန်မရလို့ပါ၊ အခု သူ ဖေဖေ့ကို လျှောက်ပေးမယ်တဲ့"

"နေပါစေတော့ သားရယ် . . . ဖေဖေ့ဘဝက ဆုံးနေပြီ ဥစ္စာ ဘာထူးတော့မှာလဲ"

"ဟာ . . . ဖေဖေကလည်း ဘာလို့ ဖေဖေ့ဘဝဆုံးရမှာလဲ အခုတောင် ဖေဖေ နည်းနည်းပါးပါး လှုပ်နိုင်နေတာပဲဥစ္စာ၊ ဒီ လမ်းလျှောက်နိုင်ရင် လျှောက်နိုင်သလို ပြန်ကောင်းလာမှာပါ"





ဦးမင်းခန့် သက်ပြင်းချလိုက်မိ၏။ သူကတော့ မထူးတော့ဘူး ထင်တာပဲ။ ကောင်းလာရင်တောင် သူ အရင်လို အလုပ်တွေ ပြန် နိုင်ပါတော့မလား။ အလုပ်မလုပ်နိုင်မှတော့ လူသေပဲလေ။

"သားက ဆရာဝန်လောင်းပါ ဖေဖေရဲ့၊ ဖေဖေ့အခြေအနေ သားသိပါတယ်၊ ဖေဖေ ပြန်ကောင်းလာမှာ စိတ်ချ၊ အဲဒီလို ပြန် ကောင်းလာဖို့က လမ်းများများ လျှောက်ကြည့်ရမယ်လေ"

"ဟုတ်တယ် ဦးရဲ့၊ ပြီးတော့ လမ်းလျှောက်ကြည့်ရအောင် ကော်ဖီသောက်လိုက်နော်"

မျက်နှာရှေ့ရောက်အောင် အတင်းထိုးပေးနေသဖြင့် ဦးမင်းခန့် ကော်ဖီပန်းကန်ကို ယူလိုက်ရတော့၏။ အရင်ကောင်မလေးတွေ န်းက ထိပ်တစ်ချက်လောက် ခေါက်လိုက်တာနဲ့ ပြန်ပြေးတာ ပြန် လာကြတော့ပါဘူး။ ဒီကောင်မလေးကတော့ သူ့ကို ကလေးလို နေတော့တာပါလား။

"အဟွတ် . . . အဟွတ်"

"ဟင်"

"ဒုတ်"

"အား"

ဘုန်းသစ်နဲ့နီနီ နှစ်ယောက်စလုံး ကိုယ့်နဖူးကိုယ်လက်ဝါးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဖိပွတ်မိကြ၏။ ဦးမင်းခန့် ကော်ဖီသီးသွားလို့ နှစ်ယောက်စလုံး ရင်ဘတ်ကို ဖိပေးဖို့အငှ နဖူးချင်းတိုက်မိသွားတာလေ။

"မင်း ဘယ်လိုဖြစ်တာလဲ"

"ဦးဘုန်းပဲ ရှေ့မကြည့် နောက်မကြည့် ငုံ့လိုက်တာကိုး"

"ဟ . . . ငါ မကြည့်ဖြစ်ရင် မင်းကြည့်ပါလား၊ မင်းမှာ မျက်လုံးနဲ့လေ"

"ဦးဘုန်းမှာလည်း မျက်လုံးနဲ့ပဲ"

"ကျွတ်"

"ဖယ် . . . နောက်ဆုတ်"

ဦးမင်းခန့် ကိုယ့်ရင်ဘတ်ကို ကိုယ့်ဘာသာပဲ ဖိပြီး အသီးသွားချိန်မှာ ရင်ဘတ်ကို စင်သွားတဲ့ ကော်ဖီတွေကို ကောင်မလေးက လက်သုပ်ပဝါနှင့် သုပ်ပေးလေ၏။ ဦးမင်းခန့် လက်သုပ်ပဝါကို ကိုင်လိုက်ပြီး . . .

"ရတယ် . . . ငါ့ဘာသာ ငါသုပ်မယ်"

ဒီလိုပြောတော့လည်း ဘေးကနေ ရပ်ကြည့်နေသည်။ ဦးမင်းခန့် စားသောက်ပြီးလေတော့ . . .

"ကဲ . . . ဖေဖေ ခြံထဲဆင်းရအောင်နော်"

"မဆင်းချင်ပါဘူး သားရယ်"





"အဲလိုမလုပ်နဲ့လေ ဖေဖေရဲ့၊ ဒီနေ့ သားလည်း အားနေတာပဲ ဒွာ လေကောင်းလေသန့်ရှူရအောင်ပါ . . . နော်"

"ဟုတ်တယ် ဦးရဲ့၊ ဒီအခန်းထဲမှာချည်းပဲနေတော့ မွန်းကျပ်ပြီး စိတ်တွေက နောက်ကျိနေမှာပေါ့"

"နှင်းဆီနီနီ"

"ရှင်"

"မင်းသိမ်းစရာရှိတာ သိမ်း၊ ပြီးရင် ညှော်ခန်းထဲကနေ စောင့်နေ ကြားလား"

"ဟုတ်ကဲ့"

နီနီ လင်ဗန်းလေးကိုင်ကာ ပြန်ဆင်းခဲ့ပြီး ဘုန်းသစ်စံကလည်း ဖခင်ကို ပွေ့ချီပြီး အောက်ထပ်သို့ ပြန်ဆင်းလာခဲ့သည်။ ဝှီးလ်ချဲက အောက်ထပ်မှာလည်း ရှိသည်လေ။ နီနီက သိတတ်စွာ အဆင်သင့် စောင့်နေသည်မို့ ဦးမင်းခန့်ကို ဝှီးလ်ချဲပေါ်သို့တင်ကာ ခြံထဲဆင်းခဲ့ကြပြီးနောက် . . .

"သားကိုတွဲပြီး ဖြည်းဖြည်းထ ဖေဖေ"

ဦးမင်းခန့်သားကိုတွဲထတော့ နီနီကလည်း တစ်ဖက်မှ လက်မောင်းကိုကိုင်ပြီး တွဲပေးလေ၏။

"ဟား"

www.burmeseclassic.com



တိုက်ခတ်လာတဲ့လေပြေနုနုကို ဦးမင်းခန့် ပါးစပ်ဟ တစ်ဝကြီးရှူရှိုက်ပစ်လိုက်သည်။ သူတို့ပြောတာ ဟုတ်သားပဲ။ အေး ပြင်ပအလင်းရောင်နဲ့ ပတ်ဝန်းကျင်အနေအထားကို ရှင်းရှင်းလင်းလင်း မြင်ခွင့်ရတာ။

သူ ခုလိုခြံထဲမဆင်းဖြစ်တာကြာခဲ့ပါပြီ။

အရင်ဆင်းဖြစ်တဲ့အချိန်ကလည်း သားနဲ့ဆိုရင် စိတ်တွေ လန်းရပေမယ့် ကောင်မလေးတွေနဲ့ဆို စိတ်တိုင်းမကျလို့ အော်ရငေါက် နှင့်စိတ်တောင်ပျက်မိပါသေးရဲ့။

၀၀၀



## အခန်း (၁၂)

"ဒေါ်စန်း ... ဒေါ်စန်း"

"..."

"ဒေါ်စန်း"

"ဒေါ်စန်းမရှိဘူး ဈေးသွားတယ်"

မီးဖိုချောင်ထဲကို ဝင်မလာဘဲ တံခါးဝမရောက်ခင်ကတည်းက ေါ်လာတဲ့ ဘုန်းသစ်စံကို လှည့်ကြည့်ပြီး နီနီဖြေလိုက်တာဖြစ်၏။ ခြပြီးတာနှင့် ပန်းကန်တွေကို ဆက်ဆေးနေလေလျှင် ...

"ဩော် ... ဒေါ်စန်းမရှိဘူးဆိုတော့ ကျန်ခဲ့တာ ဒေါ်ရှိ။ ေါ်အပေါ့။ ဟုတ်မှာပါ ... အဲဒါကြောင့် သူများခေါ်ရာလိုက်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းလို့ ဟိုဒင်းမဖြစ်တယ်"

"ဘယ်ဒင်းလဲ"

"နင့်အကြောင်း နင်သိမှာပေါ့"

ပြောလိုက်ပုံက ယောက်ျားဖြစ်ပြီး မဲ့မဲ့ရွဲ့ရွဲ့နဲ့ပါလား။ မိန်းမ... ကာမမီဆိုတာ ဒါမျိုးပဲ ဖြစ်မယ်။

"အဲဒီနေ့က ငါနဲ့တွေ့လို့သာပေါ့၊ မတွေ့သာ မတွေ့ရင် ... ဟွန်း"

"မတွေ့လည်း လွတ်အောင်ပြေးမှာပေါ့၊ အသက်ပဲ အသေ... မယ်၊ ကိုယ့်ဘဝကို ဘယ်တော့မှ အဆုံးအရှုံးမခံဘူး"

"ပြောသေးတာပဲ"

"ဦးဘုန်းနော် ... ငါအလုပ်ရှင် သူက အလုပ်သမားဆိုပြီး စကားကို နိုင်လိုမင်းရမပြောပါနဲ့၊ အလုပ်ကိစ္စနဲ့ဆိုရင် ပြောချင်တာပြော... နီနီ ငြိမ်ခံနေမယ်၊ အခြားကိစ္စတွေနဲ့ပတ်သက်လာရင်တော့ ငြိမ်ခံနေ... မဟုတ်ဘူး"

"ငါက ဘာပြောလို့လဲ"

"ဟမ် ... ကိုယ့်စကားကိုယ် မမှတ်မိဘူးလား၊ ဗြောင်လိမ်... ဗြောင်စားမလုပ်နဲ့"

"အမယ်"





ဒီကောင်မလေး သူ့ကို မခန့်တာလား။ ဟုတ်တာပြောတာ ...ကိုပဲ သူက မခံနိုင်ရှိရတယ်လို့။ ဒါပေါ့လေ။ လူတွေက မှန်တာပြော ...ခင် မကြိုက်ကြဘူးတဲ့။

ဘုန်းသစ်စံ ...

ခုံတစ်လုံးကို ဆွဲယူပြီး ထိုင်လိုက်၏။ ကျောင်းမှာဆို သူငယ် ...ချင်းတွေနဲ့မို့ အတော်သားပေါ့။ အိမ်မှာဆို ညီအစ်ကိုမောင်နှမ တိုင် ...ပင်ဖော် တိုင်ပင်ဖက် စ,စရာ၊ နောက်စရာ မရှိတာကြောင့် ပျင်းနေ ...တာ။ ဒီကောင်မလေးကိုပဲ စရတော့မှာပေါ့။

"နှင်းဆီနီနီ"

"..."

"ဟ ... နားမပါဘူးလား"

"ကြားသားပဲ"

"ကြားရင်ထူးလေ"

"ထူးစရာမှမလိုတာ ... လှည့်ကြည့်နေတယ်လေ"

"ထားပါတော့"

"ဘာထားရမှာလဲ"

"ထားချင်တာသာထားဟာ ... ငါပြောစရာရှိတာ ပြောမယ် နားထောင်၊ နင် ငါ့ကို ဘာဖြစ်လို့ ဦးဘုန်း, ဦးဘုန်းနဲ့ ခေါ်နေတာလဲ၊



www.burmeseclassic.com

www.burmeseclassic.com



ငါက အဲလိုခေါ်ရလောက်အောင် အိုမင်းရင့်ရော်နေပြီလား ... ပြော
ဦး''

''ရှိသေသမှုနဲ့ ခေါ်တာလေ၊ ဘာလဲ မကြိုက်ဘူးလား''

''မကြိုက်ဘူး''

ဒီတစ်ခါတော့ ပွင့်ပွင့်လင်းလင်းပဲ ပြောလိုက်၏။ ဟုတ်တယ်
လေ ... ဒီကောင်မလေး အဲလိုခေါ်တိုင်း တောင်ဝှေးပြေးဆွဲချင်စိတ်
ပေါက်အောင် စိတ်ပျက်တာ။ သူနဲ့ကိုယ် အသက်ဘယ်လောက်ကွာ
မှတ်လို့။ သူ ဦးဘုန်းလို့ခေါ်တိုင်း ဘုန်းကံတွေမြင့်လာရင်တော့
အကောင်းသားပေါ့။

''ဒါဆို ဘယ်လိုခေါ်ရမလဲ''

''ဦးမပါရင် ပြီးရော ... ကြိုက်သလိုခေါ်''

''ကောင်းပြီလေ ... ဒါဆို ဘုန်းဘုန်းလို့ခေါ်မယ်''

''ဘာ''

နီနီ ငေါ့ပြောလိုက်တာ ဖြစ်၏။ ဒါကိုပဲ ဘုန်းသစ်စံ မခံမရပ်နိုင်
ဖြစ်ကာ ...

''ဘာလဲ ... ငါ့ကို ကတုံး,တုံးပြီး သင်္ကန်းဝတ်ခိုင်းနေတာ
လား။ အခု တစ်ခါတည်းသာ ဦးချလိုက်တော့''

''ဦးဘုန်းပဲ''





ခေါ်ပြီးမှ နီနီ ကိုယ့်ပါးစပ်ကိုယ်ပိတ်ကာ ရယ်လည်း ရယ်
မိသည်။ နီနီက သူ့ကို ဘယ်လိုခေါ်ရမှာလဲ။ ကိုယ့်အလုပ်ရှင်မို့
ခေါ်တာကိုပဲ မကြိုက်ဘူးဆိုတော့ ...

''အစ်ကိုလေးလို့ ခေါ်ရမလား''

''ကိုကိုလို့ခေါ်ရင် ပိုကောင်းတယ်''

''ဟင်''

ပြောပုံက ရုပ်တည်ကြီးနဲ့ပါလား။

''မခေါ်ချင်ဘူးလား''

''မခေါ်ချင်ပါဘူး''

''မခေါ်ချင်နေ''

ဘုန်းသစ်စံပြောပြီး ထသွားလေတော့၏။ နီနီကတော့ နှုတ်
ခမ်းနဲ့၍ ကျန်ခဲ့သည်လေ။ သူခေါ်ခိုင်းတိုင်း ခေါ်စရာလား။ အလုပ်ရှင်
နဲ့ အလုပ်သမားကြားမှာ ဒီအသုံးအနှုန်းက လိုမှမလိုအပ်တာ။ နီနီ
သူနဲ့ ဒီထက်ပိုပြီး မရင်းနှီးချင်ပါဘူးလေ။

○○○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

မီးဖိုချောင်ထဲမှာ ဒေါ်စန်းနဲ့နီနီ။ နီနီက ဒေါ်စန်းခိုင်းတာ တွေ လုပ်ပေးနေရသည်လေ။ ဒေါ်စန်းက ထမင်းချက် နီနီက အကူဆိုတဲ့အတိုင်း ကူရတာပေါ့။ နီနီလည်း ချက်တတ်တယ်ဆိုပေမယ့် မတောက်တခေါက်ပဲလေ။ အမေမချက်နိုင်တဲ့အခါ ဝင်ချက်လို့တော့ ပေမယ့် ဒေါ်စန်းလက်ရာကိုတော့ ဘယ်မှီပါ့မလဲ။

ကိုယ်တွေက ဆင်းရဲသားဆိုတော့ . . .

ကိုယ်နဲ့ တန်ရာပဲ ဖြစ်သလိုချက်စားရတာ များသည်လေ အမှန်ကိုဝန်ခံရရင် သူဌေးတွေစားတဲ့ဟင်းတော့ မချက်တတ်သေး ပါဘူး။ ဒါကြောင့်ပဲ ဒေါ်စန်းဆီမှာ တပည့်ခံပြီး သင်ယူနေရတာ





သူက ကြက်သွန်လှီးခိုင်းရင် လှီး၊ သူက ငရုပ်သီးထောင်းခိုင်းရင် ထောင်း၊ သူက အိုးတည်ဆို တည်နှင့် . . . မအားလပ်နိုင်ပေ။

"နီနီ"

"ရှင် . . . ဒေါ်စန်း"

"ဈေးခြင်းထဲမှာ ရှောက်ရွက်ပါတယ် ထုတ်လိုက်ပါဦး။ အဲဒါ ဟင်းချိုထဲ ခပ်ဖို့လေ၊ ကြက်သားပြုတ်ရည်ကို ရှောက်ရွက်ပဲ ခပ်မှာ၊ အဲဒါကြောင့် ပါးပါးကိုက်လိုက် . . . ရေဆေးလိုက်ဦးနော်"

"ဟုတ်ကဲ့ ဒေါ်စန်း"

ခိုင်းလိုက်ရင် နီနီက သွက်သွက်လက်လက်နှင့် ချက်ချင်းထ, လုပ်တတ်သူ။ ဒါကြောင့် ဒေါ်စန်းကတော့ နီနီကို အရင်ကောင်မလေး တွေထက် ပိုပြီးသဘောကျသည်လေ။ ဆင်ခြေပေးတာမျိုးတွေလည်း သိပ်မလုပ်တတ်ပါဘူး။

"ဒေါ်စန်း"

"ဟေ"

"ဒီအထဲမှာ ပုစွန်တွေ တွေ့ပါလား။ ဘာမှမလုပ်သေးဘူး သားဟင်"

"သြော် . . . အေး . . . ဟုတ်သားပဲ၊ ငါမေ့နေတာ၊ ကိုဘုန်း က ပုစွန်နဲ့ငရုပ်သီးကြော်ပေးရင် သိပ်ကြိုက်တာ၊ အထုပ်ကြီးတွေကို



www.burmeseclassic.com

www.burmeseclassic.com



ဆီပြန်ချက်ရင်တော့ သိပ်မကြိုက်ဘူး။ လက်စနဲ့ အဲဒါပါ ယူခဲ့ဦး နီနီ"

"ဟုတ်ကဲ့"

နီနီပြောတဲ့အတိုင်းပဲ ပုစွန်တွေကို ဒေါ်စန်းပေးပြီး ရှောက်ရွက်တွေကို ရေဆေးကာ ကတ်ကြေးနှင့် ပါးပါးကိုက်နေစဉ် ဗိုက်ထဲက ရစ်သီရစ်သီနှင့် နာလာ၏။ ပထမတော့ ရှောက်ရွက်ကိုက်ပြီးမှ ရေအိမ် ဝင်မယ်လို့ ပေနေတာ။ ပေနေလို့မရဘဲ ဗိုက်က ပိုနာလာတာကြောင့်-

"အား . . . ကျွတ် ကျွတ်"

". . ."

"အား . . . အမယ်လေး"

"ဟင်"

နီနီ့ထံမှ ညည်းသံကြောင့် ဒေါ်စန်းလှည့်ကြည့်လိုက်တော့ နီနီ့မျက်နှာလေးက ရှုံ့မဲ့နေလေလျှင် . . .

"နီနီ"

"ရှင်"

"ရှုံ့ရှုံ့မဲ့မဲ့နဲ့ ဘာဖြစ်နေတာလဲ"

"ဗိုက် . . . ဗိုက်နာလို့ ဒေါ်စန်းရဲ့"

"ဟဲ့ . . . ဗိုက်နာရင် အောင့်မထားနဲ့လေ၊ ရေအိမ်ဝင်မယ်ဆို လည်း ဝင်ပေါ့"





"ဟုတ်ကဲ့ . . . ဒါဆို နီနီ သွားလိုက်ဦးမယ်နော်"

"အေး . . . အေး . . . လမ်းမှာလည်း ထွက်ကျနေဦးမယ်"

"ဒေါ်စန်းနော်"

ဒေါ်စန်းက စ,ဖြစ်အောင် စလိုက်သေးသည်။ နီနီ ကသုတ်ကယက် လျှောက်လာရင်း ရေအိမ်ကိုရောက်တော့ အထဲမှာ လူရှိနေတာ နဲ့ ရပ်စောင့်နေလိုက်၏။ ဗိုက်က အရမ်းနာလာတော့ အထဲမှာ ရှိနေ တာ ဘယ်သူပဲဖြစ်ဖြစ်ဆိုပြီး . . .

"ဒေါက် . . . ဒေါက်"

". . ."

"ဒေါက် . . . ဒေါက်"

"အထဲက ဘယ်သူလဲ"

". . ."

"မြန်မြန်ထွက်ပါတော့ . . . ဒီမှာ ဗိုက်အရမ်းနာနေပြီ"

"မပြီးသေးဘူးဟေ့ . . . မအောင့်နိုင်ရင် အဲဒီနေရာမှာတင် ချလိုက်"

"ဟင်"

အထဲကနေ ပြန်အော်လိုက်တဲ့အသံက ဘုန်းသစ်စံပဲမို့ နီနီ ဒေါသ ကုတ်လိုက်မိ၏။ နောက်ထပ်စောင့်နေတော့လည်း ထွက်



www.burmeseclassic.com

www.burmeseclassic.com



မလာ။ ကြာတော့ စိတ်မရှည်တာနှင့်။

"ဒုန်း . . . ဒုန်း"

"ဒုန်း . . . ဒုန်း"

"ဦးဘုန်း"

"အေး . . . အဲလိုခေါ်ရင် ငါ တစ်နေကုန် ဒီအထဲက မထွက်ဘူး"

"ဒုန်း"

"ဟ"

လက်နဲ့ထုတာမှ ဟုတ်ရဲ့လားမသိဘူး။ တစ်ခုခုနဲ့ထုပြီး မိုးချိုးတော့မလား မှတ်ရတယ်။ ဘုန်းသစ်စံ လွန့်ခနဲ ပြုံးလိုက်မိ၏။ ဒီကောင်မလေးကို ညှဉ်းထားရမယ်။

"အစ်ကိုလေး"

"ဒုန်း . . . ဒုန်း"

"အစ်ကိုလေး မထွက်သေးဘူးလား"

"ဟိုဒင်းကမှ ထွက်လို့မပြီးသေးတာ လူက ထွက်လို့ရမလား ဟ"

"အား . . . ကျွတ် . . . ကျွတ်"

"မအောင့်နိုင်ရင် အဲဒီမှာ ပါချလိုက်ပါဆို"





"အဲဒါ အစ်ကိုလေး တမင်ညစ်တာ . . . ထွက်နော်"

"အား . . . ငါလည်း ထွက်နေတုန်းဟ"

"ကဲ . . . ကဲ . . . ဒုန်း"

"အမယ်လေးဟ"

ဒုန်းခနဲ အထုနဲ့ ဘုန်းသစ်စံက တံခါးအဖွင့် မျက်နှာချင်းဆိုင်ကြတော့လည်း နီနီ ရှက်ကိုးရှက်ကန်းလေးဖြစ်ကာ ခေါင်းကို ငုံ့ထားမိ၏။

"ကဲ . . . ဝင် . . . ဝင်၊ အေး . . . မြန်မြန်နော်၊ ငါလည်း ပြီးသေးတာ မဟုတ်ဘူး။ နင်မအောင့်နိုင်တော့ဘူးဆိုလို့သာ ထွက်လာတာ"

"ဂျိမ်း"

"ဟ"

သူ့စကားကိုပင် ဆုံးအောင်မစောင့်ဘဲ နီနီ တံခါးကို ပိတ်သွားတာ ဂျိမ်းခနဲပါ။ ဘုန်းသစ်စံ လွန့်ခနဲ ပြုံးလိုက်မိ၏။ အခုလောလောဆယ် သူ့စိတ်ထဲမှာ သင့်တော်တာ,မတော်တာတွေ နားမလည်ဘဲ ဒီကောင်မလေးကို စ,ချင်နေတာပဲ သိသည်လေ။ သူ မိန်းကလေးသူငယ်ချင်း မထားဖူးလို့ဘဲ ဒီကောင်မလေးနဲ့ကျမှ စချင်နေတာလား။ မိန်းကလေးသူငယ်ချင်းရှိတော့ ရှိပါတယ်။ သိပ်ရင်းရင်းနှီးနှီး



www.burmeseclassic.com

www.burmeseclassic.com



ကြီးတော့ မဟုတ်ပေ။ ခေါ်ပြောနှုတ်ဆက်ရုံလောက်ပါပဲ။ အခု နီနီ ကျမှ စချင်နောက်ချင်စိတ်တွေ ရှိလာတာလေ။ ဘုန်းသစ်စံ နံရံကို ပြီး ဖုန်းကိုထုတ်ကာ ဖေ့ဘွတ်ဖွင့်ကြည့်နေလိုက်၏။ အတန်ကြာသည် အထိ နီနီ ထွက်မလာတော့။

"ဒုန်း . . . ဒုန်း"

"အမေ့"

"နှင်းဆီနီနီ"

"ဒုန်း . . . ဒုန်း"

"နှင်းဆီနီနီ"

"ဟာ . . . ဘယ်လိုဖြစ်နေတာလဲ၊ ဒီမှာ ဗိုက်နာနေလို့ပါ"

"ငါလည်း ဗိုက်နာနေတာဟ၊ တကတဲ ကိုယ့်အိမ်နဲ့ကိုယ်ချ ပြီး အိပ်ပျော်နေသလား မသိဘူး"

"လာပြီ"

လာပြီဆိုပြီး ထွက်လာတော့ နီနီ မျက်နှာလေးက ရှုံ့မဲ့မဲ့ နှင့်ပါ။ သူ တကယ်ပဲ ဗိုက်နာနေတာလား တွေးမိပြီး . . .

"ဘာတွေစားမိလို့ ဗိုက်နာတာလဲ"

"ဘာမှမစားမိပါဘူး"

"ဒါဆို ရေပဲ သောက်နေတာလား"





ပြောလိုက်ရင် ထော်လော်ကန့်လန့်ပဲမို့ နီနီ ဖျတ်ခနဲ မော့ ကြည့်လိုက်ပြီး . . .

"အစ်ကိုလေး စကားကို ကန့်လန့်မပြောပါနဲ့"

"ဟောဗျာ . . . ငါ့စကားလုံးက ဘယ်နေရာမှာ ကန့်လန့်ခံ နေလို့လဲ"

"တွေ့လား"

ဘုန်းသစ်စံ ဟိုကြည့်ဒီကြည့်လုပ်ပြီး . . .

"ဘာမှမတွေ့ပါဘူး"

"အစ်ကိုလေး"

"ဘာလဲ"

"အား . . . ကျွတ် . . . ကျွတ်"

ဗိုက်က နာလာပြန်သဖြင့် နီနီ ညည်းတွားလိုက်တာဖြစ်၏။ ဘုန်းသစ်စံ မျက်မှောင်ကြုတ်ကြည့်လိုက်ပြီး . . .

"တော်တော်နာနေလား"

"နာတာပေါ့ . . . အစ်ကိုလေးလည်း ဗိုက်နာနေတယ်ဆိုလို့ ထွက်လာတာ၊ သွားချင်သွား . . . နီနီ အောင့်ထားလို့ရသေးတယ်၊ မြန်မြန်လေးတော့ လုပ်နော်"

"မသွားတော့ပါဘူး၊ ငါလည်း အောင့်ထားလို့ရတယ်၊ နင်



www.burmeseclassic.com

www.burmeseclassic.com



ဆေးသောက်ရမယ် ... လာ''

''အယ် ... အစ်ကိုလေး''

ဘုန်းသစ်စံ ဆေးတိုက်ဖို့ နီနီ့လက်ကိုဆွဲခေါ်တော့ နီနီ

သူ့မလက်ကို ရုန်းလေလျှင် ...

''ဘာလဲ''

''မရတော့ဘူး ... ပြန်ဝင်ဦးမယ်''

''ကဲ ... သွား။ မြန်မြန်လုပ်နော် ငါ စောင့်နေမှာ''

''ဟာ ... အစ်ကိုလေးကလည်း ဘာလို့စောင့်နေမှာလဲ

ပြီးရင်လာခဲ့မယ် ... အစ်ကိုလေးသွား''

''ပြီးရော''

ပြောပြီး ဘုန်းသစ်စံ ထွက်လာခဲ့တော့၏။ ရှုံ့ရှုံ့မဲ့မဲ့မျက်နှာ

မြင်နေရတာ စိတ်မချမ်းသာစရာမို့ ဆက်စမနေတော့ပါဘူး။ အပေါ်

မှာ သူ ဆေးလုံးတက်ယူပြီး ပြန်ဆင်းလာသည်အထိ နီနီက ထွက်မလာ

သေးဘူးထင်ပါရဲ့။ မီးဖိုချောင်ထဲ ပြန်ရောက်နေပြီလားလို့ သွား

တော့ ရှိမှမရှိပဲလေ။

''ဒေါ်စန်း''

''ဟင်''

''နီနီ ပြန်မလာသေးဘူးလား''





''ပြန်မလာသေးဘူး သားရဲ့''

''ဒီကောင်မလေး ဒီလောက်ကြာနေတာ လိုက်သွားဦးမှပါ

''ဘယ်ကိုလိုက်မှာလဲ ... နီနီက လာပြီ''

''မသိပါဘူး ... နင် ရေအိမ်ဝင်ရင်း အိပ်ပျော်နေသလားလို့

... ဆေးသောက်''

လက်ကိုဆွဲယူပြီး နီနီ့လက်ဝါးထဲသို့ ဆေးလုံးတွေ ထည့်ပေး

ပြန်လှည့်လာခဲ့တော့၏။ တော်ကြာ ဒေါ်စန်းက ဘာလို့ ဒီလောက်

စိုက်နေတာလဲလို့ မြင်စရာဖြစ်ဦးမယ်။ ကိုယ်က ကိုယ့်အိမ်နေတာမို့

ဘာဝန်မကောင်းလို့ ဂရုစိုက်တာပါလေ။

○○○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"ဟာ ... ဟော့ကောင်တွေ"

"ဘာလဲကွ"

ဖြိုးမောင်မောင်က ကားပေါ်က ဆင်းဆင်းချင်းပဲ ပန်းပင်[illegible]
ရေလောင်းနေတဲ့ ကောင်မလေးကိုကြည့်ပြီး နောက်က ကောင်တွေ[illegible]
ခေါ်လေတော့ အားလုံးပြူးပြူးပျာပျာတွေ ဖြစ်ကုန်လေလျှင် ...

"ဟိုမှာ ... မြင်လား"

"မြင်တယ်လေ ရေလောင်းနေတာ ဘာဖြစ်လို့လဲ၊ ဘာ[illegible]
... ရေလောင်းခံရတဲ့ ပန်းပင်တွေက ထူးဆန်းနေလို့လား။ ခွေးသေ[illegible]
ပန်းလား"





"မင်းကိုးတော်ကြီး ခွေးသေးပန်းရမှာလား။ ရေလောင်းနေတဲ့
[illegible]ကောင်မလေးကို ပြတာကွ"

ကျော်ကျော်က ရှေ့တိုးလာပြီး ...

"ဘာဖြစ်လို့လဲ ... ကောင်မလေးမှာ ဦးချိုပေါက်နေလို့လား"

"အတောင်ပေါက်နေလို့"

"ဟော"

"သေသေချာချာ ပြူးပြဲကြည့်ကြ၊ သနပ်ခါးပါးကွက်ကလေး
[illegible] ဘယ်လောက်ကျက်သရေရှိသလဲ ကြည့်စမ်း။ ဆံပင်ကလည်း ရှည်
[illegible]ယ်၊ အသားလေးကလည်း ဝင်းလို့"

ဒီတော့မှ အားလုံး ကောင်မလေးကို သေသေချာချာကြည့်
[illegible]တော့ ဟိုတက်လှည့်သွားသည်မို့ မျက်နှာကို မမြင်ရပေ။ မမြင်ရကာမှ
[illegible] မြင်ချင်လာကြတာမို့ အိမ်ထဲကို မဝင်ဖြစ်ကြသေးဘဲ ရပ်နေမိကြ
[illegible] ကောင်မလေးက တော်တော်နှင့် လှည့်မလာဘဲ ဟိုဘက်က
[illegible]န်းပင်တွေကိုသာ ရေလောင်းနေတော့ မင်းလူက ...

"သွားမယ်ကွာ လှည့်မှမလာတာ"

"နေစမ်းပါဦး"

"နောက်ကျောပဲ မြင်နေရတာကို"

"မြင်ရအောင် သွားကြည့်တော့မရဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်"

"ခဏလေး"

ကျော်ကျော် လက်ကိုလှမ်းဆွဲထားလိုက်ပေမယ့် ဖြိုးမော မောင်က ဖယ်ချခဲ့ပြီး ထွက်သွားလေသည်။ သူက ကောင်မလေး သနပ်ခါးပါးကွက်ကြားမျက်နှာလေးကို မြင်လိုက်ရတဲ့သူလေ။ ဖြိုးမော မောင်က အဲဒီလို ယဉ်သကိုအလှကို သဘောကျတတ်သူ။

ခေတ်မမီဘူးလို့ပဲပြောပြော ...

ကိုယ်သာ ခေတ်ရှေ့ကို တစ်လံလောက် ပြေးချင်ပြေးမယ် ပိန်းကလေးတွေဆို မြန်မာဆန်မှ ကြိုက်တာလေ။ ဟိုပေါ် ဒီပေါ်ဝ တဲ့ မိန်းကလေးတွေဆို အထင်မကြီးဘူးတဲ့။ မင်းလူကတော့ ပြော တယ်။ ဝတ်စားဆင်ယင်မှုနဲ့စိတ်ဓာတ် မဆိုင်ပါဘူးတဲ့။ မဆိုင်လည်း လူတစ်ယောက် အကြိုက်တစ်မျိုးစီပဲလေ။

"ဟိတ်"

"..."

"ဒီမှာ"

"ဟင်"

ဖျတ်ခနဲလှည့်ကြည့်လာတဲ့ မျက်ဝန်းလေးတွေက အရည် နေသလိုပါပဲလား။ နှုတ်ခမ်းစိုစို အနီရောင်ပျော့လေးက နှင်းဆီဖူးလေ





ဦး

"မင်း ဘယ်သူလဲ"

"ရှင်"

"မင်း ဘယ်သူလဲလို့ မေးနေတာလေ"

"လှပါ"

"ဟင်"

ဖြေလိုက်ပုံက တုံးတိပါလား။ ဖြိုးက ကောင်းကောင်းမွန်မွန် သေသေ ပြန်ဖြေမယ်လို့ပဲ ထင်ထားတာ။ အခု ပြန်ဖြေပုံက လှပါ တဲ့။ ဖြိုးက ဘုန်းသစ်စံလောက် မချောပေမယ့် ကြည့်ကောင်းသူပါ။ ကလေးအချို့ ကြည့်လောက်တဲ့ ဆရာဝန်လောင်းလေ။ ဒါ မသိလို့ တာ။ ဒီခြံထဲရောက်လာမှတော့ ဘုန်းသစ်စံရဲ့သူငယ်ချင်းဆိုတာ သိရ မှာပေါ့။

သူမက ညှော်သည်ပဲဖြစ်ဖြစ် ဘာဖြစ်ဖြစ် ...

ဒီခြံထဲမှာ ရှိနေမှတော့ ဒီခြံထဲရောက်လာသူတွေကို ကောင်း ကောင်းမွန်မွန် ကြိုဆိုဆက်ဆံရမှာပေါ့။ ဒါပေမဲ့ အပြစ်မယူနိုင်စွာဘဲ တ်က ကြည့်ဖြူနေလျက် ...

"လှမှန်းတော့ သိတာပေါ့ကွ ... ကိုယ်မေးတာက မင်းဘုန်း သစ်စံနဲ့ ဘယ်လိုပတ်သက်နေလဲလို့ မေးတာ၊ ပြီးတော့ အရင်က



www.burmeseclassic.com

www.burmeseclassic.com



မင်းကို ဒီမှာ တစ်ခါမှ မတွေ့ဖူးလို့"

"အရင်က မရှိလို့ မတွေ့တာပေါ့"

"ဒါဆို အခု ဘာလုပ်"

"အိမ်ဖော်"

"အဲဒါ စောစောကတည်းက ပြောလိုက်ရင် ပြီးတာကိုး"

ပြောစရာမလိုလို့ မပြောတာဆိုတဲ့စကားက ရင်ထဲမှာသာ နီနီရှေ့တည့်တည့်မှာ သူလာရပ်တော့ နီနီ သူ့ကိုကျော်ခိုင်းပြီး ဒီဘက်က ပန်းပင်တွေကို ရေလုည့်လောင်းလိုက်သည်။ သူတို့နဲ့စကားပြောစရာမှမလိုတာ။ လူဆိုတာ ကိုယ့်အဆင့်အတန်းနဲ့ကိုယ်နေကြတာ ဥစ္စာ။

ကိုယ်က ဒီအိမ်က အလုပ်သမားမို့ ...

ဒီအိမ်ကိုလာတဲ့သူတိုင်းကို သွားဖြဲပြပြီး ကြိုဆိုမနေနိုင်ပါဘူး လူကြီးသူမ ရှိသေထိုက်သူတွေဆိုရင်တော့ တစ်မျိုးပေါ့။ အခုဟာက လူငယ်တွေ။ တစ်သောင်းတန်ကိုင်နိုင်တဲ့သူက တစ်သောင်းတန်မာန ရှိသလို တစ်ရာတန်ကိုင်နိုင်တဲ့သူကလည်း တစ်ရာတန်မာနတော့ ရှိရမှာပေါ့။

ယောက်ျားလေးနဲ့မိန်းကလေးကြားမှာ ...

စည်းတွေဘောင်တွေခြားထားဖို့ လိုတာပဲလေ။ ဒီခြံထဲဝင်လာ





ကြီး ဒီအိမ်သားတွေရဲ့ပတ်သက်မှုကြောင့် ကိုယ်လိုက်ပြီး ပတ်သက်နေနိုင်ပါဘူး။ နာမည်ကိုက နှင်းဆီနီနီတဲ့။ ပန်းက ဆူးနဲ့ဆစ်ထားသလို နီနီက ကိုယ့်သိက္ခာအတွက် မာနနဲ့ဆစ်ထားသူ။

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"..."

"ဟေ့"

"နားမကြားဘူးထင်တယ် ဟုတ်လား"

"ရှင်တို့ ဒီအိမ်ကလူတွေနဲ့ တွေ့ဖို့လာတာ မဟုတ်လား။ ကိုယ့်လမ်းကိုယ်သွားပါ၊ အိမ်ဖော်တစ်ယောက်ရဲ့နာမည်ကို သိတော့ရော ရှင်တို့အတွက် ဘာထူးမှာမို့လို့လဲ"

"ထူးတာပေါ့ ကောင်မလေးရဲ့"

"..."

"အိမ်ဖော်လည်း လူပဲဥစ္စာ၊ အဆင့်အတန်းတွေ ခွဲခြားလည်း သေရင် ကိုယ့်နောက်ကို ဘာမှမပါတာချင်းတော့ အတူတူပါ"

နီနီ မျက်မှောင်လေး ကြုတ်သွားလေသည်။ အပြောကတော့ ကောင်းပါ့။

"နာမည်လေး ပြောရမှာကို ဘာလို့တွန့်တိုနေတာလဲ၊ မင်း နာမည်သိတော့ရော ဘယ်သူက ကိုက်ဖဲ့စားလို့ရမှာမှတ်လို့ နာမည်ကို



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ကပ်ညှပ်လုပ်ပြီးလည်း မဟုတ်တာ လုပ်လို့မရပါဘူးကွ"

နီနီ သူ့ကို ဖျတ်ခနဲ မော့ကြည့်လိုက်မိ၏။ သူပြောတာလည်း ဟုတ်နေတာပဲမို့ နာမည်ပြောရမှာ ဝန်မလေးတော့ပါဘူး။ ဒါလေး လေသံလေးပျော့ပြီး အပြုံးမျက်နှာနှင့်တော့ ပြောမှာမဟုတ်ပေ။ ဘာ ကြောင့်လဲဆို မေးတဲ့သူက ငယ်ငယ်ရွယ်ရွယ်ယောကျ်ားတစ်ယောက် ဖြစ်နေလို့ပါပဲ။

"ပြောလေ"

"ကျွန်မနာမည် နှင်းဆီနီနီ"

"ဟာ"

ဖြေလိုက်သံက တစ်ခွန်းချင်းဖြစ်ပြီး နောက်တစ်ခါ ပြန်မပြော နိုင်ဘူးဆိုတဲ့ သဘောပေါ့။

"နာမည်က ရင့်လှချေလား။ ဒါကြောင့် စကားပြောတာလည်း ရင့်နေတာ ထင်တယ်"

"ဟော့ကောင် ... ဖြိုး"

"ဟင်"

"ဘာတွေအရစ်ရှည်နေတာလဲ၊ လာလေကွာ"

သူငယ်ချင်းတွေကို ပြန်လှည့်ကြည့်တော့ ရုပ်တွေက စပ်ဖြဲ ဖြဲတွေပါ။ ဖျက်လိုဖျက်ဆီး လုပ်တာမုန်း သိတာကြောင့် ...





"ခွေးကောင်တွေ"

ကောင်မလေးနဲ့ ဆက်စကားပြောနေရင် ဒီကောင်တွေ ဆက် နောင့်ယှက်နေဦးမှာ။ ကောင်မလေးကိုလည်း အားနာတာကြောင့်။ ပြီး လှည့်ထွက်လာရတော့သည်သာ။

၀၀၀



www.burmeseclassic.com

## အခန်း (၁၅)

"ဘာ"

'ဘာ'ဆိုပြီး ဘုန်းသစ်စံ ဖြိုးကို မယုံနိုင်သလို ကြည့်လိုက်ခြ ၏။ ဖြိုးကတော့ ရုပ်တည်ကြီးနဲ့ပါပဲ။ မင်းလူနဲ့ကျော်ကျော်ကတော့ ပြုံးစိစိတွေ။

"မင်းက နှင်းဆီနီနီကို သဘောကျလို့ ငါက ပြောပေးရမယ် ဟုတ်လား"

"အေးလေ ... မင်းအတွက် ဘာအပန်းကြီးတာမှတ်လို့"

"မင်း စကားကို လွယ်လွယ်မပြောနဲ့ ဖြိုး"

"ဟင်"





"မင်း ... သူ့ကို ခုမှတွေ့ဖူးတာ မဟုတ်လား"

"ဟုတ်တယ်လေ ... ဘာဖြစ်လို့လဲ၊ ဟိုစကားတောင် ရှိ သေးဘာပဲဥစ္စာ၊ မြင်မြင်ချင်းချစ် တန်းတန်းစွဲဖြစ်တယ်ဆိုတာလေ"

"အကျိုးတော်ဆောင်ပေးလိုက်စမ်းပါ ဘုန်းသစ်ရာ၊ ဒီ ကောင် အဲဒီကောင်မလေးကိုမြင်ပြီး မျောက်ကြက်ချေးကိုင်မိသလို ဖြစ်နေတာ"

"ဟား ဟား ဟား"

ကျော်ကျော်ပြောတဲ့ စကားကို မင်းလူက သဘောကျစွာ ရယ်လေသည်။ ဒါကိုပဲ ဖြိုးက မျက်စောင်းကြီးထိုးလို့ ...

"ပြောအားရှိတုန်း ပြောထား။ မင်းတို့အလှည့်ကျမှ ငါ့ထက် ခြေအနေဆိုးမယ်"

"ပြောအားရှိတာပေါ့၊ ငါက ငါ့အလှည့်ဆိုတာ ရှိလာမှာမှ မဟုတ်တော့တာ"

ကျော်ကျော်က ရည်းစားရှိပြီးသားကောင်ဆိုတော့ ပြော အားရှိလို့ ပြောသည်လေ။ ဖြိုး ဘုန်းသစ်ဘက်သို့ ပြန်လှည့်လိုက်ပြီး

"ဘုန်းသစ်"

"ဘာလဲကွ"

"လုပ်ပါကွ ... ကောင်မလေးကို ပြောပေးနော်၊ သူနဲ့ငါ



www.burmeseclassic.com

www.burmeseclassic.com



အဆင်ပြေလို့ ညားရင် မင်းကို သားဦးကလေး ကန်တော့ပါ့မယ်

"မင်း အပြောမလွယ်နဲ့ ဖြိုး။ နိနိဘဝကို မင်းသိတယ် ငါ နိမ့်ပြီးပြောတာ မဟုတ်ဘူး။ မင်းအသိုင်းအဝိုင်းက လက်ခံမှာ လား"

"အသိုင်းအဝိုင်းနဲ့ ဘာဆိုင်လဲ၊ ပေါင်းမှာက သူနဲ့ငါပဲဥ"

"အမယ် ... အပိုင်တွက်နေပါလား"

"မင်းလူ ... မင်းပါးစပ်ကို ပိတ်ထားစမ်းပါ"

ဖြိုး ... မင်းလူပါးစပ်ကို လှမ်းပိတ်လိုက်၏။ သူက ကော လေးကို တကယ်သဘောကျမိသွားတာလေ။ ဒါကိုပဲ မယုံသက် ဘုန်းသစ်စံ ...

ဖြိုးကို ခပ်တွေတွေ စိုက်ကြည့်မိလိုက်၏။

ဒီကောင်, ကောင်မလေးတွေကို စ,တာ နောက်တာ ရှိပါတယ်။ ဒါပေမဲ့ အတိအလင်းတော့ ချစ်သူမရှိသေးဘူးလေ။ တာတွေ ရှိပေမယ့် သူငယ်ချင်းလည်းမက ရည်းစားလည်း မ ဆိုတာမျိုးတွေပဲ ရှိတာ။

အခု ...

ဒီကောင့်ကို မယုံရခက် ယုံရခက်ပါပဲ။

"ငါ ကောင်မလေးကို တကယ်အတည်ပါကွ၊ မင်းပြော





ကွာနော်"

"မင်း သူ့ဘဝထဲကို တိုးဝင်ရလိမ့်မယ်နော်၊ ဝင်ရဲပါ့မလား"

"မင်းကလည်း မုန့်ဆီကြော် ဘယ်နေမှန်းမသိ နှုတ်ခမ်းနာနဲ့ ည့်ပါ့မလား ဖြစ်နေပြီ"

"ပြောရမယ်လေ၊ အခြေအနေချင်းက တူမှမတူတာ၊ ချစ်ပြီး ကွဲကြရတာထက်စာရင် မချစ်ခင်က ကိုယ့်နှလုံးသားကိုယ် ဆုံးမထား ာ အကောင်းဆုံးပဲ"

"ငါက စွန့်စားမယ်ဆိုရင်ရောကွာ"

ဖြိုးပြောလိုက်တော့ ဘုန်းသစ် ပါးစပ်ပိတ်သွားလေတော့၏။ းစပ်ပိတ်ပေမယ့် အတွေးကတော့ မတိတ်ပါဘူး။ ဒီကောင် တကယ် ကြီးလားဆိုပြီးတော့ပေါ့။

"ဘယ်လိုလဲ"

"မင်းပြောသလောက် မလွယ်ဘူးကွ"

"ဟမ် ... ဘာမလွယ်တာလဲ"

"သူ့ကို ပြောရဖို့လေ"

"ဟ ... မင်းကိုယ့်အိမ်မှာနေတဲ့ သူကိုတောင် ကိုယ်မပိုင် ဘူးလား ဘုန်းသစ်ရ"

"ပိုင်မလားကွ ... ကိုယ့်အိမ်မှာနေတာက အလုပ်ရှင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားအဖြစ်နဲ့ သူက ငါ့သမီး ငါ့ညီမမှ မဟုတ်တာ၊ တို့ပိုင်တာ သူ့ရဲ့အချိန်ကိုပဲ ပိုင်တာ၊ သူ့ရဲ့ personal ကိစ္စတွေပါ ပိုင်တာ မဟုတ်တာ၊ ပြီးတော့ အဲဒီကောင်မလေးက ဆန်မရှိ သောက်စားရှိ ဆိုသလို လူကသာ ဒီအိမ်မှာ ငွေရေးကြေးရေးအခက်အခဲကြောင့် လာလုပ်နေတာ မာနက ခပ်ကြီးကြီးရယ်"

"ဟုတ်လား"

"မင်းကြိုက်တာမို့လား ... မင်း သတ္တိရှိရင် ကိုယ့်ဘာသာ ပြော"

လွှမ်းခနဲပြုံးပြီး ဘုန်းသစ်ကိုကြည့်လိုက်တဲ့ ဖြိုးအကြည့်ထဲ က တစ်မျိုးပါ။ ဒီကောင် ဒီလောက် ဂဏှာမငြိမ်လုပ်နေတာ မိန်း ရိုးရဲ့လား မသိဘူးပေါ့။ သူကလည်း မျက်စိကန်းနေတဲ့ကောင်း မဟုတ်တာ။ နှင်းဆီနီနီရဲ့ယဉ်သကိုအလုကို မြင်မှာပေါ့။ တွန့်တိုနေတာ ပဲဖြစ်မှာပါ။

ကိုယ်တောင် ခုမှမြင်ဖူးပြီး ဒီလိုဖြစ်နေရင် ...

ဒီကောင်က နေ့တိုင်းမြင်နေရတာကိုး။

"ဘုန်းသစ်"

ခေါ်လိုက်တာက ကျော်ကျော်ပါ။

"မင်း ... ဟုတ်သေးရဲ့လားကွာ"





"ဘာကိုလဲ"

"အဲဒီလောက်ဖြစ်နေတာ မင်းများ ကောင်မလေးကို"

"ဟေ့ကောင်"

ဘုန်းသစ် ပျာပျာသလဲ ဖြစ်သွားပြီး ...

"မင်း မဟုတ်တာတွေ မပြောနဲ့နော်၊ ငါက ရှေ့အနာဂတ် အတွက် ကြိုတွေးပြီး ပြောနေတာကွ"

"ဟုတ်လား"

"အမယ် မေးပုံက ငါ့ကို မယုံသက်ာနဲ့"

"မင်း ဝန်ခံလေ ငါ ရှေ့မဆက်တော့ဘူး"

"ကျွတ်"

"ဘာလဲ"

"ဟုတ်မှမဟုတ်တာ ငါက ဘာကိုဝန်ခံရမှာလဲ"

"ဒါဆို မင်း ပြောပေးနိုင်မှာပေါ့"

အပြောရခက်လိုက်တာ။ ဘုန်းသစ် ခေါင်းကုတ်လိုက်မိပြီး

"ကောင်းပြီ ငါ ပြောပေးမယ်"

"တကယ်နော်"

"ဆယ်ကာယ်"

သူတို့ပြောနေကြရင်းပဲ နီနီက ညှော်ခန်းကို ဖြတ်လျှောက်



www.burmeseclassic.com

www.burmeseclassic.com



လေလျှင် ...

"နှင်းဆီနီနီ"

ဘုန်းသစ်စံ လှမ်းခေါ်လိုက်တော့ နီနီက လှည့်ကြည့်

သည်။

"ခဏလာဦး"

ခဏတော့ နီနီ တွေတွေကလေး ရပ်နေ၏။ ယောကျ်ား တွေ အများကြီးရှေ့မှာ နီနီ သွားရပ်ရဲသလား။ ရပ်ရဲရမှာပေါ့။ ကိုယ် မဟုတ်တာ လုပ်နေတာမှ မဟုတ်တာ။ သူတို့က သူတို့အဆင့်အ နဲ့ သူတို့ နေသလို ကိုယ်ကလည်း ကိုယ့်အဆင့်အတန်းနဲ့ ကိုယ် တာပဲဥစ္စာ။ သူတို့နဲ့ကိုယ် မဆိုင်တဲ့ ရပ်ဝန်းဒေသအသီးသီးမှာ နီနီ အရှက်မရှိတတ်လို့လည်း မဟုတ်ပေ။

ဘုန်းသစ်စံဆိုတာ ကိုယ့်အလုပ်ရှင်ပဲလေ။

သူခေါ်ရင် သွား။ သူ့မျက်နှာကြည့်ပြီး သူခိုင်းတာ လုပ် ရမှာပဲ မဟုတ်ဘူးလား။

တွန့်တွန့်ဆုတ်ဆုတ်ပုံစံမျိုးမဟုတ်ဘဲ လျှောက်သွားလိုက်

"အစ်ကိုလေး ဘာခိုင်းမလို့လဲ"

"ခိုင်းစရာရှိလို့ မဟုတ်ဘူး။ ပြောစရာရှိလို့ ခေါ်တာ"

"ဟုတ်ကဲ့ ပြောပါ"





ဘုန်းသစ်စံ ဖြူးဘက်သို့လှည့်ကာ ...

"သူ့နာမည်က ဖြူးမောင်မောင်တဲ့ ... မှတ်ထား။ ငါ့သူငယ် ချင်း သူက နင့်ကို စိတ်ဝင်စားလို့တဲ့၊ အဲဒါ ပြောပေးပါဆိုလို့ အခု ငါပြောပေးတာ"

"ဟာ ... ဟေ့ကောင်"

ဖြူး ပျာပျာသလဲ ဖြစ်သွားရ၏။ ကွယ်ရာထောင့်ရာမှာ ပြော ခိုင်းတာ ခုတော့ မျက်နှာပြောင်ကြီး တိုက်လို့ပါလား။ ပြီးတော့ ကောင်မလေးနဲ့ ကိုယ်က ရင်းနှီးသေးတာ မဟုတ်ဘူးလေ။ အခုမှ တွေ့တယ်။ အခုပြောတော့ ကောင်မလေး ဘယ်လိုထင်သွားမလဲ။

ရှက်သွားမလားလို့ မျက်နှာလေးကို လှမ်းကြည့်လိုက်တော့

သူထင်သလို မဟုတ်ပေ။ ကောင်မလေးမျက်နှာက တင်း သွားပြီး နှုတ်ခမ်းလေးက တင်းတင်းစေ့လို့ပါ။ သူ့ကို အထင်သေးလို့ ဒီလိုပြောတယ်လို့ ထင်သွားပြီလား။ ဒါကြောင့် ဘုန်းသစ်ကိုပဲ စိတ်တို သွားတာ။

"ဘုန်းသစ် မင်းကွာ"

"ငါ လမ်းကြောင်းဖွင့်ပေးပြီးပြီလေ၊ ရှေ့ဆက်လျှောက်ဖို့က တော့ မင်းတာဝန်ပဲ"

"ဟေ့ကောင် ... ပြောနေရင်းကကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ပွင့်လင်းမြင်သာမှုလေကွာ"

"အေးနော် ... ဟုတ်"

မင်းလူနဲ့ကျော်ကျော်က ဝင်နောက်လေ၏။

"အစ်ကိုလေး"

ဘုန်းသစ်စံ ကြည့်လိုက်တော့ သူ့ကို ပြန်ကြည့်နေတဲ့ နီနီ မျက်လုံးတွေက စူးစူးရဲရဲပါ။ ဘာဖြစ်တာလဲ ပွင့်ပွင့်လင်း ပြောပြတာကို မကျေနပ်ဘူးလား။

နီနီ့စိတ်ထဲမှာတော့ ...

ကိုယ့်ကို ဒါ အထင်သေးတာလို့ စိတ်ထဲမှာ အောင့်သက်သ နင့်ပါ။ ကိုယ့်အလုပ်ရှင်မို့လို့သာပေါ့။ အခြားသူသာဆို ဒီလိုပြော ကျပြောခြင်းအတွက် ကိုယ့်သိက္ခာကို စော်ကားတာဆိုပြီး ပါးဆွဲ ပစ်မိမှာ အသေအချာပါ။ အခုလည်း ဒီကိစ္စအတွက် နီနီ ရင့်န စိတ်မနေနိုင်ဘူးလေ။

ဒါကြောင့် ...

"အစ်ကိုလေး ... နီနီ့ကို တော်တော်အထင်သေးတာ နီနီက လူဆင်းရဲပေမယ့် အရှက်နဲ့သိက္ခာတော့ မဆင်းရဲသေးပါ အစ်ကိုလေးရဲ့ ဘာလဲ ... ငါတို့အထက်တန်းလွှာဆိုပြီး အစ်ကိုလေ က နီနီ လက်ခံလိမ့်မယ်လို့ သေချာပေါက် တွက်လိုက်တာလား"





"ဟာ ... နီနီ"

သူမ ထောက်ပြလိုက်တော့လည်း ဟုတ်နေတာပဲလေ။ စကား မှားသွားပြီလို့ တောင်းပန်ဖို့ ကြိုးစားလိုက်ပေမယ့် ...

"အစ်ကိုလေးမသိရင် မှတ်ထား ... ပိုက်ဆံတစ်ရာတန်ပဲ နိုင်တဲ့သူကလည်း တစ်ရာနဲ့တန်တဲ့ မာနတော့ ရှိတယ်"

ပြောပြီး နီနီ ချာခနဲလှည့်ထွက်သွားလေလျှင် ဖြိုးက ...

"ကောင်းကုန်ရောကွာ"

ဝဝဝ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"တစ်လှမ်း နှစ်လှမ်း တိုးလိုက်ပါဦး ဦးရဲ့"

"ဟာ ... မရတော့ဘူး"

"ရပါတယ် ... တိုးကြည့်လိုက်ပါ ဦး"

"မရပါဘူးဆို"

"ရပါတယ်"

"နှင်းဆီနီနီ"

"ရှင်"

ဦးမင်းခန့် အော်လိုက်တော့ နီနီ ဆတ်ခနဲ မော့ကြည့်ပြီး ပါးစပ်ပိတ်သွားလေတော့၏။ သူမ ဦးမင်းခန့်ကိုတွဲပြီး လမ်းလျှောက်





ခဲ့တာလေ။ စိတ်မထင်လို့ အော်လည်း ခံ၊ ငေါက်လည်း ခံနှင့် နေ၍ သည်းခံပြီး လမ်းလျှောက်စေခဲ့တာ အခုဆိုရင် အရင်ထက် တိုးတက်လာပါပြီ။

အရင်က တစ်လှမ်းစ၊ နှစ်လှမ်းစကနေ ...

အခုဆိုရင် သုံးလေးလှမ်းတော့ လှမ်းနိုင်နေပြီလေ။ ဒါကို နည်းနည်းထပ်တိုးခိုင်းတာကြောင့် ဦးမင်းခန့် မခံနိုင်စွာ အော်လိုက်ခြင်းပါ။ နီနီ အော်တာခံလိုက်ရတော့လည်း ဦးမင်းခန့်ကို ဝိုးလ်ချဲပေါ် ပြန်ထိုင်ပေးဖို့ ပြင်လိုက်စဉ် ...

"ခဏနေဦး"

"ဟင်"

"မထိုင်နဲ့ဦး ဖေဖေ ... ကြိုးစားကြည့်ပါဦး။ သားတွဲထားပေးမယ်"

"ဟာ ... မရတော့ဘူးကွ"

"ဘာလို့မရ,ရမှာလဲ ဖေဖေရဲ့ ယောကျ်ားပဲဥစ္စာ တောင့်ထား။ သားတစ်ယောက်လုံးရှိတယ် ဖေဖေ ဘာမှမဖြစ်စေရဘူး။ ဒီလိုပဲ အနာခံပြီးကျင့်မှ မြန်မြန်ပြန်ကောင်းလာမှာပေါ့ ဖေဖေရဲ့"

"ကျွတ်"

"လုပ်ပါ ဖေဖေရာ"



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းသစ် ဖခင်ကို ကလေးလိုပဲ ချော့ကာ ဝင်တွဲလိုက်ေ
နီနီ ကျောခိုင်းကာ ထွက်လာခဲ့တော့သည်။ ခါတိုင်းဆို သူနဲ့
ယောက်အတူ ဦးမင်းခန့်ကို ပြုစုခဲ့ပေမယ့် အခု မျက်နှာချင်းမဆိုင်
ပေ။ ကိုယ့်သိက္ခာ၊ ကိုယ့်မာနတွေ အစော်ကားခံလိုက်ရသလိုမျိုး
တွက် ကျေနပ်နိုင်ပါ့မလား။

သူနဲ့ကိုယ် နှစ်ယောက်တည်းတောင် သူ့အနေနဲ့ ကြားမ
သင့်တဲ့ကိစ္စ မဟုတ်ဘူးလား။ သူများ သားပျိုသမီးပျိုကို ခေါ်ထား
လာပေးထားတယ်ဆိုပေမယ့် ထိန်းရသိမ်းရမှာ သူတို့တာဝန်ပဲေ
ဒါကိုများ ယောကျ်ားလေးတွေရှေ့မှာ ပြောလိုက်တာ နီနီ့သိက္ခာ
ရှိဦးမှာလဲ။

နီနီ . . .

ခွဲကြိုးကိစ္စအတွက် ငွေအရမ်းလိုနေလို့သာပေ့ါ။ မဟုတ်
အဲဒီကတည်းက အလုပ်ထွက်လိုက်တာ ကြာပြီ။

"နီနီ"

". . ."

"နီနီ"

"အမေ့"

"သြော် . . . ဘယ်လိုဖြစ်ရတာလဲဟယ်၊ နီးနီးလေး ကပ်ခေ





ဘာကို မကြားဘူး၊ ကြားတော့လည်း လန့်ရတယ်လို့"

"အင်း . . . အဲ ဆောရီး ဒေါ်စန်း၊ နီနီ အတွေးလွန်သွား
ပြီ"

"ဘာတွေတွေးလာတာလဲ ပြောစမ်းပါဦး"

"ဒီလိုပါပဲ"

အဲဒီ . . . ဒီလိုပါပဲဆိုတဲ့စကားကိုပဲ သိချင်စွာ ရှောင်ကွင်း
သွားတဲ့ နီနီ့နောက်ကို ဒေါ်စန်း ပြန်လှည့်ပြီး လိုက်လာ၏။ လူတွေက
ပြောချင်တဲ့စကားဆို ပိုပြီး သိချင်ကြတာပဲလေ။ နီနီ မျက်နှာ
ကောင်းတာကို သတိတော့ထားမိသား။ ဒီကလေးမ ဘာကို မကျေ
နပ်ဖြစ်နေပါလိမ့်။

"ဒီလိုပါပဲဆိုတာ ဘာလဲ နီနီ"

နီနီ တုံ့ခနဲရပ်သွားပြီး ပြန်ငဲ့ကြည့်ကာ . . .

"ဒေါ်စန်းက ဘာကိုသိချင်တာလဲ"

"နင် တစ်ယောက်ယောက်ကို မကျေနပ်ဘူးထင်တယ်"

"ဟုတ်တယ်"

"ဘယ်သူ့ကိုလဲ"

"ဘုန်းသစ်စံ"

"ဟယ် . . . ဘုရား . . . ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စန်း တကယ်ပဲ ရင်ထိတ်စွာ ရင်ဘတ်ကို ဖိလိုက်မိသ ဘုန်းသစ်စံလို့ နာမည်အပြည့်အစုံကို သူမ အသက်ကြီးတဲ့သူ တစ်ခါမျှ မခေါ်ဖူးခဲ့ပေ။ ပြီးတော့ သူက ကိုယ့်အလုပ်ရှင်လေ။ နီ မကျေနပ်တာက ဘုန်းသစ်ဆိုတော့ ...

"နီနီရယ် ...နင်က ဘုန်းသစ်ကို ဘာများ မကျေနပ် တာလဲ၊ ငါ့ကို ပြောပြစမ်းပါ"

နီနီ နှုတ်ခမ်းလေး မဲ့ခနဲဖြစ်သွားပြီး ...

"ဘယ်အရာမဆို အသာစီးရထားတဲ့လူတွေက နိမ့်ကျ လူတွေကိုဆိုရင် အထင်သေးကြတာပဲလေ၊ ငါတို့က ဝက်သားဟင်း ဆိုပြီး အဆီပေးရင်တောင် လွှင့်မပစ်ရက်လို့ ဆင်းရဲသားတွေ ဟင်းရွက်ပြေးခူးပြီး ရောကြော်စားမယ်လို့ ထင်ထားကြတာ"

"ကိုဘုန်းက အဲလိုလူမျိုး မဟုတ်ပါဘူးဟဲ့"

"မဟုတ်လို့သာပဲ ... ဟွန်း။ သူ့ဘာသာ ဝက်သားဖြစ်ဖြ ဘာဖြစ်ဖြစ် နီနီလို မိန်းကလေးမျိုးက ဟင်းရွက်ချည်းပဲ ကြော်စားပြီး ခံတွင်းပျက်ခံမယ်၊ ကိုယ့်မာနနဲ့သိက္ခာကို ဘယ်တော့မှ အထိခိုက် မခံဘူး"

"နင်ပြောတာကို ငါ နားမလည်ဘူး"

နားမလည်ဘူးဆိုတော့ နားလည်အောင် ပြောပြဖို့ နီ





ပြတ်လိုက်၏။ အဲဒီကိစ္စအတွက် မကျေနပ်လို့ ရင်ထဲမှာ တင်းကျပ် ဘာလေ။ ဒါကြောင့် တစ်ယောက်ယောက်ကို ဖွင့်ပြောလိုက်မှ ထဲပေါ့သွားမှာ။

ဒါကြောင့် ...

"နားလည်အောင် နီနီ ပြောပြမယ်"

ဆိုပြီး ဖြိုးမောင်မောင်ဆိုတဲ့လူနဲ့ ပြောင်ကျကျ အောင်သွယ် ပ်တဲ့ကိစ္စကို နီနီ ပြောပြလိုက်သည်။ မကျေနပ်တာတွေရော လက် နိုင်တာတွေရောပေါ့။

"ဟယ် ... အဲဒါ တကယ်လား နီနီ"

"ဒေါ်စန်းက နီနီ လုပ်ကြံဇာတ်လမ်းခင်းပြနေတယ် ထင်လို့ သား"

"မဟုတ်ပါဘူး။ အဲဒီလိုဆိုရင်တော့ ဘုန်းသစ် လွန်တာပေါ့၊ မဲ့သိရင် ဆူတော့မှာပဲ၊ ကိုယ့်အိမ်မှာနေတဲ့ အပျိုလေးကို စောင့် ရှောက်ရမှာ ကိုယ့်တာဝန်ပဲလေ"

"အဲဒါ ပြောတာပေါ့၊ အခု သူကစပြီး သူများနဲ့ အောင်သွယ် ပေးတာ ကောင်းသလား"

"ဒါပေမဲ့ တစ်ခုတော့ရှိတယ် နီနီရဲ့"

ဘာလဲဆိုသောသဘောနှင့် မျက်လုံးကသာ စကားပြောလေ



www.burmeseclassic.com

www.burmeseclassic.com



လျှင် ...

"ဖြိုးမောင်မောင်က သင့်တော်တဲ့သူမို့လို့"

"တော်စမ်းပါ"

"နှင်းဆီနီနီ"

"ဟော"

နှင်းဆီနီနီလို့ ခပ်ငေါက်ငေါက်ခေါ်သံကြောင့် ဒေါ်စန်းနွတ် ဟောဆိုတဲ့အသံ ထွက်လာပေမယ့် နီနီ့ပါးစပ်ကတော့ ဘာသံ ထွက်မလာပေ။

ခေါ်လိုက်တဲ့သူက ဘုန်းသစ်စံပဲလေ။

"နင် ... ဘာအချိုး ချိုးတာလဲ"

"ဘာကိုလဲ"

"နင်က ငါနဲ့ မျက်နှာချင်းမဆိုင်ချင်လို့ ရှောင်ထွက်သွား တာလား"

"သိနေရင် ဘာလို့မေးနေသေးလဲ"

"ဘာ"

"ဟဲ့"

မချေမငံတွေ ဖြစ်ကုန်မှာစိုးလို့ ဒေါ်စန်း နီနီ့ကို တားလိုက် ပေမယ့် ...





"မကျေနပ်ရင် အလုပ်ထုတ်လိုက်"

"နှင်းဆီနီနီ"

နာမည်ကိုသာ အော်ခေါ်ပြီး ဘုန်းသစ်စံ ဘာမှမပြောလိုက် နိုင်။ နီနီက သူ့ရှေ့ကနေ ထွက်သွားပြီလေ။ ပြီးခဲ့တဲ့ကိစ္စမှာ ကိုယ် ဘွန်မှန်း သိပေမယ့် ဒီလောက်အထိ ဖြစ်ဖို့လိုသလား။ အခု သူကပဲ ဘာရေကြောရေနိုင်လို့ ... တွေ့ဦးမယ် ဒင်း။

○○○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"ကျွတ်"

ဘုန်းသစ်စိတ်တစ်ယောက် နေမထိ ထိုင်မရနှင့် ခုမှ ဘာနဲ့… နေမှန်း မသိတော့ပါဘူး။ ကိုယ်မွေးတဲ့မျောက်က ကိုယ့်ပြန်ခြော… နေလို့လေ။ ဖြူးကိစ္စ ကိုယ်က အမှန်ကို အမှန်အတိုင်း ပြော… ဘာမှားလို့လဲ။ လူကွယ်ရာပဲပြောပြော ရှေ့တင်ပဲ ပြောပြော စကား… စကားပဲဖြစ်ပြီး …

ဘယ်စကားလုံးကများ လူကိုပေါက်ရင် သေတတ်လို့… သဘာဝကို သဘာဝအတိုင်းပဲ ပြောတာ။ ဒါကိုပဲ သင်းလေး… အကျယ်ချဲ့ပြီး သူနဲ့ မျက်နှာချင်း မဆိုင်ချင်လောက်အောင် ဖြစ်နေ…





"သား"

"…"

"သား"

"ဗျာ"

ဒေါ်ဝတ်မှုံက သားဆီသို့ လျှောက်လာရင်း …

"မေမေ သားကို ရပ်ကြည့်နေတာ ကြာပြီ၊ ထိုင်လည်း မထိုင် တစ်နေရာရာကို သွားတာလည်းမဟုတ်၊ ဒီနေရာမှာတင် ခေါက်တုံ့ခေါက်ပြန် လျှောက်ပြီး ဘာလုပ်နေတာလဲ"

"ဗျာ"

မိခင်က ဖြေဟု မေးဆက်လေလျှင် …

"ဘာမှမဟုတ်ပါဘူး"

"မေမေ့ကို မညာနဲ့သား။ မင်းကို မေမေ မွေးထားတာပါ၊ ဘာဖြစ်နေတာလဲ"

ဘုန်းသစ် သက်ပြင်းချလိုက်မိ၏။ မိဘဆိုတာ သားသမီး …စပ် ဟလိုက်တာနဲ့ ဝမ်းထဲမှာ အူဘယ်နှခွေဆိုတာ သိနေတဲ့ သူတွေဆိုတော့လေ။

"ဟိုကောင်မလေးကို မကျေနပ်လို့ မေမေရာ၊ သူကပဲ …အုံ့ထင်နေသလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘယ်ကောင်မလေးလဲ"

"နှင်းဆီနီနီပေါ့"

"ဘာဖြစ်လို့လဲ သား"

"ဒီလို မေမေရဲ့"

ဖြိုးတို့အိမ်ရောက်လာတဲ့နေ့က အဖြစ်အပျက်ကို ဘုန်းသ[illegible] မေမေ့အား ပြောပြလိုက်၏။ ကိုယ်လွန်သွားမှန်း သိပေမယ့် အ[illegible] မပေးချင်တဲ့စိတ်ကြောင့် သူ့မှာ မကျေနိုင် မလည်နိုင်။ သူ့စကား[illegible] သွားလေတော့။

"သားစကားအရဆိုရင် နီနီ့ကို အပြစ်မတင်နဲ့သား။ မှား[illegible] က သားပဲ"

"ဗျာ"

"ဟုတ်တယ်၊ နီနီက မိန်းကလေးလေ၊ ဖြိုးရှေ့မှာ ပေါ[illegible] ကြီး ပြောတယ်ဆိုတော့ သား သူ့ကို အထင်သေးလို့ သူ့သိက္ခာ[illegible] မငဲ့ကွက်ဘဲ ပြောလိုက်ရကျတာပေါ့။ အဲဒါ နီနီမို့လို့ပဲ၊ နီနီ့နေရာ[illegible] မေမေသာဆိုရင်"

ဘာဖြစ်နိုင်သလဲလို့ဆိုပြီး နားစွင့်လိုက်စဉ် ...

"ဖြစ်ချင်ရာဖြစ်ဆိုပြီး မင်းကို တစ်ခုခုလုပ်မိမှာ သေချာတ[illegible] ဘုန်းသစ်ရဲ့"





"ဟင်"

"တကယ်ဆိုရင် နီနီက မေမေတို့အရိပ်အောက်မှာနေတာ၊ [illegible]မိုးမတော်ရင်တောင် ကိုယ်က ဆုံးမရမှာလေ၊ သူမကောင်းတာ [illegible]ခုလုပ်ရင် မေမေတို့မှာ တာဝန်ရှိတယ်"

"မေမေကလည်း ဖြိုးက သားသူငယ်ချင်းလေ၊ အခြားသူမှ [illegible]တာ၊ သင့်တော်တဲ့သူမို့ သားက ပြောပေးတဲ့ဥစ္စာ"

"သား"

ဘုန်းသစ် ဒီလိုပဲ ဆင်ခြေပေးမိတော့၏။ ကိုယ့်အပြစ် မကင်း[illegible]မယ့် ကိုယ်က ချောက်တွန်းတာမှ မဟုတ်ပဲလေ။ ဖြိုးက သူ့ကိုရိုး[illegible]နေရင် သူပြောပေးပါ့မလား။ ဒီစေတနာလေးတော့ နားလည်ဖို့ [illegible]ကောင်းတာပေါ့"

"လူတစ်ယောက်က ပညာတတ်ဖြစ်ဖို့ထက် ပညာရှိဖြစ်ဖို့ [illegible]တယ် သား။ ကိုယ်ဖြစ်ချင်တာထက် သူ့နေရာကိုလည်း ဝင်ပြီး [illegible]ပေးတတ်ရမယ်၊ ဖြိုးနဲ့ သင့်တော်တယ်ဆိုတာ မင်းရဲ့အယူအဆ [illegible] သူ့ဘက်က တွေးကြည့်ရင် မိန်းကလေးဆိုတာ ဣန္ဒြေဆင်မှ [illegible]တယ်၊ ရှိသင့်ရှိထိုက်တဲ့မာနနဲ့ ကာကွယ်မှ အန္တရာယ်ကင်းတယ်၊ [illegible]ရဲတဲ့လူတိုင်းက ဂုဏ်တွေ၊ ငွေတွေ မက်ကြတာမှမဟုတ်ဘဲ"

"ဟုတ် ... သား နားလည်ပါပြီ မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"နားလည်ရုံနဲ့ မပြီးသေးဘူး သား"

"ဗျာ"

"မင်း နီနီ့ကို တောင်းပန်ရမယ်"

"ဟာ ... မေမေကလဲ"

"မင်း မှားနေတာပဲလေ၊ မှားတဲ့လူက တောင်းပန်ရ..."

"တီး ... တောင် ... တီး ... တောင်"

"ဟင်"

"သား သွားလိုက်မယ်"

လူခေါ်ဘဲလ်နှိပ်သံကြောင့်ပဲ ဘုန်းသစ် အသက်ရှူချော... လေ၏။ ဘယ်သူလဲဟု ခြံဝဆီသို့ တလွှားလွှား လာခဲ့ပြီး ခြံတံ... ဖွင့်လိုက်လေလျှင် ...

"ဟင်"

"နီနီရှိလားဟင် ကိုဘုန်း"

"အင်း"

လက်ထဲမှာ လေးဆင့်ချိုင့်ကိုဆွဲလျက် ပြုံးပြမေးလိုက်... နှင်းဆီနီနီရဲ့အစ်မ နှင်းဆီဖြူဖြူပါ။ မထင်မှတ်တဲ့သူကို တွေ့လိုက်... အံ့ဩစွာ အင်းလို့ဖြေပြီးမှ ...

"ရှိပါတယ်"





"ဖြူဖြူ သူနဲ့ ခဏလောက် တွေ့ပါရစေနော်၊ ဟိုလေ နီနီက ...နှင်းဆီခါးကြိုက်လို့ အမေက ချက်ပြီး ပို့ခိုင်းလိုက်လို့ပါ၊ ကိုဘုန်းဖို့ ...ည်း ပိုထည့်လာတယ်၊ အများကြီးပဲ"

"ရပါတယ်"

"ရှင်"

"ဝင်သွားလို့ပြောတာ ... နီနီ ရှိတယ်"

"ဟုတ်ကဲ့ ... ကျေးဇူးပါနော်"

ဖြူဖြူ သူ့ရှေ့ကနေ ဖြတ်လျှောက်လာခဲ့ပြီးမှ နောက်ကြောင်း ...၍ လှည့်ကြည့်လိုက်မိသည်။ သူကတော့ တစ်ခုခုကို စိတ်ပျက်လက် ...က်နှင့် ရပ်နေဆဲပါပဲ။ တစ်ခါမြင်ဖူးရုံနှင့် မမေ့နိုင်။ နှစ်ခါမြင်ဖူးတော့ ...ခဏ တမ်းတမိသည့် ဒီလူ့ကို နောက်ပြန်လှည့်မကြည့်ဘဲ မနေမှ ...နေနိုင်ပဲလေ။

သူ့ကိုယ်ပေါ်မှာ ...

ဘယ်လိုဓွဲအားတွေ ဆောင်ထားသလဲ။ ဂုဏ်တွေ၊ ဓနတွေ ...ကြောင့် မာနကြီးတာလား။ အလှအပတွေကို မခံစားတတ်တာလား။ ...မြင်သူတိုင်း ငေးရတဲ့ ဖြူဖြူ့ကို သူကတော့ ဖုတ်လေသည့်ငပိ ရှိ ...ဘယ်လို့ပင် မှတ်ပုံမပေါ်ပေ။ ဘာဖြစ်လဲ ... မိန်းမမာယာ သဲကိုးဖြာ ...ဲ့၊ ကြိုးစားကြည့်ရမှာပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



ဖြူဖြူက ...

ဖြတ်လမ်းက ခုန်တက်ချင်း တက်ဖြစ်သလိုတက်ပြီး ခလုတ်တိုက်မိတာမျိုးတော့ အဖြစ်မခံနိုင်ပေ။ သွားမပါရင်နေ ကားပေါ်ပြီးရောဆိုတာမျိုး ကိုယ့်ရုပ်ကိုယ့်ရည်နဲ့ လုပ်စရာလား။ ကိုယ်နဲ့လိုက်ဖက်ရာ လိုက်ဖက်ကြောင်းနှင့်သာလျှင်။

"ဟင်"

ဘုန်းသစ် ဒီဘက်ကိုပြန်အလှည့်မှာ ဖြူဖြူက သူ့ကို ပြုံးကြည့်နေတာ ခပ်ရဲရဲမို့ မျက်မှောင်ကြုတ်သွားလေမှ ဖြူဖြူ ပြန်လှည့်ပြီး ရှေ့ဆက်သွားလေတော့သည်။

ဧည့်ခန်းထဲမှာ ထိုင်နေတဲ့ ဒေါ်ဝတ်မှုံ။

ဘယ်ကဧည့်သည်လဲလို့ တံခါးဝဆီသို့ ကြည့်နေမိစဉ် ...

"အန်တီ ... ကျွန်မကို ဝင်ခွင့်ပြုပါနော်"

"ဩော် ... အေး ဝင်ခဲ့လေ သမီး ... ဝင်ခဲ့"

ဝင်လာတဲ့ ကလေးမလေးကို ဒေါ်ဝတ်မှုံ သေသေချာချာကြည့်ပြီး သိသလိုလို၊ မသိသလိုလိုပါ။ ဘယ်မှာမြင်ဖူးပါလိမ့်။

"ဖြူဖြူက နှင်းဆီဖြူဖြူပါ အန်တီ၊ နှင်းဆီနီနီရဲ့အစ်မပါ"

"ဟုတ်လား ... ထိုင်လေကွယ်"

"ဟုတ်ကဲ့"





ဖြူဖြူ ဝင်ထိုင်လိုက်စဉ်မှာပဲ ဒေါ်ဝတ်မှုံက မီးဖိုချောင်ဘက်သို့ မျက်နှာလှည့်ကာ ...

"နီနီ"

"..."

"နီနီ"

"ရှင်"

"ဒီမှာ သမီးအစ်မရောက်နေတယ် ထွက်လာခဲ့ပါဦးကွယ်"

"ဟုတ်ကဲ့"

ဟုတ်ကဲ့ဆိုပေမယ့် ချက်ချင်းတော့ ထွက်မလာပေ။ ခဏကြာမှ သုတ်သီးသုတ်ပျာနှင့် ထွက်လာပြီး ...

"မမ"

"နီနီ"

"ဘာကိစ္စရှိလို့ လိုက်လာတာလဲ၊ အမေ ဘာဖြစ်လို့လဲ၊ နေကောင်းလို့လား"

"မဟုတ်ပါဘူး"

ဖြူဖြူ ပျာပျာသလဲပဲ ခေါင်းခါလေ၏။ လိုက်လာတယ်ဆိုကတည်းက အမေ ဘာများဖြစ်သလဲလို့ပဲ နီနီက စိုးရိမ်မိတာပါ။ တစ်ခါတုန်းက ဖြူဖြူပြောခဲ့ဖူးတဲ့စကားကို နီနီကတော့ မမေ့နေတာပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com



ဖြူဖြူကတော့ ဘယ်မေ့ပါ့မလဲ။

"နင် အဲဒီအိမ်မှာနေရင် ငါ ခဏခဏ အလည်လာခဲ့မယ် သိလား"

"ဟာ ... မမကလည်း ရှုပ်ရှုပ်ယှက်ယှက်၊ သူတို့က ကြိုက်ချင်မှ ကြိုက်မှာကို"

"ကြိုက်အောင် အကြောင်းပြချက်နဲ့ လာမှာပေါ့ဟ"

လို့ ပြောခဲ့တာလေ။ အခု ...

"အမေ ဘာမှမဖြစ်ပါဘူး နီနီရဲ့၊ အမေက နင့်ကို အရမ်းသတိရနေတာ၊ အဲဒါကြောင့် နင်ကြိုက်တဲ့ မုန့်ဟင်းခါးလေး ချက်ကျွေးချင်တယ်ဆိုပြီး ချက်တာလေ၊ အဲဒါ ငါ လာပို့တာ"

"အမေရယ်"

"ရော့"

အမေ့ရဲ့စေတနာတွေကို အသိအမှတ်ပြုခြင်းအားဖြင့် ကိုယ့်အပေါ် ဒီလောက်အထိပါလားလို့ တမ်းတမ်းတတ ခေါ်လိုက်မိသည်။ ကမ်းပေးလာတဲ့ ချိုင့်ကို လှမ်းယူရင်း ရင်ထဲမှာ ခပ်နင့်နင့်ရယ်ပေါ့။ အမေ့ရင်ခွင်ငွေ့နဲ့ ဝေးတဲ့အရပ်မှာ မနေချင်ပါဘူး အမေ။ ဒါပေမဲ့ ကံကြမ္မာက ခွဲထားရက်လို့ ကွဲကွာနေတဲ့အချိန်မှာ လှမ်းလိုက်တာ အမေရယ်။





မုန့်ဟင်းခါးကို ကြိုက်တယ်ဆိုတာထက် ...

ချိုင့်ထဲမှာပါလာတဲ့ အမေ့မေတ္တာတွေ၊ အမေ့စေတနာတွေက ...လေးရှုရှိုက်မှုဖြင့် ဗိုက်ထဲမှာ ပြည့်နေသလိုပါ။ နီနီ စို့လာတဲ့ ...ရည်ကို သုတ်လိုက်ပြီး ...

"မုန့်တွေ အများကြီးပဲ နီနီ၊ အမေက ဒီအိမ်က လူတွေ ...ပါ ထည့်ပေးလိုက်တာ"

"ခဏနော် ... နီနီ သွားလှယ်လိုက်ဦးမယ်"

"လှယ်မနေနဲ့လေ၊ တစ်ခါတည်း မျှတပြီး ထည့်ကျွေးလိုက် ... ငါ ကူလုပ်မယ်"

မြတ်စွာဘုရား။ နီနီ နားကြားများ မှားလေရော့သလားလို့ ...ကို အံ့သြစွာနှင့် ကြည့်လိုက်မိသည်။ သူက အရင်ထရပ်လိုက် ...ကို။ အိမ်မှာဆို ကိုယ်စားတဲ့ ထမင်းပန်းကန်တောင် တစ်ခါတလေ ...ဘက် ထိုးပေးခဲ့ပြီး သူက ထသွားတတ်တာလေ။ သူများကို ပြင် ...ဖို့ဆိုတာ ဝေလာဝေးစွ။

သူများ ထမင်းဝိုင်းပြင်ပြီးမှ လက်ဆေးဝင်တတ်သူလေ။ အခု ...များအိမ်မှာ သူက ဝင်ကူလုပ်မယ်ဆိုတော့ ဟုတ်မှ ဟုတ်ပါလေစပေါ့။

"နီနီ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်နေတာလဲ ထလေ"

"ဩော် ... အင်း ... အင်း"

နီနီ ကယောင်ကတမ်းပုံစံနှင့် ထရပ်လိုက်တော့ ...

"နီနီ"

"ရှင်"

"အန်တီဖို့ မပြင်နဲ့နော်၊ အန်တီ စားလို့မရဘူး"

"ဟင် ... ဘာဖြစ်လို့လဲ အန်တီရဲ့"

မေးလိုက်သူက ဖြူဖြူပါ။

"အန်တီက အစာအိမ်သမားဆိုတော့ စားလို့မရလို့ပါ၊ သာ က ကြိုက်တယ်၊ သူ့ကိုပဲ ပြင်ကျွေးလိုက်လေ၊ အန်တီက သွားစ လေးရှိလို့ သွားလိုက်ဦးမယ်နော်"

"ဩော်"

ပြောပြောဆိုဆို ဒေါ်ဝတ်မှုံက ထသွားလေတော့ ဖြူဖြူလည်း နီနီနှင့်အတူ မီးဖိုချောင်ဘက်သို့ ပါလာခဲ့တော့သည်။

"နီနီ"

"ဟင်"

"နင် ကိုဘုန်းကို သွားခေါ်ချင် ခေါ်လေ၊ ငါ အဆင်သ လုပ်ထားလိုက်မယ်"





"ဟင်"

"ဟဲ့"

"ဟင်"

"နီနီ နင် ဘာဖြစ်နေတာလဲ"

"ဘာဖြစ်လို့လဲ၊ မဖြစ်ပါဘူး"

"တဟင့်ဟင့်နဲ့လေ၊ အဲဒါ ဘာဖြစ်နေတာလဲ"

"အံ့ဩလို့ပါ"

ဒီလိုပြောတော့ ဖြူဖြူ သဘောပေါက်စွာ ပြုံးမိ၏။ မအံ့ဩနဲ့ နီနီ။ တစ်ခုလိုချင် တစ်ခုရင်းရတယ်တဲ့။ ငါ ဒီလောက်တော့ ရင်းဖို့ ဆုံးဖြတ်လိုက်တာ ငါ့ဘဝရှေ့ရေးအတွက်ပါ။ အရိပ်ခိုဖို့အတွက် ခဏ တော့ နေပူက ရပ်စောင့်ရမှာပဲလေ။

"နင့်ကို ငါ ပြောဖူးပါတယ်၊ ငါ ဒီအိမ်ကို မကြာမကြာ အလည်လာခဲ့မယ်လို့"

"ဒါဆို"

"နင် တော်တော်တုံးတာပဲ၊ အမေက စေတနာရှိလို့ ချက် ကျွေးတာ မှန်ပေမယ့် နင့်ကို တကူးတက လာပို့ပေးဖို့အထိ ငါ အလဟဿ အပင်ပန်းခံပြီး မလာဘူး"

ဩော် ... တရားကျဖို့ကောင်းလိုက်တာ။ ကိုယ့်အတွက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



သူများအိမ်မှာ ကျွန်ခံနေရတဲ့ တစ်အူတုံဆင်း ညီအစ်မရင်းအတွက် တော့ အပင်ပန်းခံ စေတနာမထားနိုင်ဘူးတဲ့လား။

ဖြောင်ကျကျ ကြေညာလိုက်ခြင်းအတွက် ...

အနစ်နာခံရကျိုးမ နပ်လိုက်တာနော်။

○○○



## အခန်း (၁၈)

ဒေါ်စန်းလာခေါ်လို့ ဘုန်းသစ်လိုက်လာခဲ့တော့ မုန့်ဟင်းခါးက ...ဆို့ အဆင်သင့်ဖြစ်နေပြီ။ ရပ်စောင့်နေတဲ့သူကတော့ သို့မျှော်လင့် ...းတဲ့ နီနီမဟုတ်ဘဲ သူ့အစ်မ ဖြူဖြူဖြစ်နေတော့ မသိမသာ မျက် ...ာင်ကုတ်သွားမိ၏။ သူက ဘာလုပ်တာလဲ။ စားစေချင်လို့ မုန့်လာ ...တယ်ဆိုပြီး ပို့ပြီး ပြန်ပေါ့လေ။

အခု ...

မပြန်သေးဘဲ ရှိနေတာက ညီအစ်မချင်း ခွဲရခွာရလို့ အလွမ်း ...ယ်နေကြတာလည်းမဟုတ်။ သူက ဘာကိစ္စနဲ့ ကိုယ်စားမယ့် သောက် ...ယ့်နေရာမှာ ရပ်နေရတာလဲ။ နီနီဆိုရင်တော့ မေမေပြောသလိုပဲ



www.burmeseclassic.com

www.burmeseclassic.com



သူတောင်းပန်မလို့ပါ။ ဒီလိုမှမဟုတ်ရင် ဒီကောင်မလေး သူ့အ... တင်းနေဦးမှာလေ။

"ထိုင်လေ ... ကိုဘုန်း"

"..."

"စားမယ်မဟုတ်လား"

"နီနီရော"

"နီနီက ဦးကို မုန့်သွားပို့ဦးမယ်ဆိုပြီး ထွက်သွားတာ... ကိုဘုန်း စားမယ်ဆိုလား ... ဖြူဖြူ ပြင်လိုက်မယ်လေ"

"မပြင်နဲ့"

"ရှင်"

"နီနီကိုမှ ပင်ပန်းစေဆိုတဲ့စိတ်နဲ့တော့ မဟုတ်ဘူး။ ဒါ... ဒီအလုပ်တွေက မင်းနဲ့မှမဆိုင်တာ၊ ဆိုင်တဲ့သူပဲ လုပ်ပစေ"

"အဲလိုတော့မပြောနဲ့လေ ကိုဘုန်းရဲ့၊ နီနီက ဖြူညီမ... သူ့ကိုယ်စား ဖြူ ဝင်လုပ်ပေးလို့ရပါတယ်"

"မင်းပြောတာ မုန့်ပေးမယ့် တို့အတွက် မင်း မလိုအပ်... ထင်တယ်"

"ရှင်"

ဖြူဖြူ မျက်နှာပျက်သွားတာကို သိပေမယ့် မတတ်နိုင်...





...မှ စားဖို့စိတ်မပါတော့ပဲလေ။ သူ ဘာတွေပြောလိုက်မိပါလိမ့်။ ...ရှုပ်ရှုပ်နဲ့ ပြောမိပြောရာ ပြောလိုက်မိတဲ့အတွက် နောင်တလည်း ...မနေတော့ပါဘူး။ နီနီ သူ့ကိုရှောင်နေတဲ့ကိစ္စအတွက်ပဲ သူ့ရင်ထဲမှာ ...ဆုံးခုလုဖြစ်နေတာလေ။

တကယ်ဆို ...

နေချင်သလိုနေ ဘုန်းသစ် ဘာဂရုစိုက်စရာလိုလို့လဲ။ ခုတော့ ...လို့မရဘဲ နီနီ သူ့ကိုမခေါ်တာနဲ့ပဲ ရင်ထဲမှာ တစ်ခုခုလိုနေသလို ...ပါ။

"ကိုဘုန်း"

"..."

"အဲဒါဆို ခဏနော်၊ ဒေါ်စန်း ... နီနီနဲ့ လူချင်းလဲလိုက်မယ်"

"ရတယ် ဒေါ်စန်း"

"ဟင်"

"ပြီးမှပဲ ပြန်လာပြီး စားမယ်"

ပြောပြီး ဘုန်းသစ် ထသွားလေတော့ ဖြူဖြူ့ရင်ထဲမှာ တင်း...ဖြစ်သွားရ၏။ ဒါ ...

ကိုယ့်ကို ဂရုမစိုက်ဘူးဆိုတဲ့သဘောပေါ့။ ကိုယ်က ဘာဖြစ် ...လို့လဲ။ နူနေ ဝဲနေလို့လား။ ပါးစပ်က ဖွင့်ထုတ်ပြီး မေးလိုက်ချင်ပေ



www.burmeseclassic.com

www.burmeseclassic.com

မယ့် အဲဒီလောက်အထိမှ ရင်းနှီးမှုမရှိသေးဘဲလေ။ ထို့ကြောင့် [illegible]

ရင်းခံတွေကို တတ်နိုင်သလောက် မျိုသိပ်ပြီး . . .

"အဒေါ်"

"ဟေ"

ဒေါ်စန်းက ဖြူဖြူ့ကို အားနာသလိုကြည့်လေလျှင် . . .

"ဖြူဖြူ ပြန်တော့မယ်၊ နီနီလာရင် အဒေါ်ပဲ ကြည့်ပြော[illegible] ပါနော်"

"ဪ . . . အေး . . . အေး"

ဖြူဖြူ့ကို စိတ်မဝင်စားတဲ့ ဘုန်းသစ်ကတော့ အပေါ်ထ[illegible] တက်သွားပြီး သူ့ အခန်းရှေ့ကနေ နီနီ ပြန်အလာကို စောင့်နေ[illegible] သည်။ သူ နီနီ့ကို တောင်းပန်မလို့လေ။ တကယ်ဆို သူက စေတ[illegible] နဲ့ပါ။ ဒါပေမဲ့ အပြောမတတ်တော့ ဆဲတာနဲ့ တူတယ်ဆိုတာမျိုး[illegible] ဖြိုးက မိန်းကလေးတစ်ယောက်အတွက် မငြင်းလောက်တဲ့ အ[illegible] အချင်းတွေနဲ့ လူလေ။

နီနီနဲ့ ဖြိုးဆိုရင် . . .

သူ တားစရာအကြောင်းမှမရှိတာ။ နီနီကလည်း ဆင်းရဲ[illegible] ကလွဲရင် အိမ်ရှင်မ,ကောင်းပီသမယ့်သူ။

"ရှပ် . . . ရှပ် . . . ရှပ်"





"ဟင်"

ခြေသံကြားလိုက်တာနှင့် ကြည့်လိုက်တော့ နီနီ လာနေပါပြီ။ သူ့ကို မျက်လွှာတစ်ချက်သာ ပင့်ကြည့်ပြီး ခေါင်းပြန်ငုံ့သွားလေတော့

"နီနီ"

"..."

"နီနီ"

နီနီ့ခြေလှမ်းတွေ ရပ်တန့်သွားလေလျှင် . . .

"ငါ မှားပါတယ် . . . ငါ နင့်ကိုတောင်းပန်ပါတယ်"

"ဘာအတွက်လဲ"

"ဖြိုးနဲ့ကိစ္စ"

"ပြီးသွားပါပြီ"

တိုတိုပြတ်ပြတ်ဖြေပြီး ခြေလှမ်းတွေ ရှေ့ဆက်ဖို့ ကြိုးစားပေ မယ့် ဘုန်းသစ်က ဝိတ်ရပ်လိုက်ကာ . . .

"မပြီးသေးဘူး"

နီနီ မျက်မှောင်ကြုတ်လိုက်တော့ . . .

"ဖြိုးက နင့်အတွက် မငြင်းသင့်တဲ့ လူတစ်ယောက်ပါ၊ ငါက စေတနာနဲ့တော့ ပြောတာ၊ ဒါပေမဲ့ အပြောမတတ်တော့ ဆဲတာနဲ့ တူသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"...."

"သူက ပြောပေးပါဆိုတာနဲ့ ငါလည်း ပြောလိုက်မိတာ"

"အစ်ကိုလေး သင့်တော်တယ်ဆိုတာနဲ့ပဲ နီနီက လက်ခံလိုက်ရမှာလား"

"မဟုတ်ဘူးလေ"

"နီနီက ကိုယ့်မာနနဲ့သိက္ခာထက် ဘယ်အရာကိုမှ ပိုပြီး မမက်မောတတ်ပါဘူး"

"ငါ ပြောတာက"

"ဝက်သားဆိုတာနဲ့ပဲ အဆီပေးတာတောင် လွှင့်မပစ်ရက်လို့ ဟင်းရွက်ချူးပြီး ကြော်စားတဲ့အထဲမှာ နီနီမပါဘူး အစ်ကိုလေး ကိုယ့်ဘဝကို ဝက်သားကြောင့် ဂုဏ်တက်လာမယ့် ဟင်းရွက်ကြော်တစ်ပွဲ အဖြစ်မခံဘူး။ ကိုယ့်ဂုဏ်သတ္တိနဲ့ကိုယ်ပဲ ဟင်းရွက်က ဟင်းရွက် အဖြစ်နဲ့ တန်ရာတန်ဖိုးရအောင် နေပါရစေ"

"ကျွတ် ... နင် စကားတတ်တိုင်း လျှောက်ပြောမနေနဲ့ နီနီ၊ စကားက လိုရင်းကိုမရောက်နိုင်ဘူး၊ ငါ လိုရင်းပဲ ပြောမယ်"

လိုရင်းပဲပြောမယ်ဆိုလို့ စကားသံတွေ တိတ်သွားတော့ ဘုန်းသစ် လက်က ခါးကို ထောက်မိလိုက်သည်။ သူကတော့ နီနီ့လို စကားပုံ စကားဝှက်တွေနဲ့ မခိုင်းနှိုင်းတတ်သူမို့။





"ငါက ပြောပြရုံပဲ ပြောပြတာ၊ လက်ခံတာ လက်မခံတာက နင့်အပိုင်းပဲ"

"ဒါဆို အစ်ကိုလေး နောက်ကို အဲဒီအကြောင်း မပြောပါနဲ့"

"အေးပါ ... မပြောဘူး။ ဒါပေမဲ့ သူ့ဘာသာသူ လာပြောရင်တော့ ငါနဲ့ မဆိုင်ဘူးနော်"

"အစ်ကိုလေး ဝင်မပါရင် ပြီးတာပဲ"

"ငါကလည်း ဝါသနာမပါ,ပါဘူး။ စကားကို အကြွေးမထားချင်လို့ မျက်နှာစုံညီ ပြောလိုက်မိတာ၊ အဲဒီအတွက် မှားသွားမှန်းသိလို့ တောင်းပန်ပါတယ်၊ ငါ့ကို ရှောင်နေတာမျိုး ထပ်မလုပ်ပါနဲ့"

နင် ရှောင်နေရင် ငါ မနေတတ်လို့ဆိုတဲ့ စကားကတော့ ထွက်မလာပေ။ အရင်လူတွေတုန်းက ဘာသိဘာသာနေကြပေမယ့် သူနဲ့က စကား၊ အလုပ် စသည်တို့ အပေးအယူများရာကနေ ယောဇဉ်တစ်ပတ်ရစ်သွားခဲ့တယ်ဆိုရင် ...

"ဒီအိမ်မှာ လူငယ်ဆိုလို့ နင်နဲ့ငါပဲ ရှိတာ၊ စဖို့ နောက်ဖို့ အဖော်များရမလားမှတ်ပါတယ် ပဲချည်းပဲ"

ဆရာဝန်လောင်းက ဆရာဝန်လောင်းပဲ ပညာရပ်တစ်ခုနဲ့ ဆိုင်တဲ့ ရုပ်ဝန်းမှာ မရင့်ကျက်သေးသည့်စိတ်က အဲဒီလို။

○○○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"နှင်းဆီနီနီ"

"..."

"နှင်းဆီနီနီ"

မြင်လိုက်တာနှင့် ကားကိုထိုးရပ်ပြီး အမောတကောနှင်း ခေါ်လိုက်သူက ဖြိုးပါ။ ကားတံခါးမဖွင့်ရသေးခင်ကတည်းက ဒီနာမည် ကို ခေါ်နေမိတာ ဟိုက ကြားမတဲ့လား။ ကြည့်နေရင်းပဲ မျက်လုံးထဲ နေ ပျောက်ကွယ်သွားမှာစိုးသည့်အလား ကားတံခါးကို တွန်းဖွင့်ဆင်း ပြီး လိုက်လာတာ။

ပတ်ဝန်းကျင်ဆိုတာကိုပင် သတိမထားမိပေ။





သတိထားမိတော့ရော ဘာဖြစ်နိုင်တာမှတ်လို့။ ဒီနေရာမှာ ...မိသားစု၊ ကိုယ့်အသိုင်းအဝိုင်းဆိုတာ ရှိနေတာမှ မဟုတ်ဘဲလေ။ ...တော့ရော ဒါ ကိုယ့်နှလုံးသားရေးကိစ္စ ဘယ်သူက ထိန်းချုပ်ပေးနိုင် ...မှတ်လို့။

"နှင်းဆီနီနီ"

"..."

"ဟင်"

ကိုယ့်နာမည်ကို ပီပီသသ ခေါ်လိုက်သံကြားတာမို့ နီနီ့ခြေ ...မ်းတွေ ရပ်တန့်သွားစဉ်မှာပဲ အရိပ်တစ်ခုက အနားသို့ရောက်လာ ...

"နှင်းဆီနီနီ ... ကျွတ် ... ခေါ်ရတာ ရှည်လိုက်တာကွာ၊ ...င်းလို့ပဲ ခေါ်မယ်နော်၊ ရတယ်မို့လား"

"နှင်းဆီတဲ့ တစ်လုံးတည်းက အအေးချမ်းခြင်းပါ၊ ကျွန်မဘဝက ...ဒီလောက်အထိ မအေးချမ်းဘူး။ နီနီလို့ပဲ ခေါ်ပါ"

ကိုယ့်အနားကိုရောက်လာတာ ဖြိုးဆိုတဲ့လူမို့ နီနီ့မျက်နှာလေး ...ည့်သွားကာ လိုရင်းပဲ ပြောလိုက်၏။ မပတ်သက်ချင်ပါဘူးဆိုမှ ...ပြီး စပ်ယှက်နေတာ။ နီနီကလည်း တစ်ခုခုဆို တုံ့ပြန်ဖို့ စကားက ...စပ်ထဲမှာ အမြဲတမ်း အဆင်သင့်ရှိနေတတ်သူ။ မှားတာမှန်တာ



www.burmeseclassic.com

www.burmeseclassic.com



ထား။

သူများက တစ်ခုပြောရင် ...

ကိုယ်က တစ်ခု ဒိုးခနဲ ဒေါက်ခနဲ ပြန်ပြောတာ အကျင့်ဖြ

နေလို့လားတော့ မသိပေ။ တွေဝေစဉ်းစားတာမျိုး နီနီ့မှာ သိပ်မ

ဘူးထင်ပါရဲ့။

"နီနီ ဟုတ်လား"

"ဟုတ်တယ်"

"အင်း ... အဲဒါလည်း ကောင်းပါတယ်၊ ကိုယ် နီနီ့ကို

ခေါ်မယ်နော်"

"ဒါပဲမို့လား"

"နေ ... နေပါဦး နီနီရဲ့"

နီနီ ထွက်သွားမယ်လုပ်တော့ ဖြိုး ခြေကားယား လက်ကား

ယားနှင့် တားမိ၏။ နီနီက ရှုတည်တည်ကြည့်ကာ ...

"ရှင့်မှာ ပြောစရာစကားက မကုန်သေးဘူးလား"

"ဟင် ... ဘာမှတောင် မပြောရသေးဘူးလေ"

"ဒါဆို ဘာပြောမှာလဲ ပြော"

ပြောဆိုတော့ ဖြိုး လက်ဝါးချင်း ဖိပွတ်လိုက်မိပြီး မေးမိမေ

ရာပဲ။



"နီနီ တစ်ယောက်တည်းလား"

"ဘယ်နှယောက်မြင်လဲ"

"ဟိုလေ"

ဖြိုးလည်ပင်းကို ဖိပွတ်မိပြန်၏။

"မြင်တာ တစ်ယောက်တည်းပဲလေ၊ တစ်ယောက်တည်း

ဘယ်သွားမလို့လဲ"

"အိမ်ပြန်မလို့"

နီနီ တိုတိုပြတ်ပြတ်နှင့် အမှန်အကန်ပဲ ဖြေလိုက်တာပါ။

နေ့ နီနီ့လုပ်အားခ တစ်လစာထုတ်ပေးတဲ့နေ့လေ။ ဒါကြောင့် အမေ့

ဆီကို ပြန်ပို့မလို့ပါ။ အိမ်ရောက်ရင် အိမ်က သုံးရမှာတော့ မဟုတ်ဘူး

လေ။ ဒေါ်လေးကို သွားပေးရမှာပါ။ အဲဒါပေါ့ ... 'ဝ' မရှိ 'ဝိ' လုပ်

ပြီး ဝိတ်ပိတဲ့အဖြစ် ကြုံရတာလေ။

ကိုယ့်မှာမရှိဘဲ သူများပစ္စည်း ငှားဝတ်မိတော့ ...

ပျောက်လည်း ပျောက်ရော စားစရာမရှိ လျော်စရာရှိ

ဖြစ်ခဲ့ရတာ။ အခုကျတော့လည်း နေလိုက်တာများ။ သူကြောင့် မဟုတ်

သလိုလို၊ သူနှင့်မဆိုင်သလိုလိုပေါ့။

"တစ်ယောက်တည်း ပြန်မလို့လား။ ကိုယ် လိုက်ပို့ပေးမယ်

လေ၊ ကိုယ့်မှာ ကားပါတာပဲဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်မှာ ကားပါတာ ကျွန်မမှာ ပါတာမှမဟုတ်ဘဲ၊ အ…
တည်းက ရှင့်ကားကို အားကိုးလာတာ မဟုတ်ဘူး။ ကိုယ့်လမ်း…
သွား"

"ဩော် … နီနီကလည်း ကိုယ်လိုက်ပို့ပေးမှာပေါ့၊ သူစိမ်း…
တွေမှ မဟုတ်တာ"

"ဘာ"

'ဘာ' ဆိုတဲ့အသံက ကျယ်တာကြောင့် မြိုး ပခုံးတွန့်…
လေ၏။ မလွယ်ပါလား။

"သူစိမ်းတွေ မဟုတ်ရအောင် ရှင်နဲ့ကျွန်မက ဘာလဲ"

"ဟို … ဘာမှတော့ မဟုတ်ဘူးပေါ့ နီနီရဲ့၊ ဒါပေမဲ့ …"

"ဘာမှ ဒါပေမမဲ့နဲ့၊ ရှင်နဲ့ကျွန်မ ဘာမှပတ်သက်…
အကြောင်းမရှိဘူး။ အခုလောက် သည်းခံပြီး စကားပြောနေတာ…
အစ်ကိုလေးမျက်နှာကြောင့်။ ရှင်က အစ်ကိုလေးရဲ့သူငယ်ချင်းဖြစ်…
လို့လို့ မှတ်ပါ"

"ဟား … မာနကလည်း ကြီးလိုက်တာ"

မြိုး ဘာဆက်ပြောရမှန်းပင် မသိတော့ပေ။ မာနကြီးတယ်…
ပြီး စိတ်ကလည်း မပျက်နိုင်။ အဲဒီမာနမျက်နှာတင်းတင်းလေး…
ပက်ခနဲ ပြောတတ်တာလေးကိုပဲ သဘောကျမိနေတော့ အခက်…





…ား။

"ဟုတ်တယ်၊ ကျွန်မ မာနကြီးတယ်၊ တလွဲမာနတော့
…ဟုတ်ဘူးနော်၊ တကယ် ရှိသင့်ရှိထိုက်တဲ့မာနကိုပဲ ကျွန်မက မွေးမြူ
…ားတာ၊ ကျွန်မက သူများ ရက်ရောတိုင်း အခွင့်အရေးမယူတတ်ဘူး။
…အတော်များများရဲ့ရက်ရောမှု နောက်ကွယ်က တောင်းဆိုဖို့ ချထား
… အပြန်ဖယားတွေကို ကြောက်လို့"

"ဘယ်လို"

"အမေးတိုင်းရဲ့နောက်ကွယ်မှာရှိတတ်တဲ့ ပြန်လည်တောင်း
…မှုတွေကိုပြောတာ"

"ကိုယ်က ဘာမှမပေးဘူးလေ"

နီနီ မဲ့ပြုံးလေးတစ်ချက် ပြုံးလိုက်မိပြီး …

"ရှင် လိုက်ပို့တာကို လက်ခံပြီး ရှင့်ကားပေါ် စီးလိုက်မိတာနဲ့
…ဒါ အပေးတစ်ခု ဖြစ်သွားမှာပဲလေ။ အပိုအလုပ်တွေ မလုပ်စမ်းပါနဲ့၊
…ကိုယ့်လမ်းကိုယ်လျှောက်"

သူ့ကို ကိုယ့်လမ်းကိုယ်လျှောက်နိုင်းပြီး တကယ်တမ်း ခြေ
…ဘက်တွေကို အလုပ်ပေးပြီး ဆက်လျှောက်ခဲ့တာက ကိုယ်။ မမက
…လုတယ်ဆိုပြီး သူ့အလုနဲ့တာဝကို မြင့်မားလာအောင် အနားကပ်ချင်
…သူ၊ နီနီကတော့ အဲဒီလိုမဟုတ်ပါဘူး။ သူများ ထောက်ပေးမဲ့ တောင်

www.burmeseclassic.com

www.burmeseclassic.com



ဖော့ကို လှမ်းကိုင်ပြီး ကုန်းထမယ့်အစား။

ကိုယ့်ဒူးကိုယ်နှိပ်ပြီး မရမက ကုန်းထချင်သူ။ ဘဝအားမခံ ဆိုတာ ကိုယ့်ကိုယ်ကိုယ် အားမခံပြီး ကြိုးစားခြင်းကမှ တည်မြဲမှာ သူများဆိုတာ ကိုယ်မှမဟုတ်တာ။

"ဘယ်လိုလဲ ဖြိုး ... မယ်မင်းကြီးမက မင်းကို ဖုတ် တာ တူးနဲ့ထွက်နေတာတောင် ငပိနံ့မရဘူး ပြောသွားတာ မဟုတ် လား"

ကားပေါ်မှ ကျန်ခဲ့တဲ့ ကျော်ကျော်က ဖြိုးကို ဆီးပြော တာ ဖြစ်၏။

"အေးကွာ ... တော်တော် စကားပြောရဆိုရခက်တဲ့ ကလေးပဲ ငါလည်း ဘယ်လိုတော်လ်ကီ ပစ်သွင်းရမှန်းကို မသိ ဘူး။ ကိုယ်မပစ်ခင် သူပစ်တဲ့စကားလုံးတွေကမှ အကြီးကြီးတွေ"

"အဟား"

"ဘာရယ်တာလဲ"

"မင်း ... အဲဒါ နပ်ပစ်ခံရတာလေ၊ လုပ်မနေနဲ့၊ မမိုက မဟုတ်ဘဲ မနမ်းဝံ့တဲ့ပန်းကို လက်လှမ်းမနေနဲ့၊ အလကား လ ညောင်းလို့၊ နှင်းဆီဆိုတာ ဆူးနဲ့ဆစ်တဲ့ ပန်း၊ တော်ဝင်ပန်းမဟုတ် ဘူး၊ မခူးတတ်ရင် မင်း ဆူးစူးခံနေရမယ်"



မခူးတတ်တာ မှန်ပေမယ့် ဆူးစူးတဲ့အရသာကိုပဲ ဖြိုးက ကြည့်ချင်သေးတာ။ ဒီကောင်မလေးနဲ့ ပတ်သက်ပြီးတော့ပေါ့။

လူတစ်ယောက်အတွက် ...

အချစ်ဆိုတာ အရောင်မဲ့ မျှော်လင့်ချက်ဆိုရင် ကိုယ့်မျှော် လင့်ချက်တွေကို အရောင်တစ်ခုတော့ မင်းဆိုးပေးပါ နှင်းဆီနီနီ။

○○○

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"အမေ"

နီနီ နှုတ်မှ ခပ်ဖွဖွခေါ်လိုက်မိ၏။ အဝတ်တွေ တစ်တွေးတင်းကို ပွေ့လျက် အဝတ်လှန်းနေတာပါ။ အဝတ်တွေက မမ အဝတ်တွေပဲလေ။ အရင်ကတော့ နီနီ လျှော်ပေးနေကျပေမယ့် အခုတော့ အမေ လျှော်ပေးနေရသလား။ မမ, မသိတတ်တာကို တွေးမိတော့ ရင်ထဲမှာ ခပ်နင့်နင့်ပါပဲလေ။

တကယ်ဆိုရင် ...

ကိုယ့်အဝတ်ကိုယ်လျှော်ဝတ်ပါလား။ ခုတော့ လှချင်တာသာ စက်စက်ယိုတယ် ကိုယ့်အဝတ်တောင် ကိုယ်လျှော်မဝတ်ဘူး။ ဝတ်ပြီး





းအတိုင်းပဲ ချွတ်ထားခဲ့တာလေ။ နီနီရှိတုန်းက နီနီ လျှော်ပေးလို့ ချွတ်ထားခဲ့တာထားတော့။ အခုက အမေလျှော်ပေးတာကို သူ လက်ခံရောလား။ မရှိတာထက် မသိတာက ပိုခက်တာပေါ့။ ဒီအရွယ်ရောက်နေတာတောင် မိဘအပေါ် မသိတတ်။ ပါးမှာ သနပ်ခါး၊ ခေါင်းမှာ သေးကြောင်းဆိုတာမျိုးလေ။

"အမေ"

ခေါ်လည်း ခေါ်။ နီနီ ခပ်သုတ်သုတ်သွားလိုက်ပြီး ...

"အမေ"

"ဟင်"

"ပေး ... အဲဒီအဝတ်တွေ"

"သမီး"

"သမီး လှန်းပေးမယ် ... ပေး အမေ"

"ရတယ် ... ရတယ်"

"ရမနေနဲ့ ပေးပါဆို"

မိခင်လက်ထဲမှ အဝတ်တွေကို ဆွဲလွဲယူပြီး နီနီ လှမ်းပေးလိုက်သည်။ ပိုက်ဆံရဖို့အတွက် အပြင်မှာလည်း အလုပ်ထွက်ရ အိမ်အလုပ်လည်း လုပ်ရနှင့် အမေ ပင်ပန်းနေမှာပေါ့။ ဒါတွေအားလုံးက မမရဲ့မသိတတ်မှုတွေကြောင့်လေ။ မမသာ သိတတ်ရင် အိမ်အလုပ်

www.burmeseclassic.com

www.burmeseclassic.com



လောက်တော့ ဝိုင်းကူပြီး လုပ်သင့်တာပေါ့။

"သမီး ဒီနေ့ ပြန်လာတယ်၊ အေးအေးဆေးဆေး နေ... လား သမီး"

"မရဘူး အမေ၊ ဦးက သမီးရှိမှ လမ်းလျှောက်ရတာ... ပြီးတော့ သမီးမရှိရင် ဒေါ်စန်းတစ်ယောက်တည်း ပင်ပန်းနေမှာ... ဒီနေ့ လစာထုတ်ပေးလို့ သမီး ပြန်လာပေးတာပါ အမေ၊ သူများ... မှာ သူများပေးတဲ့ပိုက်ဆံကို တန်ရာတန်ကြေး လိုချင်ရင် ကိုယ့်ဘ... ကလည်း တာဝန်ကျေတာ ကောင်းပါတယ် အမေရယ်"

"အေး ...အေး ...အဲဒီစိတ်ဓာတ်မျိုးရှိတာကောင်း... တယ် သမီးရယ်၊ ကိုယ်က စေတနာထားရင် တူညီတဲ့အကျိုးတော... တုံ့ပြန်မှုရှိမှာပါ"

ပြောပြီး ဒေါ်သူဇာ မျက်ရည်ဝဲလာ၏။ ပင်ကိုအသိစိတ်နဲ့ လိမ္မာတဲ့ကလေးကျတော့ မိဘကတောင် သွန်သင်ဆုံးမစရာမလို... သူ့အလိုလိုကို သူ့အသိစိတ်နဲ့ သူ သိတတ်နေတာပါ။ ဖြူဖြူကို မျှော်... လင့်ချက်ကြီးကြီးနဲ့ အလိုလိုက်ခဲ့မိသမျှ နီနီ့အပေါ် မတရားရာများ ကျနေပြီလား။

သူ့ခမျာ ...

အရာရာမှာ သိတတ်နားလည်စွာနဲ့ အနစ်နာခံရတာလေး



...ဘဝ မြင့်မားဖို့အတွက် သူမတို့သားအမိနှစ်ယောက်က လှေကား ...စ်တွေပါ။

"အမေ"

"သမီး"

"အမေ ပိန်သွားတယ်နော်၊ နေကောင်းရဲ့လား"

"ကောင်းပါတယ် သမီးရဲ့၊ အမေ ဘာမှမဖြစ်ပါဘူး"

"ဟုတ်ရဲ့လား။ အမေက ကိုယ့်ကိုယ်ကိုယ် ပြန်မမြင်ရတော့ ...သိပါဘူး သမီးရယ်၊ ရောဂါဝေဒနာကတော့ ဘာမှဖြစ်ဖြစ်မြောက် ...က် မခံစားရပါဘူး။ ခေါင်းကိုက်တာ ဖက်ကြောတက်တာလောက် ...ပဲ သမီးရယ်"

"ဘာပဲဖြစ်ဖြစ်ပေါ့ အမေရယ်၊ ကျန်းမာရေးကိုတော့ ဂရု ...စိုက်ပါနော်၊ အမေတစ်ခုခုဖြစ်ရင် သမီးက အနားမှာ ရှိတာမှမဟုတ် ...ဘာ"

"အေးပါ သမီးရယ်၊ အမေ ဘာမှမဖြစ်ပါဘူး။ အမေ အခု ...နေတာက သမီးကို လွမ်းတဲ့စိတ်ကြောင့်ပဲ ဖြစ်မှာပါ"

နီနီ အမေ့မျက်နှာကို ခပ်တွေတွေလေးကြည့်ပြီး အမေရယ် ...ဒီ တမ်းတမ်းတတ ခေါ်လိုက်မိတာ ရင်ထဲမှာ။ ပြုံးပြပေမယ့် အမေ့ ...အပြုံးတွေကို သမီး မယုံဘူး အမေ။ အမေ ဘာရောဂါမှမဖြစ်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



မှန်ရင် အလုပ်တွေ ပန်းလို့ ပိန်နေတာပဲ ဖြစ်မှာပါ။

"အမေ"

"ဟင်"

"မမ အိမ်မှာရှိလား"

"မရှိဘူး သမီး"

နီနီ မျက်မှောင်လေးကြုတ်သွားလေ၏။ ဒီနေ့ ကျောင်းပိတ် ရက်ပဲလေ။ အိမ်မှာမရှိလို့ ဘယ်သွားနေလဲ။ အမေ့ကို မကူညီဘဲ အပြင်ထွက်နေတာဆိုရင်တော့ လွန်တာပေါ့။

"ဘယ်သွားလဲ အမေ"

"သူ့သူငယ်ချင်းအိမ်လို့ ပြောတာပဲ"

သက်ပြင်းလေးချပြီး နီနီ ခေါင်းလည်း ခါလိုက်မိ၏။ သူ မ ဘူးလား။ အပြင်ထွက်တယ်ဆိုကတည်းက ပိုက်ဆံက အနည်းဆုံး ကားခတော့ ပါသွားမှာလေ။ သူများတွေအတွက် တစ်ထောင်နှစ်ထောင် က ဘာမှမဟုတ်ပေမယ့် ကိုယ်တွေအတွက် တစ်ရာနှစ်ရာပိုက်ဆံ ရှာရတာ လွယ်တာမှတ်လို့။

ပြီးတော့ . . .

အဲဒီတစ်ရာနှစ်ရာအတွက် အမေ သူများအိမ်မှာ ဘယ် လုပ်ခဲ့ရလဲ။ လက်တွေ ရေနူးပြီး ပေါက်ပြဲကုန်မလား။ ဒါတွေ





စားဘဲ ကိုယ့်ပျော်ရွှင်မှုတစ်ခု၊ ကိုယ့်လွတ်လပ်မှုတစ်ခုကိုပဲ ကြည့် မမကို နီနီ စိတ်နာချင်ချင်ပါ။

"မမကလည်းလေ ကျောင်းပိတ်ရက်မှာ အိမ်အလုပ်တွေ ကူမယ်တော့မရှိဘူး၊ အပြင်ထွက်ဖို့ပဲ သိတယ်၊ အမေ မမကို အလိုမလိုက်နဲ့တော့နော်၊ တော်ကြာ ပိုဆိုးသွားလိမ့်မယ်၊ နီနီက ယ်ပင်ပင်ပန်းပန်းလုပ်နေရလို့ ပြောတာမဟုတ်ဘူး၊ အမေ့အပေါ် ကို သိတတ်စေချင်လို့ ပြောပြတာ၊ အမေ အရမ်းပင်ပန်းနေပြီ"

ငယ်တဲ့သူက သိတတ်တာအတွက် ဒေါ်သူဇာ မျက်ရည်လည် နေ၏။ နီနီ့အပေါ်မှာကျတော့ သူမတာဝန်မကျေခဲ့ဘူးလေ။

"သမီးငယ်အပေါ်မှာကျတော့ အမေတာဝန်မကျေခဲ့ဘူး နော်"

"အမေ"

"သူ မသိတတ်တာ သူ့အကြောင်းပေါ့ သမီးရယ်၊ အမေက တော့ မိဘပဲလေ၊ အပင်စိုက်ပေးပြီးပြီပဲ ရေ့ဆက်ရှုစားတတ်ဖို့ကတော့ သူ့တာဝန်ပဲပေါ့၊ အခု အသီးသီးတဲ့အဆင့်ကိုရောက်နေပြီ၊ ပိုးတဲ့သူ သည်း အင်အားချည့်နဲ့နေပြီလေ၊ အသီးဖြစ်မှ ကိုယ့်ကိုယ့်ကိုယ် အမှည့် ဖြစ်အောင်လုပ်ပြီး ဈေးကောင်းရအောင် မနေတတ်ရင် သူ့အကြောင်းပဲ ပေါ့ကွယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါထားပါ ... သမီးက မမကို မနာလိုလို့ပြောနေတာ မဟုတ်ဘူး အမေ၊ သမီးကိုယ်တိုင်ကတောင် တတ်နိုင်သလောက် အပင်ပန်းခံပြီး သူ့ဘ၀ကို ပခုံးထမ်းတင်ပေးနေတာပါ၊ သမီးဖြစ်စေချင်တာက"

စကားစကိုဖြတ်ပြီး အကြည့်က လှန်းထားတဲ့ အ၀တ်တွေဆီ ရောက်သွားကာ ...

"သူ့အ၀တ်တွေကို သူ့ဘာသာ လျှော်သင့်တာ"

နီနီ့စကားကြောင့် ဒေါ်သူဇာ မျက်လွှာချမိလိုက်တာသည် ကိုယ်ကပဲ အပြစ်ရှိတဲ့သူလိုပါ။ သူမမှ လျှော်မပေးရင်လည်း ဒီအ၀တ်တွေက ဒီအတိုင်းပဲ ပုံလျက်သား ရှိနေမှာလေ။ ပြောပြန်တော့လည်း ဟင့်အင်းမလုပ် အင်းမလုပ်။ ချွတ်ထားတဲ့ အ၀တ်တွေသာ များလာပြီး မြင်မကောင်းတယ်။ သူက အမြင်မတော်ဘူးဆိုတာမှ မရှိပဲလေ အဲဒါကြောင့်ပဲ ဖြူဖြူ့အတွက် ရင်လေးနေရတာပေါ့။

မိဘတွေကတော့ ...

လိမ္မာတဲ့သားသမီးအတွက် စိတ်ချရင်အေးရသလောက် မလိမ္မာတဲ့သားသမီးအတွက်ကျတော့ ပိုစိုးရိမ်ပူပန်သောကရောက်ပြီး ပိုချစ်ရသည်သာ။

"အဲဒီကိစ္စအတွက်တော့ သမီး သည်းမခံနိုင်ဘူး၊ သမီး



...ကိုပြောမှဖြစ်မယ် အမေ"

"သမီး"

"မိဘက တတ်နိုင်သလောက် လုပ်ပေးခဲ့ပြီးပြီပဲ၊ အမေက ဘုရားနဲ့ တစ်ဂိုဏ်းတည်းထားပြီး ကိုးကွယ်ရမယ့် မိဘလေ၊ သူ့ကျွန်မဟုတ်ဘူး"

"သမီး နီနီ"

"သူမကိုးကွယ်နိုင်ချင်နေပါ၊ အမေ့ကို ဒီထက်ပိုပြီး နှိပ်စက်ရင် သမီး ခွင့်မပြုနိုင်ဘူး"

"အဲဒီလိုမဟုတ်ပါဘူး သမီးရယ်၊ အမေက အမြင်မတော်လို့ ...င်လုပ်ပေးနေတာပါ၊ သမီး မမကို မပြောပါနဲ့၊ တော်ကြာ သူ့စိတ်အနှောင့်အယှက်ဖြစ်ပြီး ပညာရေးဘက်မှာ ထိခိုက်နေပါ့မယ်ကွယ် ... နော်"

"အမေ"

"သမီး အမေစိတ်ဆင်းရဲတာကို မမြင်ချင်ဘူးမို့လား၊ ဖြူဖြူ့ကို သမီးမပြောပါဘူးလို့ အမေ့ကို ကတိပေးစမ်းပါ"

"..."

"နော် ... သမီး အမေ့ကို ကတိပေးစမ်းပါ"

နီနီလက်မောင်းကို တင်းတင်းဆုပ်ပြီး လှုပ်ခါလှုပ်ခါနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



အမေ့မျက်ဝန်းတွေကိုကြည့်ရင်း နီနီ အမေ့ကို သနားလိုက်တာ မိဘဆိုတာ သားသမီးအတွက် ဘာမဆိုစွန့်စားရဲတဲ့ သူရဲကောင်းတွေ လို့ တင်စားထားကြတာပဲ။ အမေကလည်း အမေတစ်ယောက်ပဲလေ

"သမီး"

နောက်တစ်ခါအခေါ်မှာ နီနီ ခေါင်းညိတ်လိုက်တော့ အမေ့ မျက်နှာ ပြုံးသွားလေသည်။ နီနီ ပိုက်ဆံအိတ်ကလေးကို ဖွင့်လိုက်ပြီး အထဲက ပိုက်ဆံတစ်ထပ်ကို ထုတ်ယူလိုက်ကာ . . .

"ရော့ . . . အမေ အဲဒီမှာ အားလုံးပေါင်း ခုနစ်သောင်းပဲ လစာက ခြောက်သောင်း၊ မုန့်ဖိုးပေးတာတွေကို စုထားတာက တစ်သောင်း၊ အားလုံး ခုနစ်သောင်းပဲ"

"အမေ့ကို အကုန်မပေးပါနဲ့ သမီးရယ်၊ သမီး ဒေါ်လေးကို ပေးဖို့ရရင် တော်ပါပြီ၊ ပိုတာ သမီးပဲ ယူလိုက်ပါ၊ သမီး အဝတ်အစား ဝယ်ဝတ်လို့ရတာပေါ့"

"သမီးအတွက်က မလိုပါဘူး အမေ၊ သမီးက အပြင်သိပ် ထွက်တာမှမဟုတ်တာ၊ ရှိတဲ့အဝတ်အစားနဲ့လည်း ရပါတယ်၊ အမေပဲ အကုန်ယူလိုက်ပါ၊ ဟိုလေ . . . အာဟာရဖြစ်အောင် အမေစားချင်တာ လေးရှိရင် ဝယ်စားပေါ့"

"အမေက . . ."





"အမေက သမီးဘဝအတွက် လုံခြုံနွေးထွေးမှု၊ အေးမြမှု ...ခင်းစုံကို ပေးနိုင်တဲ့ အရိပ်တစ်ခုပါ၊ သမီးအတွက် အမေကျန်း ...ဖြစ်မယ်၊ အမေ့ရဲ့အပြုံးတွေက သမီးအတွက် ခွန်အားတွေပါ ...ရယ်"

"သမီးရယ်"

ဒေါ်သူဇာ မချိတင်ကဲ ခေါ်လိုက်ရင်း သမီးငယ်ကိုယ်လေးကို ...ထားလိုက်မိသည်။ ဖြူဖြူသာ နီနီ့လို သိတတ်ခဲ့ရင် ဖြူဖြူသာ ...ပါးဖြစ်ပြီး ပိုက်ဆံတွေ ခဏခဏမတောင်းခဲ့ရင် ဒေါ်သူဇာ ခုလို ...ပန်းစိတ်ပင်ပန်းဖြစ်ရမှာ မဟုတ်ပေ။

○○○

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"ဟာ ... ကိုကို မရဘူးနော်၊ လိုက်ပို့ဆိုရင် လိုက်ပို့
လိုက်ပို့မပေးရင် နန္ဒာ အော်ငိုမှာ"

"နန္ဒာ"

"လိုက်ပို့ပေးနော်"

"ငါ မအားဘူးလို့ ပြောနေတယ်လေ"

"ဘာမအားတာလဲ၊ အခု ကိုကို ထိုင်နေတာပဲ မဟုတ်
လား"

"အခု ထိုင်နေပေမယ့် တော်ကြာပဲ သွားစရာရှိတာ သွား
တော့မှာ"





ဘုန်းသစ်စံက လိုက်မပို့ချင်လို့ ပြောနေတာကြောင့် နန္ဒာ
လေးက စူထော်နေလို့ပါ။ ကိုယ့်အစ်ကိုမို့ ဆိုးနွဲ့ရမလား မှတ်
ယ် အထာကြီးတစ်ခွဲသားနဲ့။ ခါတိုင်းဆိုရင် နန္ဒာပူဆာသမျှ ရခဲ့
များပါတယ်။ ဒီတစ်ခါ ဘာဖြစ်တာလဲ။ နန္ဒာကလည်း အဲဒီမရ
ာကိုမှ ဖွတ်တိုးပူဆာချင်တာ။

"ကိုကို"

"ဘာလဲဟာ"

"ကြည့် ... ထူးပုံက၊ အန်တီ ... ကိုကို့ကို ကြည့်ပြောဦး"

ဒေါ်ဝတ်မှုံကို လှည့်တိုင်လေတော့ ဒေါ်ဝတ်မှုံက တူမချော
ကြည့်ပြီး ရယ်နေလေသည်။ ဘုန်းသစ် မလိုက်ချင်တဲ့အကြောင်း
သူ မသိသည်ပဲလေ။ နန္ဒာက သူငယ်ချင်းတွေနဲ့ လျှောက်လည်
ိုက်ပို့နိုင်းတာ။ ဘုန်းသစ်က မိန်းကလေးတွေထဲမှာ ကန့်လန့်
ခ့်သန့်နှင့် လိုက်ချင်သူမဟုတ်ပေ။

"ဘာမှကြည့်ပြောစရာ မလိုဘူး။ နင့်ကို ငါက ဘာလဲမထူး
ဘုရားထူးရမှာလား ပြောပါဦး"

"ကိုကိုနော်"

"ငါပြောတာ အရှင်းကြီးလေ၊ နင်သွားစရာရှိတာ အိမ်က
ကိုယူသွား။ ကြိုက်တဲ့သူမောင်း။ ငါကတော့ လိုက်မပို့နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ကိုကိုလိုက်ပို့တော့ ဘာဖြစ်မှာမို့လို့လဲ"

"ငါက မအားဘူးလေ၊ သွားစရာရှိသေးတယ်လို့ ပြော
ကို"

"မယုံဘူး"

"မယုံလည်း မတတ်နိုင်ဘူးဟာ"

"ဟာ ... ကိုကို"

ဘုန်းသစ် ထရပ်ပြီး ထွက်သွားမယ်လုပ်တော့ နန္ဒာ
အတင်းပဲ ကမန်းကတန်းသွားပြီး ဆွဲထားကာ ...

"အန်တီ ... ကိုကို့ကို ပြောပေးဦးလေ၊ နန္ဒာက
လိုက်ပို့မှာလို့ သူငယ်ချင်းတွေကို ကြွားထားတာ အန်တီရဲ့၊ နန္ဒာ
ကို နန္ဒာ အလကားအဖြစ်မခံနိုင်ဘူး"

"သူ မအားလို့ မလိုက်ချင်လည်းနေပါစေ နန္ဒာ
တို့ဘာသာတို့ပဲ သွားကြတာပေါ့"

"အေး ... ဟုတ်တယ်၊ တော်ကြာ တို့က တစ်ဖက်
ဒုက္ခပေးသလိုဖြစ်နေပါ့မယ်"

လှိုင်းပြာပြာနဲ့ယုဇနက ဖျောင်းဖျောင်းဖျဖျ ဝင်ပြော
မယ့် ဖြူဖြူကတော့ ငြိမ်သက်နေသည်။ ငြိမ်မှာပေါ့ သူက ကိုဘုန်း
သွားရမယ်ဆိုလို့ ပျော်နေတာလေ။ နန္ဒာကလည်း ဖြူနဲ့သူ့အစ်





သဘောတူပါတယ်ဆိုပြီး တမင်ဂွင်ဆင်အကွက်ရွှေ့တာပဲဥစ္စာ။

အခု ...

သူက ဂျိုဂျောင်လုပ်နေတော့ စိတ်တောင်ညစ်တယ်။

"သား"

ဒေါ်ဝတ်မှုံ မနေသာတော့စွာ သားကို ခေါ်လိုက်ပြီး ...

"ညီမလေးကို လိုက်ပို့လိုက်ပါကွယ်၊ သူ့ခမျာ စကားကျွံထား
တာအတွက် နှုတ်ရခက်နေပြီ၊ တစ်ခါတလေပဲ သားရယ် လိုက်လျော
လိုက်ပါ"

"မေမေ"

"သွားစရာရှိတာ ထားလိုက်တော့၊ နောက်မှပဲသွားလေ"

"ဟာ ... မရဘူးလေ မေမေရဲ့"

"ရတာ၊မရတာ မင်းအပေါ်မှာပဲ မူတည်ပါတယ်၊ နောက်ထပ်
မေမေ စကားအပိုမပြောချင်ဘူး"

"ကျွတ်"

ဘုန်းသစ် ဘယ်လိုမှ မငြင်းသာတော့တာမို့ သက်ပြင်းချ
လိုက်မိ၏။ ဘယ်မှသွားစရာမရှိတာကို မေမေ သိနေတာပဲလေ။ သူ့
တူမ စိတ်ချမ်းသာရေးပဲ တွေးပြီး ပြောတာပေါ့။

"ကိုကို"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"အန်တီပြောတာ ကြားလား"

"ကြားသားပဲ"

"အဲဒါဆို ဘယ်လိုလဲ"

"ခုမှတော့ ခင်ဗျားသဘောပဲပေါ့"

"ဟေး ... ဒါမှ တို့ကိုကိုကွ၊ အဲလေ ... အဲဒါမှ တို့အန်တီကွ"

မေမေ့ကြောင့် ဘုန်းသစ် လိုက်လျောတာကို သဘောပေါက်ပြီး နန္ဒာ အဲဒီလိုအော်လိုက်ခြင်းမှာ လက်သီးလေးဆုပ် လက်မောင်းကိုတန်းလို့ပါ။

အမြင်ကတ်ဖို့ကောင်းလိုက်တာ။

အားလုံးထဲမှာ ကျိတ်ပြီး အပျော်ဆုံးလူကတော့ ဖြူဖြူပေါ့လေ။

○○○



## အခန်း (၂၂)

စင်တာရှေ့ကိုရောက်တော့ နန္ဒာနဲ့လှိုင်းပြာပြာက ကားပေါ်မှ [illegible]င်းဘူဆင်းလေသည်။ ယုဇနက နောက်မှဆင်းပြီး ဖြူဖြူကတော့ [illegible]ဆင်းဖြစ်သေးဘဲရှိကာ ဘုန်းသစ်ကို အကဲခတ်သလို ကြည့်လိုက်မိ[illegible] သူဆင်းမှာလား မဆင်းဘူးလားပေါ့။

"ကိုကို"

"..."

"ကိုကိုပါ လိုက်ခဲ့နော်"

"ဟာ ... နင်တို့မိန်းကလေးတွေကြားမှာ ငါက ဘာလိုက်[illegible]ရမှာလဲ၊ ကိုယ့်ဘာသာပဲ သွားကြစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com

"မိန်းကလေးတွေရော ဘာဖြစ်လဲ ကိုကိုရဲ့ လိုက်ခဲ့ ... ကို နန္ဒာ ပူဆာစရာရှိလို့"

"ဘာလဲ"

"အထဲရောက်ရင် သိရမှာပေါ့"

"ဝယ်ချင်တာရှိရင် ပိုက်ဆံယူသွား။ နင့်စိတ်ကြိုက် ... ငါ့ကိုတော့ မခေါ်နဲ့"

"ကိုကို"

နန္ဒာ ခပ်ဆောင့်ဆောင့်လေး ခေါ်လိုက်ပေမယ့် ဘုန်းသ... အရေးမစိုက်သလို မတုန်မလှုပ်နှင့်ပါ။

"လိုက်မှာလား။ မလိုက်ဘူးလား ဒါပဲပြော"

"မလိုက်ဘူး"

"အဲဒါဆို နန္ဒာ အောင်ငိုမှာနော်"

"ဟာ ... နန္ဒာ နင် အဲဒီလို ဂျီမကျနဲ့လေဟာ"

ဘုန်းသစ် ပျာပျာသလဲ ပြောလိုက်မိ၏။ ဒီကောင်မလေး... တကယ်လုပ်ချင်လုပ်မှာလေ။ ဖွတ်တရွတ်ကလေးပဲဥစ္စာ။

"နင် လိုက်ပို့ဆိုလို့ ငါ မအားတဲ့ကြားက လိုက်ပို့တာ၊ ... ထက်တော့ ပိုပြီး ဗိုလ်မကျနဲ့၊ ငါ လှည့်ပြန်လိုက်မှာ ဘာမှတ်လဲ"

"အင်"





ဘုန်းသစ် အကျုပ်ပြန်ကိုင်တော့ နန္ဒာ့နှုတ်ခမ်းသားလေး မဲ့ကျသွားလေ၏။ သူ့စိတ်ကလည်း ကလေးသာသာပဲလေ။ တကယ် ပြန်မသွားဘူးလို့ ပြောနိုင်မလား။ ကိုယ့်အစ်ကိုရယ်လို့ ချွဲရမလား မှတ်ပါတယ်။ သူက ကိုယ့်ထက်တောင် ကလေးဆန်နေတော့ အခက် သားပေါ့။

"နန္ဒာ"

"ဟင်"

"နင့်အစ်ကို မလိုက်ချင်လည်း နေပါစေဟယ်၊ တို့ချည်းပဲ သွားကြတာပေါ့၊ မိန်းကလေးတွေကြားထဲမှာ ယောကျ်ားလေးတစ် ယောက်တည်းဆိုတော့ ဟုတ်တော့ ဟုတ်တာပေါ့၊ သူ ဘယ်လိုက်ချင် ပါ့မလဲ"

"အေးလေ ... ထားခဲ့လိုက်ပါ၊ အစ်ကိုဘုန်းပါတော့ တို့လည်း မလွတ်လပ်ဘူးပေါ့ဟ"

"အဲဒါ မှန်တယ်၊ ငါပါတော့ နင်တို့ မလွတ်လပ်ဘူးပေါ့၊ ငါလည်း မလွတ်လပ်ဘူး"

"အမယ်"

"ကဲပါ ... နန္ဒာရယ် လာစမ်းပါ"

လှိုင်းပြာက နန္ဒာကို ဆွဲခေါ်ချိန်မှာ ယုဇနက မြဖြူ့အနားသို့

www.burmeseclassic.com

www.burmeseclassic.com



ကပ်လာပြီး ...

"ဟဲ့ ... ဖြူဖြူ"

"ဟင်"

"ဆင်းလေ ဘာလုပ်နေတာလဲ"

"ငါ မလိုက်တော့ဘူးဟာ၊ နင်တို့ပဲ သွားလိုက်တော့နော်"

"ဟင် ... အစတုန်းကတော့ နင်ပဲ လာချင်လှပါချေရဲ့ဆို အခုမှ ဘာဖြစ်တာလဲ"

ဖြူဖြူ မျက်နှာလေး ရှုံ့မဲ့ပြပြီး ...

"ငါ ခေါင်းကိုက်လာလို့ပါ"

"တော်တော်ကိုက်နေလို့လား"

"ဟဲ့"

"ဟင်"

နန္ဒာက လက်မောင်းကိုပုတ်ပြီး ခေါ်လိုက်တာကြောင့် ယုဇနလှမ်းကြည့်လိုက်တော့ နန္ဒာ့ရုပ်က စပ်ဖြဲဖြဲနှင့်ပါ။ ဖြူဖြူ့အကြောင်းကို နန္ဒာ သိနေတာပေါ့။ ယုဇနနဲ့လှိုင်းပြာက သိမှမသိသေးပဲလေ။ နောက်တော့လည်း ပြောပြမှာပါလေ။

"ခေါင်းကိုက်နေရင်လည်း ထားခဲ့လိုက်ပါ၊ တို့ချည်းပဲ သွားကြတာပေါ့"





ယုဇနက သဘောပေါက်သလိုနှင့် ...

"ဪ ... ဒီလိုလား၊ အင်း ... ဒါဆိုလည်း ထားခဲ့တာပေါ့"

"ကိုကို"

ပါးစပ်က မထူးဘဲ မျက်ဝန်းသာ စွေကြည့်လေလျှင် ...

"နန္ဒာ့သူငယ်ချင်း ခေါင်းကိုက်လို့ ထားခဲ့မယ်နော်"

ရုပ်က စပ်ဖြဲဖြဲနှင့်မို့ မကြည့်ကြည့်ကိုတောင် လွှဲပစ်လိုက်၏။ နန္ဒာတို့သုံးယောက် ထွက်သွားကြတော့ ဘုန်းသစ် ဒတ်ရှ်ဘုတ်ပေါ်မှာ တင်ထားသည့် ဂျာနယ်တစ်စောင်ကို လှမ်းယူပြီး ဖတ်နေလိုက်သည်။ နန္ဒာတို့က ကြာဦးမှာလေ။ မိန်းကလေးတွေ ဈေးဝယ်ရင် တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် မပြီးနိုင် မစီးနိုင်။

ဘုန်းသစ်က အဲဒါကိုပဲ စိတ်မရှည်တာ။

နှင်းဆီဖြူဖြူနဲ့ကလည်း မရင်းနှီးတော့ ပြောစရာစကားမှ မရှိဘဲလေ။ စကားတွေ ရှာကြပြီး ပြောလိုက်ရင် ရင်းနှီးမှာပေမယ့် မပြောချင်ပါဘူး။

"ကိုဘုန်း"

"..."

"ကိုဘုန်း"



www.burmeseclassic.com

www.burmeseclassic.com

ဂျာနယ်ဖတ်နေရင်းမှ ခေါင်းသံကြောင့် မော့ကြည့်လိုက်တော့ ...

"နီနီနဲ့ အဆင်ပြေရဲ့လား"

ခပ်တွေတွေအကြည့်က ဖြူဖြူ့စကားကို ဘယ်လိုနားလည်လိုက်ရမှန်းမသိတာမျိုးလေ။ ဘုန်းသစ် ဖြန့်ထားတဲ့ ဂျာနယ်ကိုတောင် ပြန်ပိတ်လိုက်မိ၏။ အဆင်ပြေရဲ့လားဆိုတာ ဘာကိုမေးတာလဲ။ စကားတစ်ခွန်းတိုင်းမှာ သံတူကြောင်းကွဲနဲ့အဓိပ္ပာယ်က အမျိုးမျိုးသက်ရောက်မှု ရှိသည်လေ။

ပြောသူနဲ့နားထောင်သူ ...

နားလည်မှုတူညီမှသာ စကားအဓိပ္ပာယ်မကျယ်ပြန့်ပေမယ့် နားလည်မှုလွဲရင် စကားအဓိပ္ပာယ်က တစ်မျိုးဖြစ်သွားတတ်ကြတာလေ။ အခုလည်း ဘယ်လိုနားလည်လိုက်ရမှန်းမသိဖြစ်ကာ ...

"ဘာကိုမေးတာလဲ မသိဘူး"

"ဩော် ... ဟို နီနီလုပ်တာ,ကိုင်တာ ပြောတာ,ဆိုတာတွေ စိတ်တိုင်းကျရဲ့လား။ အဆင်ပြေရဲ့လားလို့ မေးတာပါ"

"ပြေပါတယ်၊ နှင်းဆီနီနီက အိမ်တွင်းမှုကိစ္စတွေ နိုင်နင်းတာပဲဟာ"

"တကယ်လို့ အဆင်မပြေရင် ပြောနော်"





"မင်းက ဘာလုပ်ပေးမလို့လဲ"

"ဩော် ... သူလုပ်တာ မနိုင်မနင်းရှိရင် ဖြူဖြူလာပြီး ကူ...ပေးမလို့ပြောတာပါ"

ဘုန်းသစ် နှုတ်ခမ်းကို မပွဲမိအောင် မနည်းထိန်းလိုက်ရ၏။ ... လာကူလုပ်ပေးဦးမတဲ့။ ခြေမ ကလိထိုးပြီး ရယ်ဖို့ကောင်းလိုက် ... လက်သည်းကြည့်ရုံနဲ့တင် သိသာပါတယ်။ နီနီလုပ်တဲ့အလုပ်မျိုး ...လုပ်နိုင်လား။ မလုပ်နိုင်ဘူးလားဆိုတာကိုလေ။

"ကိုဘုန်းက မိန်းကလေးတွေနဲ့ သိပ်ပြီး ရင်းရင်းနှီးနှီး ...တတ်ဘူးနော်"

"အင်း"

"ဘာဖြစ်လို့လဲ ... မိန်းကလေးတွေကို ကြောက်လို့လား။ ...ဆိုရင်တော့ အသည်းကွဲဖူးတယ် ထင်တယ်"

"..."

"ဟုတ်လား"

"အသည်းကွဲဖူးတယ်ရယ်လို့တော့ မဟုတ်ပါဘူး။ မဆိုသ...ာက်တော့ ထိဖူးတယ်၊ ဒါပေမဲ့ အဲဒါကြောင့်တော့ မဟုတ်ဘူး။ ...ရင်းနှီးနှီးမနေချင်လို့ပဲ မနေတာပါ"

"ဩော်"

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းသစ် ဂျာနယ်ကို ဒတ်ရှ်ဘုတ်ပေါ်သို့ ပြန်တင်ပြီး အ
တံခါးကို တွန်းဖွင့်ပြီး ဆင်းလိုက်တော့ ...

"ကိုဘုန်း ဘယ်သွားမလို့လဲ"

"အညောင်းပြေ အညာပြေ ဟိုအနား ဒီအနားပါ"

ပြောပြီး ဘုန်းသစ် ထွက်လာခဲ့တော့၏။ ကဲ ... ဘာ
နိုင်သေးလဲ။ မိန်းကလေးတွေများရင် နားငြီးလို့ နားအေးအေး
ကျန်ခဲ့ပါတယ် ... စောစောကတော့ ခေါင်းကိုက်လို့တဲ့။

အခုကျတော့ ...

ပြောလိုက်တဲ့စကားက ရေပက်လို့မဝင်ပါပဲ။

ဟူး ...

○○○

## အခန်း (၂၃)

"နီနီ"

"..."

"နီနီ"

"လာပြီ"

ခါတိုင်းလို ဦးမင်းခန့်က အခန်းအောင်းမနေတော့ပေ။ နီနီရဲ့
ဂတ်ရှည်သည်းခံမှုတွေကြောင့် အခုဆိုရင် ခြေထောက်က တော်တော်
လေး အခြေအနေကောင်းနေပြီလေ။ ရှေ့ဆိုရင် ဒီထက်ပိုကောင်းလာ
ဦး ရှိတော့တာ။ အခုလည်း ညှော်ခန်းထဲမှာပါ။ နီနီ ဘယ်အချိန်အားလို့
အပြင်ထွက်ရမှာလည်း စောင့်နေမိတာလေ။



www.burmeseclassic.com

www.burmeseclassic.com



အခု ...

နီနီ ခါတိုင်းရောက်လာချိန်အထိ ထွက်မလာသေးလို့ ...
မိတာပါ။ နီနီ သုတ်သီးသုတ်ပျာနှင့် ထွက်လာပြီး ...

"ဦး ဘာဖြစ်လို့လဲဟင် ... နီနီ ဘာလုပ်ပေးရမလဲ"

"နင် အလုပ်မပြီးသေးဘူးလား၊ ငါ ခြံထဲဆင်းချင်နေ..."

"ဩော် ... ရပါတယ် နီနီ လိုက်ပို့ပေးပါ့မယ်၊ နီနီက ...
ပြီးလို့ သနပ်ခါးလိမ်းမလို့လုပ်နေတာ အခြားအလုပ်တော့ မရှိ...
ပါဘူး"

သနပ်ခါးဆိုမှပဲ ဦးမင်းခန့် နီနီ့မျက်နှာကို သေသေချာ...
ကြည့်မိ၏။ ဝင်းဖန့်ဖန့်မျက်နှာလေးက သနပ်ခါးမရှိတော့ သလင်း...
လို့ပါ။ သနပ်ခါးလိမ်းထားတာထက် အခုလို သနပ်ခါးမလိမ်းဘဲနေ...
က ပိုလို့တောင် ကြည့်ကောင်းနေသလိုလိုပါ။

"အဲဒါဆို သနပ်ခါးသွားလိမ်း။ မလိမ်းခင်လည်း ညည်း...
ကိုလေးကိုခေါ်ပေးခဲ့၊ သူနဲ့လည်း အဆင်ပြေပါတယ်၊ နီနီ မလာ...
သူနဲ့ပဲပေါ့"

"ရပါတယ်"

"ပြောစကားကို နားထောင်"

ဦးမင်းခန့်က ဒါဆိုရင် ဒါမှကြိုက်တာမို့ နီနီ ဘာမှဆက်...





...တော့ပေ။ ဒီအိမ်မှာနေတာ ရက်တွေကြာလာတာနှင့်အမျှ ဒီအိမ်
...တွေအကြောင်း ဘယ်သူက ဘာကြိုက်တယ်၊ ဘယ်သူကတော့
...မကြိုက်ဘူးဆိုတာကို သိနေပြီလေ။

"ဒါဆို နီနီ သွားခေါ်လိုက်ပါ့မယ်"

ပြောပြီး အပေါ်ထပ်ကို တက်လာခဲ့တော့၏။ ဘုန်းသစ်အခန်း
...ကိုရောက်တော့ ခြေစုံရပ်လိုက်ကာ ...

"ဒေါက် ... ဒေါက်"

"အစ်ကိုလေး ... အစ်ကိုလေး"

"ဒေါက် ... ဒေါက်"

"အစ်ကိုလေး"

ဘာတုံ့ပြန်သံမှ မကြားရလို့ တံခါးကို တွန်းကြည့်လိုက်တော့
...ထားတာပါ။ တံခါးပိတ်မထားဘူးဆိုပြီး အထဲကိုလည်း မဝင်ရဲပါ
...။ ယောက်ျားတစ်ယောက်ရဲ့အိပ်ခန်းထဲကို မိန်းမပျိုလေးတစ်ယောက်
... ဝင်သင့်တာမှ မဟုတ်တာ။ ဒါပေမဲ့ ... ဒီလောက်ခေါ်နေတာကို
...ပြန်သံမကြားရတော့ ...

ဘာလုပ်နေပါလိမ့်ဟု ...

တံခါးကို တပ်တွန်းကာ ခေါင်းလေးပြူ၍ ကြည့်လိုက်...
ဩော် ... ဒင်းက အိပ်နေတာကိုး။ ဘယ်လိုလုပ်ရပါ့မလဲ...

www.burmeseclassic.com

www.burmeseclassic.com



"ဒုန်း . . . ဒုန်း"

"အစ်ကိုလေး"

တံခါးကို လက်သီးနှင့်ထုပြီး အသံကိုလည်း မြှင့်ပြီး အ...
ကြီး ခေါ်ပစ်လိုက်၏။

"ဒုန်း . . . ဒုန်း"

"အစ်ကိုလေး"

"ဟာ . . . ဘာဖြစ်နေတာလဲ"

"အမေ့"

တံခါးက ချပ်ခနဲ ပွင့်သွားပြီး မျက်နှာပေါ်လာခြင်းနှင့်အ...
အသံကျယ်ကြီးနဲ့ အော်တာခံလိုက်ရတော့ နီနီ လန့်သွားရ၏။ မျက်...
လေး အပိုင်းသားနှင့် သူ့ကို ကြည့်နေတုန်းမှာပဲ . . .

"ဘယ်လိုဖြစ်လို့ စွတ်အော်နေတာလဲ"

"အစ်ကိုလေးမှ ပြန်မထူးတာ"

"လူရှိနေတာ နင်သိနေတာပဲ မဟုတ်ဘူးလား"

"သိနေလို့ ခေါ်တာပဲလေ"

"ကဲ . . . ပြော . . . ဘာလဲ"

"ဦးက ခေါ်ခိုင်းလို့"

"နင်ကရော"





"နီနီက သနပ်ခါး မလိမ်းရသေးလို့ပါ"

"ကျွတ် . . . ရှုပ်ကိုရှုပ်တယ်"

"ဟင် . . . ပြောတာကြည့်စမ်း ကိုယ့်မိဘကို ရှုပ်တယ်တဲ့"

"ဟာ . . . ဘာတွေလာပြောနေတာလဲ၊ ငါက ငါ့မိဘတော့
...ဘယ်ပြောပါ့မလား။ အခုပြောနေတာက နင့်ကို"

"ဟင်"

ဘာမှလည်းမဆိုင်ဘူးဟု မျက်ခုံးလေး မြင့်တက်သွားလေ၏။
...ယ်က ရှုပ်ရအောင် သူ့အဖေ လာခေါ်ခိုင်းလို့ ခေါ်ရတာပဲဥစ္စာ။

"သွားမယ်"

"အမေ့"

သွားတော့လည်း နီနီ့ပခုံးကို ဝင်တိုက်သွားတာမို့ ဒေါသက
...ချင်ချင်။ ဒါ မတော်တဆမဟုတ်ဘူးလေ။ တမင်လုပ်သွားတာပဲ
...။ သူက အလုပ်ရှင်ဆိုတော့လည်း ကိုယ့်မှာ ဘာမှမပြောသာ။
... ကိုယ်သနပ်ခါးလိမ်းစရာရှိတာသာ လိမ်းပြီး ခြံထဲကို ဆင်းခဲ့တော့

သူကပဲ တွဲပြီး သူ့အဖေကို လမ်းလျှောက်ခိုင်းနေပြီလေ။
...ယ့်မှာလည်း တာဝန်ရှိနေတာမို့ နီနီ အနားရောက်သွားတော့ . . .

"သနပ်ခါးလိမ်းတာကလည်း ကြာလိုက်တာ"

"မိန်းကလေးပဲ ဒီလောက်တော့ ကြာမှာပေါ့ အစ်ကိုလေးရဲ့



www.burmeseclassic.com

www.burmeseclassic.com



အခုလည်း ဖြစ်သလို လိမ်းလာတာ၊ အစ်ကိုလေးတောင် အပြင်... ကာနီးဆို မှန်ရှေ့မှာ မကြာဘူးလား''

''ငါ့ကို ပြန်မပြောနဲ့၊ ဒါလား ဖြစ်သလို လိမ်းလာတာ''

ရှင်မတောင်သနပ်ခါးလေးနဲ့ ဝင်းနှစ်နေတဲ့မျက်နှာလေး... ကြည့်ပြီး ပြောလိုက်တာက မယုံသက်ာပုံပါ။ နီနီကတော့ ဖြစ်သ... လိမ်းလာတာပဲလေ။ သနပ်ခါးရေကျဲကို ဘရုတ်ရှ်လေးနဲ့ထွဲပြီး ပါး... လေး ကွက်ရုံမှအပ ဘာမျှား အပိုပြင်ခဲ့လို့လဲ။ ဒါကို အပြင်... အပြစ်ရှာနေတာ။

''ဒီညနေ ဖြိုး အိမ်လာမလို့တဲ့''

''အဲဒါ နီနီက ဘာလုပ်ရမှာလဲ''

''ဘာလုပ်ရမှာလဲ ... အဲဒါသိလို့ မဖြစ်မနေ သနပ်ခါး... သလားလို့''

''အစ်ကိုလေးနော်''

''သား''

''ဖျာ''

''ဟုတ်သားပဲကွ ... မင်းဟာက အပြစ်မရှိ အပြစ်ရှာသ... ဖြစ်နေပြီနော်၊ ပြီးတော့ မင်း နီနီ့ကို ဆက်ဆံပုံက ဟိုဟာနဲ့တူနေပြီ''

ဖေဖေ့ပုံစံက ပြုံးစိစိနှင့်မို့ ဘယ်ဟာနဲ့တူလဲလို့ ဘုန်းသ...





...ပေးရဲ့ပေ။ ဖေဖေက သူ့ကိုယ်သူ အားမရလို့ အော်တာ ဝေါက်တာ ...တွဲ့ရင် အဆင့်အတန်း ဘာညာမခွဲခြားတတ်သူ။ ဘုန်းသစ်ကို ချစ်သူ ...ဘာ ဘယ်လိုအဆင့်အတန်းမှ ဘယ်လိုပုံစံမှလို့ သတ်မှတ်မထား ...။ သူတို့အတွက် ဂုဏ်တွေ၊ စည်းစိမ်ဥစ္စာတွေ မလိုတော့ဘူးတဲ့။

ဦးနှောက်ရှိတဲ့လူပဲ စဉ်းစားပေါ့။

ကိုယ့်မျက်စိနဲ့ ကိုယ်ကြည့်၊ ကိုယ့်ဘာသာ ကိုယ်ရွေးချယ်။ ...သာတတ်တစ်ယောက်ဖြစ်နေပြီး မှားသွားရင် ကိုယ့်ထိုက်နဲ့ကိုယ့်ကံ ...တဲ့လေ။

နီနီကလည်း အကင်းပါးသူမို့ ...

ဦးမင်းခန့်စကားကြောင့် မျက်နှာ ဘယ်ထားရမှန်းမသိ ဖြစ် သွား၏။

''ဖြိုးက တကယ်လာမှာလား''

''သားက ညာပါ့မလား ဖေဖေရဲ့''

''အင်း ... အဲဒီကောင်လေးက နီနီ့ကို ကြွေနေတာထင် ...တယ်၊ ဦးလည်း ငယ်ရာကနေ ကြီးလာတာဆိုတော့ သိတာပေါ့၊ ...မဆိုးပါဘူး၊ ဒီကောင်လေး တော်ပါတယ်၊ အိမ်ထောင်ဖက်အဖြစ် ရွေးထိုက်တဲ့လူတစ်ယောက်ပါ''

''ဟုတ်တယ် ဖေဖေ ... အဲဒီကောင်က နီနီ့ကို အသည်း



www.burmeseclassic.com

www.burmeseclassic.com



အသနိဖြစ်နေတာ၊ အဲဒါကြောင့် သားကို ကပ်နေတာလေ၊ ပြောအေ
ပါဆိုလို့ ပြောပေးတော့ မယ်မင်းကြီးမက သိက္ခာတွေ မာနတွေ
ဆိုင်းဘုတ်ချိတ်ပြီး သားကိုတောင် စိတ်ဆိုးသေးလို့ မနည်းတော
ပန်လိုက်ရတာ"

"ဟုတ်လား"

"အစ်ကိုလေး"

လူကြီးရှေ့မှာဆိုတော့ နီနီရှက်ရှက်နှင့်ပဲ အော်လိုက်မိပြီး
ပြန်ထိန်းလိုက်ရသည်။ ဦးရှေ့မှာဆိုတော့ နီနီ ပြန်မအော်သင့်ဘူး
ထင်ပါရဲ့။

"အဲဒါ ကြီးကျယ်တာ မဟုတ်ဘူး သား"

"ဗျာ"

"နီနီက မိန်းကလေးလေ၊ မိန်းကလေးဆိုတာ ပစ္စည်းမချမ်း
သာရင်နေ စာရိတ္တနဲ့မာနတော့ ချမ်းသာရမယ်၊ ထိန်းသိမ်းသင့်တာကို
ထိန်းသိမ်းရမယ်၊ မိန်းကလေးတစ်ယောက်ရဲ့တန်ဖိုးက အလှအပနဲ့
ဂုဏ်ပကာသနတွေ မဟုတ်ဘူးကွ၊ အချို့ ငါ ဆင်းရဲတယ်ဆိုပြီး သူဌေး
သားတွေကို အပိုင်ချိူင်ကြတာ အဲဒါ ပိုင်းလုံးပဲ၊ သိက္ခာမရှိဘူး။ အဲဒီ
အိမ်ထောင်ရေးမှာ အချစ်ပါမှာလည်း မဟုတ်ဘူး။ ပါသည်ထားဦးတော့
အခြေအနေနဲ့ အချိန်အခါအရ ပြောင်းလဲသွားနိုင်တယ် သား။ နီနီက





ဒါမျိုးအဖြစ်မခံနိုင်တဲ့ မာနရှိတာ၊ ဖေဖေကတော့ အဲဒီမာနကို
သဘောကျတယ်"

ဘုန်းသစ် နှုတ်ခမ်းက မဲ့ခနဲဖြစ်သွားလေ၏။ ဖေဖေပြော
ာကို သဘောမကျလို့ မဲ့တာတော့ မဟုတ်ပေ။ သူ့စိတ်ကိုက နီနီ
ံနိုင်အောင် စချင်တာ ဘာလဲတော့ မသိပါဘူး။ နီနီကလည်း
လုပ်ရှင်ရယ်လို့ သူ့ကို ကြောက်တာမဟုတ်တော့ မျက်စောင်းထိုး
ည်လေ။ အဲဒါ တကယ်တော့ ဘုန်းသစ်အပြစ်ပါပဲ။

နီနီ လေးစားကြောက်ရွံ့အောင်မနေဘဲ သူငယ်ချင်းလို
သဘောထားကာ စနောက်မိခဲ့သည်ကို။

"သား"

"ဗျာ ဖေဖေ"

"ဖြိုးနဲ့နီနီ့ကြားမှာ မင်း ဘာမှဝင်မပါနဲ့နော်၊ တကယ်ဆို
င်းမှာ နီနီ့ကို စောင့်ရှောက်ရမယ့် တာဝန်တောင် ရှိတာ၊ ကိုယ့်အိမ်
နေရင် ကိုယ့်တာဝန်ပဲ၊ အခုက ဖြိုးမောင်မောင်ဆိုတာ မိန်းကလေး
စ်ယောက်အတွက် ချစ်သူအိမ်ထောင်ဖက် ရွေးထိုက်တဲ့ယောကျ်ား
ို့ နီနီ့သဘောကိုကြည့်နေတာ"

"နီနီ့သဘောကတော့"

"ဟော . . . ဟိုမှာလာပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းသစ် ပြောလိုက်တာကြောင့် သူကြည့်ရာကို ကြည့်လိုက်တော့ ခြံထဲကို ကားဖြူလေးတစ်စီး ဝင်လာသည်လေ။ ကားမောင်းလာသူကတော့ ဖြိုးမောင်မောင်ပါ။

"ဟာ ... အန်ကယ်လ်လမ်းတောင် တော်တော်လျှောက်နေပြီပဲ တိုးတက်နေပါလား"

"ဟုတ်တယ် ကိုဖြိုး ... ဒါ နှင်းဆီနီနီရဲ့စိတ်ရှည်သည်းခံမှုတွေကြောင့်ပေါ့ကွာ"

"ဟုတ်လား"

ဘယ်သူ့ကိုမေးလိုက်တာမှန်းမသိဘဲ အကြည့်က နီနီ့မျက်နှာလေးဆီမှာ ဖြန့်ကျက်သွားပြီး မျက်ဝန်းတွေက ရွှန်းလဲ့တောက်ပလာ

အဲဒါကိုမြင်တဲ့ ဘုန်းသစ်ရင်ထဲမှာ တစ်မျိုးကြီးပါပဲ။ ဖေဖေကလည်း ကိုယ့်ကိုကျတော့ မင်းဝင်မပါနဲ့တဲ့။ အခု သူ့ကျတော့ ဖြိုးရှေ့မှာ နီနီ့ကို ချီးမွမ်းပြနေတာကရော ဘာသဘောလဲ။

"နီနီက တော်တယ်နော်"

"ရှင်"

"ဪ ... အန်ကယ်လ် ခုလို လမ်းလျှောက်နိုင်တာ နီနီ့စိတ်ရှည်သည်းခံမှုတွေကြောင့်ဆိုလို့ပါ၊ ပြီးတော့ အိမ်မှုကိစ္စတွေလည်း နိုင်နင်းတယ်"





"အလကားပါကွာ၊ သူလုပ်တဲ့အလုပ်တွေက မိန်းကလေးတွေ တတ်ကိုတတ်ထားသင့်တဲ့ ပညာတွေပဲဟာ၊ ပစ္စည်းမှမချမ်းသာရင် ဒါတွေတတ်ထားမှ ခုလို လစာနဲ့ အလုပ်လုပ်လို့ရမှာလေ။ ပညာကလည်း ဘာဘွဲ့မှရမထားရင် ဒီအလုပ်မျိုးပဲ လုပ်ရမှာ"

"သား"

"ဖေဖေ ခုလောက်လမ်းလျှောက်နိုင်လာတာလည်း သူ့ချည်းပဲ စိတ်ရှည်သည်းခံလို့ မဟုတ်ဘူး။ ငါက အမြဲလိုလိုပါနေရတာပဲဥစ္စာ"

နီနီ့နှုတ်ခမ်းလေး တင်းတင်းစေ့သွားလေ၏။ ဟုတ်တာတွေ ပြောလို့ ငြိမ်နေတာပါလေ။ ဒါပေမဲ့ ... နီနီ့ဂုဏ်ပုဒ်တွေကို အဲဒီလောက်အထိ ကြေညာပေးဖို့ လိုသလား။ နီနီ ပညာမတတ်တာ ချမ်းသာတာကို ကလေးကစ ခွေးကစ သိနေတာပဲဥစ္စာ။ ဒါကိုပဲ ချေးကြီးခွင်ကျယ်ပြောပြီး ဖွဲ့စရာလား။

"မင်း ... လူတစ်ဖက်သားကို ဘာလို့ အဲဒီလို နှိမ့်နှိမ့်ချချ ပြောချင်ရတာလဲ ဘုန်းသစ်၊ မင်း ငါ့သား ဘုန်းသစ်စစ်မှ ဟုတ်သေးရဲ့လား"

"ပြောပါစေ ဦး၊ သူပြောတာ အမှန်တွေပဲဥစ္စာ၊ နီနီ စိတ်မဆိုးပါဘူး"

"ကဲ ... နီနီ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ညည်း ... သွားတော့၊ ကိုယ်လုပ်စရာရှိတာ လုပ်"

"ရတယ် ... ဦး"

"ပြောစကားကို နားထောင်လေ"

လူကြီးက ပြောတာဆိုတော့လည်း ...

"ဟုတ်"

နီနီ ချာခနဲ လှည့်ထွက်လာခဲ့တော့၏။ ဦး ဘာကြောင့် နီနီ့ကို ပထုတ်တယ်ဆိုတာ နီနီသိတာပေါ့။ အစ်ကိုလေး ပြောတဲ့စကား အတွက် နီနီ့ကို ဝမ်းနည်းအားငယ်မှာစိုးတာလေ။ နီနီ ဝမ်းမနည်းပါ ဘူး။ သူပြောတာက နီနီ့ဘဝအမှန်ပဲလေ။

"မင်းကလည်း ဘုန်းသစ်ရာ ... ကောင်မလေးကို မင်း ပြောလိုက်ရင် တစ်ခါမှ သက်သာတယ်မရှိဘူး။ အမှန်ဆိုပေမယ့် သူ့ အားနည်းချက်ကို မင်း ထုတ်ပြောစရာလားကွ"

"မင်းက နာနေတာလား"

"မဖြစ်သင့်တာကို ပြောပြတာပါ၊ လူတစ်ယောက် ပစ္စည်း ဆင်းရဲတာ ဘာမှမဖြစ်ဘူး၊ စာရိတ္တမဆင်းရဲဖို့ပဲ လိုတာ"

"မင်း ဆုံးဖြတ်ပြီးပြီလား"

"ဘာကိုလဲ"



"သူ့ဘဝထဲကို တိုးဝင်ဖို့"

"တံခါးမှူးတစ်ယောက် ကန့်လန့်ခံပြီး လုံထိမ်းစောင့်နေမှ တော့ ဝင်ဖို့မလိုတော့ပါဘူး"

"ဘာ"

"ငါ မင်းကို နားလည်ပါတယ်"

ပခုံးပုတ်ပြီး ပြောလိုက်တာ ဘာအဓိပ္ပာယ်လဲ။ ဘာကိုနား လည်လိုက်တာလဲ။ ဘုန်းသစ်မသိပေမယ့် ဦးမင်းခန့်က ဖြိုးနှင့် ထပ် တူထပ်မျှ နားလည်လိုက်သည်သာ။

○○○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

ဒီနေ့ ...

တူမချောနန္ဒာ ဝိုင်းပူဆာတာကြောင့် ဒေါ်ဝတ်မှုံကိုယ်တိုင် လုပ်စေ အမိန့်ချကာ အုန်းနို့ခေါက်ဆွဲ ချက်စားဖို့ ပြင်နေကြတာလေ။ နန္ဒာက သူ့သူငယ်ချင်းတွေနဲ့ ပျော်ပျော်ပါးပါး ဒီအိမ်မှာမှ လုပ်ခွင့် သတဲ့လေ။ သူ့အိမ်မှာက သူ့အမေက စိတ်ရှည်လက်ရှည် စီစဉ်မပေး နိုင်လို့တဲ့။

သူမတို့မှာ မောင်နှမနှစ်ယောက် ရှိပါတယ်။

ကိုယ်ကလည်း မွေးထားတာ သားတစ်ယောက်တည်း မောင်လေးကလည်း ဒီသမီးတစ်ယောက်ပဲ မွေးထားတာလေ။





မောင်နှမနှစ်ယောက်စလုံးမွေးတာ မောင်နှမနှစ်ယောက်ပဲဆိုတော့ ခြားမနေဘဲ တူမကိုလည်း သမီးလိုချစ်တာပဲလေ။ ဒါကြောင့် တူမ စိတ်တိုင်းကျ ခုလိုလုပ်ပေးတာပါ။

"နီနီ"

"ရှင်"

"ကြက်သွန်လှီးရတာ မွှန်တယ်လေ၊ နင်ပဲ ဆက်လှီးလိုက်တော့"

"ထားခဲ့လေ"

"နီနီ"

"..."

"ဒီမှာ ခေါက်ဆွဲ ဘယ်လိုလုပ်ရမလဲ"

"မလုပ်တတ်ရင်လည်း မလုပ်ကြပါနဲ့၊ နီနီနဲ့ဒေါ်စန်းပဲ လုပ်လိုက်မယ်၊ ညည်းတို့လေးတွေ အပြင်မှာပဲ နေသာသလိုနေကြပါ၊ စိတ်တော့မရှိနဲ့နော်၊ ညည်းတို့ မလုပ်တတ်ပဲ ဝင်လုပ်တော့ ကူညီရာ မရောက်ဘဲ ဒေါ်စန်းတို့အတွက် အနှောင့်အယှက်ဖြစ်တာပေါ့"

"ဒေါ်စန်း ပွင့်ပွင့်လင်းလင်းပဲ ပြောလိုက်၏။ ဟုတ်တယ်လေ၊ နီနီ့အစ်မက ပိုဆိုးပေါ့။ တတ်သလိုလိုနဲ့ ဝင်လုပ်ပြီး ပြီးရင် မလုပ်တတ်တော့ နီနီ့ကိုပဲ ခိုင်းတာမဟုတ်လား။ ကိုယ့်ဘာသာလုပ်တာထက်

www.burmeseclassic.com

www.burmeseclassic.com



သူများလုပ်တာမဟုတ်လို့ ပြန်ပြင်ရတာ ပိုပြီး အလုပ်ရှုပ်တာပေါ့။

"အင်း ... ဒေါ်စန်းပြောတာလည်း ဟုတ်တယ်နော် မလုပ်တတ်ဘဲ လုပ်တော့ နှောင့်ယှက်သလိုဖြစ်တာပေါ့၊ ကဲ ... ဒီ အပြင်ကပဲ စကားပြောရင်း စောင့်ကြတာပေါ့"

နန္ဒာက ပြောလေတော့ ဖြူဖြူက ...

"တို့က သူတို့ချည်းပဲ လုပ်ရရင် ပင်ပန်းမှာစိုးလို့ ဝင်ကူ တာပါဟာ၊ မဖြစ်တာလေးတွေတော့ သည်းခံပေါ့"

"ကဲပါ ဖြူဖြူရယ် ... လာစမ်းပါ၊ သူများချက်ပြီးမှပဲ အေး အေးဆေးဆေး အဆင်သင့် စားစမ်းပါဟာ၊ မလုပ်တတ်ဘဲ ဝင်လုပ် တော့ ဒေါ်စန်းပြောသလိုပဲ အနှောင့်အယှက်ပဲ ဖြစ်တာပေါ့ဟ"

"ပြီးရော ... ပြီးရော"

"နေဦး ... လက်တွေ ကြက်သွန်စော်နံလို့ ရေဆေးဦးမယ်"

"ငါလည်း ဆေးမယ်"

တစ်ယောက်တစ်ပေါက်နှင့် ဘေစင်မှာ လက်သွားဆေးလေ တော့ ပန်းကန်တွေ ဆေးနေတဲ့ နီနီ နောက်ဆုတ်ပြီး ဖယ်ပေးလိုက် ရသည်။ သူတို့လက်ဆေးပြီးစီးလို့ ထွက်သွားကြတော့မှ ...

"ဟူး ... ခုမှပဲ မျက်စိလည်း ရှင်း၊ နားလည်း အေးတော့ တယ်၊ နီနီရယ် ... နင့်အစ်မကလည်းလေ နင်နဲ့များ ဆီနဲ့ရေလို



ဒီလား"

"ဘာဖြစ်လို့လဲ ဒေါ်စန်းရဲ့"

"ကြားတာတွေကို ပြောပြတာပါ"

"မမက အရမ်းလှလို့လား"

"မဆိုင်ပါဘူး နီနီရယ်၊ ဒေါ်စန်းက ပွင့်ပွင့်လင်းလင်း ပြော တတ်လို့ စိတ်တော့မဆိုးနဲ့နော်၊ နင့်အစ်မ လှတယ်ဆိုတာက ပင်ကို ထက် အကူအညီတွေ သုံးပြီး ခြယ်ထားတဲ့ ပကာသနအလှပါ။ ဒေါ်စန်း ကတော့ သနပ်ခါးရေကျဲလေးနဲ့ ပင်ကိုလှတဲ့ နီနီ့ကိုပဲ ချစ်တယ်"

"ဒေါ်စန်းကလည်း"

ညီအစ်မချင်း ယှဉ်ပြီးမှ နီနီ့ကို ချီးမွမ်းလိုက်တာအတွက် နီနီ ဂုဏ်မယူပေ။ သူမက မမ ပိုလှတယ်လို့ပဲ ကြားချင်တာပါ။ ဘာ ဖြစ်လို့လဲဆို မမက နီနီ့ထက် အမြဲတမ်းသာချင်သူလေ။ ဒါကြောင့် သူ့ကိုပဲ အမြဲတမ်း သာခွင့်ရနေစေချင်သူပါ။

"ဒေါ်စန်းက တကယ်ပြောနေတာ နီနီရဲ့"

"ကဲ ... ထားပါ"

"ဘာကိုထားရမှာလဲ"

"ဟင်"

ကြားဖြတ်ဝင်ပြောပြီး မီးဖိုချောင်ထဲသို့ ဝင်လာသူက အုန်း



www.burmeseclassic.com

www.burmeseclassic.com



သစ်ပါ။ ခုံတစ်လုံးကိုယူပြီး ထိုင်ရင်း . . .

"ပြောပါဦး ဘာထားရမှာလဲ"

"ဒေါ်စန်းက နီနီ့ကို သူ့အစ်မထက် ပိုပြီးချစ်စရာကော…

တယ်လို့ပြောတာ မောင်ဘုန်းရဲ့၊ အဲဒါကို နီနီက ထားပါလို့ ပြော…

"ဟုတ်လား"

ဟုတ်လားလို့မေးတဲ့ မျက်နှာက မချိုမချဉ်နှင့်ပါ။ …

ဘာမှမပြောဘဲ ပန်းကန်တွေသာ ဆက်ဆေးနေလိုက်၏။

"မောင်ဘုန်း ဒီကို ဘာလာလုပ်တာလဲ၊ ဒေါ်စန်း ဘာ…

ပေးရမလဲ"

"ဘာမှမဟုတ်ပါဘူး၊ အပြင်မှာ မျက်စိရှုပ်လို့ ဒီမှာလာ…

တာ၊ ကျွန်တော် ဘာကူလုပ်ရမလဲ ဒေါ်စန်း"

"နေပါစေ မောင်ဘုန်းရယ်၊ အေးအေးဆေးဆေး နေ…

"အလကား နှမ်းလာဖြူးတာပါ ဒေါ်စန်းရယ်၊ ဘာမှလုပ်တ…

တာလည်း မဟုတ်ဘဲနဲ့"

"ဘာ"

ဘုန်းသစ် ဆတ်ခနဲထသွားပြီး နီနီ့အနားသို့ ရောက်သွား…

သည်။ မလုပ်တတ်ဘူးဆိုတာ ပျင်းလို့ ပြောကြတာ။ ဘယ်သူ…

အလုပ်ကိုင်ပြီး မွေးလာတာမှတ်လို့။ လုပ်ချင်စိတ်ရှိရင် လုပ်တတ်…





…လေ။ မလုပ်တတ်ဘူးဆိုတဲ့စကားကိုပဲ သူ မကြိုက်တာ။ သင်ပြသူ

…င် လုပ်တတ်ရမှာပဲပေါ့။

"ကဲ . . . ပြော ငါ ဘာလုပ်ပေးရမလဲ၊ သင်ပေးလို့မှ မတတ်

…် နင် ကြိုက်တာလုပ်"

"အမယ်"

"ပြောလေ . . . ဘာလုပ်ရမလဲလို့"

"မောင်ဘုန်းရယ် . . . မဟုတ်တာကို"

ဒေါ်စန်းစကားကို ဘုန်းသစ် မကြားလေသည့်နှယ် ဘာမှ

…မပြောဘဲ နီနီ့ကို ခပ်ရူးရူးလေး ကြည့်လေလျှင် . . .

"သူ့ဒွေးကို မခိုင်းရဲပါဘူးရှင်၊ ကိုယ့်နေရာ ကိုယ်နေစမ်းပါ"

"နီနီ"

"ဟင်"

နီနီ လှည့်ကြည့်လိုက်တော့ ခေါ်လိုက်တာက ဖြူဖြူပါ။

…ဘာပြန်လာလုပ်ပါလိမ့်။ လုပ်စရာရှိတဲ့အလုပ်ကို မလုပ်နိုင်လို့မှ ထားခဲ့

…ပြီပဲလေ။

"မမ . . . ဘာဖြစ်လို့လဲ"

"ငါ ရေသောက်ချင်လို့"

"ဩော် . . . ဟုတ်လား၊ ခဏနော်"



www.burmeseclassic.com

www.burmeseclassic.com



"အပြင်မှာ ရေသန့်ဗူးတွေ ချပေးထားတယ်လေ"

"ဖြူဖြူက ရေခဲရေတွေ မသောက်ချင်လို့ ကိုဘုန်းရဲ့ ...
ရေပဲ သောက်ချင်တာ၊ အဲဒါကြောင့်"

နီနီ ရေသွားခပ်ပြီး ပေးလိုက်တော့ ဖြူဖြူက ရေသောက်ပြီး
ချက်ချင်း ပြန်မထွက်သေးပေ။ နီနီက ဆေးပြီးသား ပန်းကန်တွေ...
သယ်လာပြီး ပန်းကန်စင်မှာတင်ပြီး ရေစစ်ထားလိုက်၏။ ဘုန်းသစ်...
ဒေါ်စန်းဆီသို့ လျှောက်သွားပြီး ဘာရယ်မဟုတ် ရပ်ကြည့်နေရင်း...

"အုန်းသီးခြစ်ပြီးပြီလား ဒေါ်စန်း"

"မခြစ်ရသေးဘူးလေ ... ဘာဖြစ်လို့လဲ"

"ကျွန်တော် ခြစ်ပေးမလို့ပါ"

"ဟင်"

"နေပါစေလို့ မပြောနဲ့၊ ဘယ်မှာလဲ အုန်းသီး"

"နီနီရေ ... ယူပေးလိုက်ပါဦး"

"ဟုတ်"

ဖြူဖြူက ပြန်ထွက်မသွားသေးဘဲ စောစောက ဘုန်းသစ်
ထိုင်ခဲ့တဲ့ ခုံမှာ ဝင်ထိုင်လေသည်။ နီနီက အုန်းသီးသွားယူပြီး ပြန်အလာ
ဘုန်းသစ်ကို လှမ်းပေးမလို့ လုပ်ကာမှ ...

"ညောင်း"





ကြောင်က နီနီ အစာကျွေးနေကျမို့ နီနီ့ကိုမြင်ပြီး ပြေးလာ
... ခြေထောက်ကို ပွတ်သီးပွတ်သပ်လုပ်လေလျှင် နီနီ ခြေအလှမ်း
... ခလုတ်တိုက်မိပြီး ရှေ့ကို ဟပ်ထိုးကျလေတော့ ...

"အမေ့"

"ဟာ"

"ဒုတ်"

"အား"

ဘုန်းသစ် ကမန်းကတန်းပဲ နီနီ့ကိုယ်လေးကို ဖမ်းထားလိုက်
...တော့ နီနီ့လက်ထဲက အုန်းသီးက လွတ်ထွက်သွားပြီး ဘုန်းသစ်
...ရိုးကို မှန်ကာ ပြီးမှ အောက်သို့ကျသွားတာ ဖြစ်၏။ ဘုန်းသစ်
...ယ့်မေးရိုး နာကျင်သွားတာထက် နီနီ့ကိုယ်လေးကိုသာ အမိအရ
...ထားလိုက်ခြင်းမှာ ရင်ခွင်ထဲကိုရောက်လာတာ တွေးခနဲပါပဲ။ ဒါကို
...လိုက်ရတဲ့ ဒေါ်စန်းနှင့်ဖြူဖြူမှာ ပထမတော့ ကြောင်ကြည့်နေမိပြီး
...ာက်တော့ ဖြူဖြူ့ရင်ထဲမှာ ဘာကိုဘယ်လိုစိတ်ပူမိသွားမှန်း မသိ
...ဘူး။

"ဖယ် ... ဖယ်လေ"

နီနီ သတိရပြီး သူ့ကို တွန်းလိုက်တော့ ...

"ဒီက စေတနာနဲ့ ထိန်းပေးထားတာကို အား ... ကျွတ်



www.burmeseclassic.com

www.burmeseclassic.com



. . . ကျွတ် မေးရိုးနာသွားတာတောင် သတိမထားဖြစ်ဘူး''

''ဟင်''

''ပေါက်သွားပြီလား မသိဘူး . . . အား''

ခုမှပဲ နီနီ သူ့လက်နဲ့ပွတ်တဲ့နေရာကိုကြည့်ပြီး . . .

''ကန်တော့ . . . ကန်တော့နော်၊ နီနီ တမင်လုပ်တာ မဟုတ်ပါဘူး''

''နင် ကန်တော့တာက နောက်မှ၊ ဒီမှာ တော်တော်နာနေပြီ''

''ကိုဘုန်း''

ဘုန်းသစ်အနားသို့ ဖြုံဖြုံ ရောက်သွားပြီး . . .

''ဟယ် . . . ညိုသွားတာပဲ၊ ကိုဘုန်း တော်တော်နာသွားလားဟင်၊ နင် ဘယ်လိုလုပ်လိုက်တာလဲ နီနီရယ်''

''ဟင်''

''ကိုဘုန်း ဆေးလိမ်းမလားဟင်၊ ဘာဆေးလိမ်းမလဲ၊ နီနီ ဆေးသွားယူချေစမ်း''

''ရတယ် . . . ရတယ်၊ ဘာဆေးမှမလိမ်းဘူး''

''မဟုတ်တာ ကိုဘုန်းရဲ့''

''ငါ ဆရာဝန်လောင်းတစ်ယောက်ပါ၊ ငါ့ထက်ပိုပြီး ဆေး





သိပါနဲ့၊ နီနီ''

''ရှင်''

''လာ . . . ငါနဲ့လိုက်ခဲ့၊ နင့်ကြောင့်ဖြစ်တာ နင့်မှာ တာဝန်ရှိတယ်၊ ငါ့ကို ဆေးလိုက်လိမ်းပေး''

နီနီ မျက်လုံးဝိုင်းလေးနှင့် သူ့ကို မော့ကြည့်မိ၏။ ဆေးလိမ်းချင်တာက တစ်ယောက်၊ လိမ်းပေးဖို့ ခေါ်နေတာက တစ်ယောက်လေ။ နီနီ မလိုက်ချင်ပါဘူး။ ကိုယ့်ကိုယ်လေး သူ့ရင်ခွင်ထဲ ရောက်သွားမိတဲ့အတွက်လည်း စိတ်ကမလုံ။ ရင်ထဲမှာ ကတုန်ကယင်ဖြစ်နေတာလေ၊ မတော်တဆပေမယ့် မမစိတ်ကို နီနီ ခန့်မှန်းလို့ရတာပေါ့။

အစ်ကိုလေးကို သူ စိတ်ဝင်စားနေမှန်း အသိသာကြီးပဲဥစ္စာ။ နီနီ ဘာလုပ်ရမလဲ။

''နီနီ''

''ရှင်''

''လိုက်သွားလိုက်လေ''

ဒေါ်စန်းက ပြောလေတော့ . . .

''ဟို . . . အလုပ်မှ မပြီးသေးတာ ဒေါ်စန်းရဲ့''

''ရပါတယ်၊ ဒီအလုပ်တွေက ဒေါ်စန်းတစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



လည်း နိုင်ပါတယ်၊ မောင်ဘုန်းဒဏ်ရာက တော်တော်နာမယ် ထင်တယ်၊ အုန်းသီးနဲ့ ထိမိတာဆိုတော့လေ၊ ဒီက မြင်နေရတာတော င် ညိုနေတာကို"

"ကဲ ... သွားမယ်"

"နီနီလေ"

"လာစမ်းပါ ... ကိုယ့်ကြောင့်ဖြစ်တာဆိုပြီး တာဝန်ယူချင် စိတ်ကို မရှိဘူး"

"လိုက်သွားလိုက်ပါ နီနီရယ် ... သွား သွား"

မမျက်နှာကိုကြည့်လိုက်တော့ မသာမကြည့်ပါ။ အစ်ကိုလေ ကလည်း ခေါ်နေ၊ ဒေါ်စန်းကလည်း အတင်းထည့်နေတာ နီနီ လေး သောခြေလှမ်းတို့နှင့်သာ အစ်ကိုလေးနောက်ကနေ လိုက်လာခဲ့တော ၏။ အပေါ်ထပ်ကိုရောက်တော့ ...

"ဒီမှာ ကျန်ခဲ့"

ပြောပြီး သူ့အခန်းထဲဝင်သွားတော့ နီနီက ရပ်ကျန်ခဲ့သည်။ သူပြန်ထွက်လာတော့ လက်ထဲမှာ ဗိုက်ဘာခုံတစ်လုံး ပါလာပြီး ...

"ရော့ ... ထိုင်"

"အစ်ကိုလေးပဲ ဆေးလိမ်းမလို့ဆို ... ဘယ်မှာလဲ ဆေး"

"ငါ့မှာ လက်နဲ့ခြေနဲ့ပဲဥစ္စာ၊ ငါဘာသာ လိမ်းမှာပေါ့၊ နှင်





ိုင်မှာသာ ထိုင်စမ်းပါ"

"ဘာလုပ်မလို့လဲ"

ဘုန်းသစ် ထိုင်ခုံကို မျက်စပစ်ပြလေတော့ နီနီ ဝင်ထိုင်လိုက်သည်။ သူ့မှာ လက်နဲ့ခြေနဲ့ဆိုရင် ဘာလို့ နီနီ့ကို ခေါ်လာသေးလဲ။

"နင့်ကို သူများခိုင်းတာ လုပ်ပေးမှာ မကြည့်ချင်လို့ ခေါ်ာတာ သဘောပေါက်"

"ရှင်"

"နင် တို့အိမ်မှာ တို့မိသားစုအတွက်ကလွဲရင် ဘယ်သူခိုင်းာမှ လုပ်ပေးစရာမလိုဘူး။ အဲဒီ အုန်းနို့ခေါက်ဆွဲချက်ဖို့ကိစ္စ ဒေါ်စန်းာစ်ယောက်တည်းလည်း လုပ်နိုင်တယ်၊ မနိုင်လို့ အမြင်မတော်ရင် ားချင်လို့ လုပ်ခိုင်းတဲ့သူတွေ ကူလုပ်လိမ့်မယ်၊ နင် လုပ်စရာမလိုဘူး"

နီနီ အံ့ဩစွာနဲ့ပဲ သူ့မျက်နှာကို မော့ကြည့်နေမိ၏။ အဲဒါက ဘာစိတ်တဲ့လဲ။ ဘာကြောင့် သူများခိုင်းတာကို မနာလိုဖြစ်နေတာလဲ။ နီနီက အလုပ်သမားပဲလေ။ ဒီအိမ်နဲ့ပတ်သက်တဲ့လူတွေ ခိုင်းသမျှ နီနီလုပ်ပေးရမှာပဲ မဟုတ်ဘူးလား။

ပြီးတော့ ...

စောစောက ခိုင်းတာ နီနီ့မမပဲလေ။ နီနီ လုပ်ပေးနိုင်လို့ လုပ်ပေးတာ သူနဲ့ ဘာဆိုင်လို့လဲ။ ရေသောက်ဖို့ ရေခပ်ပေးရတာ



www.burmeseclassic.com

www.burmeseclassic.com



ဝန်လေးတဲ့အရာတွေ ရွက်ရပိုးရတာလည်း မဟုတ်ဘူးလေ။

"အစ်ကိုလေးကလည်း နီနီက အစ်ကိုလေးတို့အိမ်က အလုပ်သမားလေ၊ ဒီအိမ်ကိုရောက်လာတဲ့သူ ဘယ်သူပဲခိုင်းခိုင်း လုပ်ပေးရမှာပေါ့"

"မလိုဘူး၊ လုပ်မပေးရဘူး"

"ပြီးတော့ စောစောက ခိုင်းတာ နီနီ့အစ်မလေ"

"နှင်းဆီနီနီ"

ခပ်ဆောင့်ဆောင့် ခေါ်လိုက်တော့လည်း နီနီ မျက်လွှာလေး ချသွားလေသည်။ ဘုန်းသစ် ကိုယ့်ကိုယ်ကိုယ်လည်း နားမလည်နိုင်တော့ပါဘူး။ ညီအစ်မဖြစ်ဖြစ် သားအမိဖြစ်ဖြစ် နီနီ့ကို သူများ လေသံမာမာနဲ့ပြောပြီး ခိုင်းတာကို မကြိုက်ပေ။

"ငါ့ကို စောဒကမတက်နဲ့၊ ငါ အမိန့်မပေးဘဲ အောက်ထပ်ကို လုံးဝပြန်မဆင်းရဘူး"

"ဆင်းမှာပဲ"

"ဘာ"

"ဟိုမှာ ဒေါ်စန်းတစ်ယောက်တည်း လုပ်နေရတာ ပင်ပန်းမှာပေါ့၊ အန်တီမှုံခိုင်းလို့ လုပ်ရတာပဲဥစ္စာ၊ နီနီ ဒေါ်စန်းပင်ပန်းမှာကို မကြည့်ရက်ဘူး သွားမှာပဲ"





ပြောရင်း နီနီ ထရပ်လိုက်တော့ . . .

"နီနီ"

"အမေ့"

လှည့်ထွက်တော့မယ့် နီနီ့လက်ကောက်ဝတ်ကို ဖမ်းဆုပ်ထားပြီး ဘုန်းသစ်စိတ်တွေ ဘာဖြစ်သွားမှန်း မသိပါဘူး။ နီနီကိုယ်လေးကို သူ့ရင်ခွင်ထဲမှာပဲ ဆွဲဖက်ထားလိုက်မိသည်။ ဖြစ်နိုင်ရင် သူ့ရင်ဘတ်ထဲမှာ နီနီ့ကိုထည့်ပြီး တံခါးတွေ ပိတ်ထားချင်တာ။ ကိုယ်ကလွဲပြီး ဘယ်သူမှမြင်ခွင့်၊ တွေ့ခွင့် မရအောင်ပေါ့။

ဒီလိုစိတ်တွေဖြစ်မိတာ အချစ်လား။ ဘယ်အချိန်ကတည်းက ဒီအချစ်တွေ ရင်ထဲကို ရောက်နေတာလဲ သူကိုယ်တိုင်ပင် မသိတော့ပေ။

"အစ်ကိုလေး ဖယ်ပါ"

ဖယ်ပါဆိုပြီး ရင်ဘတ်ကို တွန်းလိုက်ကာမှပဲ ပါးပြင်ကလေးကို ဖျတ်ခနဲ နမ်းမိလေလျှင် ရင်ထဲမှာ ဘာတွေ ခုန်ကုန်ပြီ မသိတော့ပါဘူး။ နောက်တော့ နီနီက သူ့ရင်ဘတ်ကို ဆောင့်တွန်းပြီး သူ့ရှေ့မှ ပြေးထွက်သွားလေတော့သည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"မင်းရောဂါက မသေးပါလား ဖြိုးရာ၊ နှင်းဆီနီနီကိုမှ မ[illegible] ရင်သေတော့မလိုပဲ၊ နှင်းဆီဆိုတာ ဆူးများတယ်ကွ၊ မင်း ဆူးစူးမှာ မကြောက်ဘူးလား"

"ဘာဆူးပဲဖြစ်ဖြစ် ငါ မကြောက်ဘူး။ ပန်းနှင်းဆီကသာ ဆူးများတာပါကွာ၊ နှင်းဆီနီနီကတော့ ဆူးမဲ့နှင်းဆီလေးပါ၊ မာနကြီးတာလေးပဲ ခက်နေတာ"

"အဲဒါကြောင့်ပဲ ပြောတာပေါ့၊ အဲဒီမာနဆူးကို မင်း ဘယ်လိုချိုးပြီး နမ်းမလဲ"

"ကျွတ်"





ဖြိုး စိတ်ပျက်တာ သူငယ်ချင်းတွေကိုပါ။ အားပေးကြမယ်ဆိုတာ မရှိဘူး။ စိတ်ပျက်စကားတွေချည်းပဲ ပြောနေလို့လေ။ ဘုန်းသစ်ကို ကြည့်လိုက်တော့ မျက်နှာက ရှုတည်တည်နဲ့၊ နှင်းဆီနီနီအကြောင်းကို ပြောနေလို့ မကြိုက်တာလား။ တကယ်ဆို မကြိုက်စရာအကြောင်း မရှိဘဲလေ။ နှင်းဆီနီနီက သူ့ညီမမှ မဟုတ်တာ။

ဘုန်းသစ် . . .

ဖြိုးပါးစပ်ကနေ နီနီ့အကြောင်းတွေကို ပြောနေတာ မကြားချင်ပေ။ မကြားချင်လို့ ထသွားပြန်ရင်လည်း သို့လော၊ သို့လော တွေးကြဦးမှာလေ။ ဒီတော့ ငြိမ်ပဲ နေလိုက်ရ၏။

"မင်းတို့ကလည်း အားပေးမယ်တော့ မရှိဘူး။ စိတ်ပျက်စကားချည်းပဲ ပြောနေတာပဲ၊ သူ့ဘာသာသူ မာနမကလို့ ဘာပဲကြီးကြီး ငါ ရအောင်ယူမယ်"

"ဟင် . . . သူ့မှာ မာနကြီးတယ်ဆိုတာပဲ တို့သိတာနော်၊ မင်းက ဘာကြီးတာကို သိထားသေးလို့လဲ"

"ဟော့ကောင် . . . မင်း"

"မင်းစကားက ဘာကြီးကြီးဆိုတော့ အဆုံးမရှိ အစမရှိကြီးသကွာ"

"မင်းပါးစပ်ကို ပိတ်ထား"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း မင်းလူပါးစပ်ကို လှမ်းပိတ်လိုက်သူက ဘုန်းသစ်ပါ။ ကိုယ်ချစ်နေတဲ့ မိန်းကလေးတစ်ယောက်ကို ကိုယ့်ရှေ့မှာ ဒီလိုမျိုး ပြောနေတာကို ဘယ်ကောင်က ခံနိုင်မှာတဲ့လဲ။ ဖွင့်ပြောဖို့ကျတော့လည်း ဖြိုးက ကိုယ့်အရင် ပြောထားတဲ့သူလေ။ အဲဒါကြောင့် မပြောသာဘူး မျိုသိပ်၍ . . .

"သူ့ကွယ်ရာမှာ မင်းတို့ ပြောချင်ရာ ပြောနေတာ နည်းနည်းတော့ လွန်နေပြီထင်တယ်၊ မိန်းကလေးတစ်ယောက်ကို ကိုယ့်နေရာ မဟုတ်တိုင်း မင်းတို့ . . . ကျွတ်"

"ဟင် . . . တို့က ဘာပြောလို့လဲ"

"ဘာကြီးကြီးဆိုတဲ့ မင်းစကားကို မင်း ပြန်စဉ်းစားကြည့်ပေါ့၊ အဲလောက်အထိတော့"

"ဟုတ်တယ် . . . အဲဒါတော့ ငါလည်း လက်မခံနိုင်ဘူး သူ့ကွယ်ရာမှာ မင်းတို့ ပြောချင်တိုင်း ပြောနေတာ မင်းစကားကို မင်း ပြန်ပြီးစဉ်းစား"

"ဟောဗျာ . . . ငါပဲ တရားခံဖြစ်ပါရောလား"

မင်းလူ ကိုယ့်ပါးစပ်ကိုယ်ပိတ်ပြီး ခေါင်းသာကုတ်လိုက်ရတော့၏။ ကျော်ကျော်ကတော့ ပြုံးစိစိလုပ်ပြီး . . .

"ကဲ . . . အဲဒါထားပါ၊ မင်းက ရအောင်ယူမယ်ဆိုတော့





ဘယ်လိုနည်းနဲ့ ရအောင်ယူမှာလဲ ဖြိုး"

"အနုနည်းနဲ့မရရင် အကြမ်းနည်းနဲ့ပေါ့ကွ"

"ဘာ"

"အချစ်နဲ့စစ်မှာ မတရားတာမရှိဘူး၊ လူကြမ်းလုပ်သင့်ရင် လုပ်ရမှာပဲ"

"ဘယ်လိုလုပ်မှာလဲ"

"ကားတင်ပြေးရုံပေါ့"

ဘုန်းသစ် ဖြိုးကို ဆတ်ခနဲသာကြည့်ပြီး ချက်ချင်း မျက်နှာပြန်လွှဲလိုက်သည်။ ကိုယ့်မျက်ဝန်းရဲ့အဓိပ္ပာယ်တွေကို ဒီကောင် နားလည်သွားမှာစိုးလို့လေ။ သူ ဒီအတိုင်း နေလို့တော့ မဖြစ်သေးပါဘူး။

"ဒါဆို မင်းက ဘယ်တော့လောက် အကောင်အထည်ဖော်ချင်တာလဲ"

"အနုနည်းသုံးလိုက်ဦးမယ်လေ၊ မရရင်တော့ အကောင်အထည်ဖော်ရမှာပေါ့"

"ဒါဆို ဘုန်းသစ်"

ဘုန်းသစ် လှည့်ကြည့်လိုက်တော့ ကျော်ကျော်က . . .

"မင်း ကူညီမှရမှာနော်"

"ငါက ဘာကူညီရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်မလေးကို ခေါ်လာခဲ့ပေးဖို့ပေါ့"

"အဲဒီလောက် လွယ်မလားကွ၊ သူက တို့အိမ်မှာနေ... သူ့ရဲ့လုံခြုံရေးအတွက် တို့မှာတောင် တာဝန်ရှိနေသေးတာကို ... ခေါ်လာရင် ငါပဲ တရားခံဖြစ်မှာ"

"မင်းက အဲဒီလိုလား"

မေးလိုက်သူက ဖြိုးပါ။ သူ့အကြည့်တွေကိုတော့ ဘုန်းသစ် ဘာသာ မပြန်တတ်ပါဘူး။ ခုမှ သူ့မှာ ဘေးကျပ်နံကျပ်ဖြစ်နေပြီ မကူညီပြန်တော့ တစ်မျိုးထင်နေဦးမလား။ ကူညီဖို့ကျတော့လည်း မဖြစ်ပြန်။ အခုမှ ပစ်ရမှာလည်း အဆီနဲ့တဝင်းဝင်း၊ စားရမှာလည်း သဲက တရှပ်ရှပ် ဆိုတာမျိုးလေ။

ကိုယ်လည်း ဖွင့်ပြောရမှာခက်။

သူများကိုလည်း မပေးချင်ဖြစ်နေတာ။ ဒါ ကိုယ် သတ္တိမရှိ ခြင်းလား။

"သူငယ်ချင်း အချင်းချင်းကို မင်းက ဘာဖြစ်တာလဲ။ မကူညီ ချင်တာ ငါ့ကို မခင်လို့လား။ ကောင်မလေးကို တွန့်တိုတာလား၊ မင်း ရှင်းရှင်းပဲ ပြောစမ်းပါ"

ကိုယ်ချစ်နေတာကို ဝန်ခံဖို့ကျတော့ ရှက်နေတာမို့ ...

"ငါ ကူညီချင်ပါတယ်"



"အဲဒါဆို ဘာလို့ အပိုစကားတွေ ပြောနေသေးလဲ၊ ဖြိုးနဲ့ ...သွားလို့ သူ့မိဘတွေက မင်းကို အပြစ်တင်မှာ မဟုတ်ပါဘူးကွာ၊ ...ဖူးတောင် တင်ချင်တင်ဦးမှာ"

"အဲဒါတော့ မင်း တစ်ဖက်သားကို အထင်သေးတာပဲ"

"မဟုတ်ပါဘူး"

"ထားပါတော့ ကောင်းပြီ ငါ အဲဒီကိစ္စအတွက် ကူညီမယ်"

"မင်း တကယ်ပြောတာလား ဘုန်းသစ်"

ဘုန်းသစ် ခေါင်းညိတ်လိုက်တော့ ဖြိုးမျက်နှာက မှိုရသွား သလိုပါ။ အဲဒီလိုမျက်နှာကို မြင်ရဖို့အတွက် ခေါင်းညိတ်လိုက်တဲ့ ဘုန်း သစ်ရင်ထဲမှာတော့ ဒိုးလိုးခုလုနှင့်ပေါ့လေ။

ooo



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

ဒေါ်သူဇာတစ်ယောက် သမီးငယ် လစာတစ်ခါရတိုင်း ညီ
ဖြစ်သူအိမ်ကို ငါးသောင်းလာပို့နေရတာ လစဉ်တိုင်းပါ။ အခု ဒီ
လည်း မနေ့က သမီးငယ်လာပို့တဲ့ ပိုက်ဆံတွေကို လက်ထဲမှာ ကျ
အောင် အုပ်ရင်း ရောက်လာခဲ့ပြန်ပါပြီ။ ဒီနေ့ အဝတ်လျှော်စရာ
များနေတာမို့ နောက်တောင်ကျနေပါပြီလေ။

သမီးငယ် ပိုက်ဆံလာပို့လို့ အပိုလေးကျန်ပေမယ့် ဒီထ
ပြီး ပိုရအောင် ကိုယ်လုပ်နေကျ အလုပ်ကိုလည်း ပြေးလုပ်ရ
သည်။ ညီမအိမ်အရောက်မှာ ဖိနပ်ချွတ်ပြီး အိမ်ထဲကို ဝင်မယ်အ
အိမ်ထဲက စကားသံတွေကြောင့် ချက်ချင်း မဝင်ဖြစ်သေးဘဲ နာ





ခဲ့ဦ ...

"မင်းအစ်မ ခုထိ မလာသေးပါလား သီတာ"

"ပြော် ... လာမှာပေါ့ ကိုရဲ့၊ သီတာ့အစ်မက ဆင်းရဲပေ
ယ့် ကတိတော့တည်ပါတယ်၊ သူ အလုပ်ရှိနေသေးလို့ နောက်ကျ
တာပဲ နေမှာပါ"

"အေးလေ ... ဒီနေ့မလာတော့လည်း နောက်နေ့ပေါ့"

"ရှင်ကလည်း အလကားရတဲ့ငွေကို သွားဖြဲကြည့်ချင်သလို
ဖြစ်နေတာလား"

"မဟုတ်ပါဘူး မိန်းမရယ်၊ မလာတော့လည်း ဘာဖြစ်လဲ၊
သူ လာပို့တဲ့ပိုက်ဆံတွေက တို့အတွက် အလကားရတာပဲဥစ္စာ၊ မင်း
တော်လို့ရတာ မင်းကံစွပဲလေ၊ ဒါပေါ့ ရွှေအစစ်မှန်း, အတုမှန်းတောင်
မသိတော့ ခံရတာ"

"သီတာက ကိုယ့်အစ်မနဲ့ကိုယ့်တူမအကြောင်း သိတယ်လေ
ကိုရဲ့၊ မမကလည်း သီတာကို ယုံတော့ အစစ်လား၊ အတုလား သေ
သေချာချာ မကြည့်ဘူး၊ ဟိုကောင်မကလည်း ဝတ်ရ ပြီးရောဆိုပြီး
ဝတ်သွားမှာလေ၊ သေသေချာချာ စမ်းစစ်နေမှာမှ မဟုတ်တာ"

"အင်း ... အဲဒါကြောင့် မင်းတော်လို့ အတုကနေ အစစ်
ဖြစ်ပြီး အခု တစ်လငါးသောင်း အပိုသုံးနေရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ကြားနေရတဲ့စကားသံတွေကြောင့် ဒေါ်သူဇာ ပထမ‌ေ
အံ့သြသွားတာပါ။ နောက်တော့ ညီအစ်မချင်း လုပ်ရက်လေခြင်း
ဒေါသဖြစ်ကာ အသားတွေ တဆတ်ဆတ်တုန်လာ၏။ ရွှေအတု
အစစ်လုပ်ပြီး လျော်ကြေးတောင်းရတယ်လို့။ ကိုယ်တွေက မချမ်း
သည့်တိုင် ပြေပြေလည်လည်ရှိတယ်ဆိုရင်လည်း ထားပါတော့။

အခု မပြေလည် ဆင်းရဲချို့တဲ့နေမှန်းသိသိနဲ့ သူမို့လုပ်
တာ။ အဲဒါပဲပေါ့။ ကိုယ်ကကျူးရင် ကိုယ့်ဒူးတောင် မယုံရဘူးဆိုတာ
ညီအစ်မချင်းတောင် အကြင်နာတရားမရှိ လုပ်ရက်လေခြင်းအတွ
ဝမ်းနည်းကာ မျက်ရည်တွေလည်း ကျရင်း အောက်နှုတ်ခမ်းကို
ကိုက်ကာ လက်သီးကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်ထားမိ၏။

သူများတွေများ ...

ညီအစ်မ မျှတတဲ့။ အခု မျှတဖို့မပြောနဲ့ ဘယ်သူသေ
ငတေမာပြီးရော။ ကိုယ်တွေရဲ့ချွေးနဲ့စာကို မတရားယူ ခေါင်းပုံဖြ
တာလေ။

"ဒီနေ့ မလာတော့ဘူးထင်တယ်"

"ဒီနေ့မလာတော့လည်း မနက်ဖြန်တော့လာမှာပေါ့ ကိုရဲ့"

"အင်း"



"လာပြီဟေ့ ... လာပြီ၊ နှင်တို့လည်းသမျှ ခံရခဲ့တာ ငါ
သိနာတယ်၊ လာတုန်းကတော့ ပိုက်ဆံပေးဖို့ပဲ။ အခုကတော့ ပိုက်ဆံ
မပေးဘူး။ နှင်တို့နဲ့ တန်ရာတွေပဲ ပေးတော့မှာ"

"ဟင်"

"မမ"

ဒေါ်သူဇာ ဒေါသကို မထိန်းနိုင်တော့ဘဲ ပါးစပ်ကလည်း
ပြောရင်း ဝင်လာခဲ့တော့သည်။ ညီမဖြစ်သူကို ကြည့်လိုက်တဲ့အကြည့်
တွေထဲမှာ ဒေါသတွေရော၊ ဝမ်းနည်းမှုတွေရော ရောသမမွှေလို့ပါ။

"နှင် လုပ်ရက်လိုက်တာ သီတာရယ်၊ ညီအစ်မချင်းတောင်
ရွှေအတုကို အစစ်လုပ်ပြီး လျော်ကြေးတောင်းတဲ့ နှင့်ရဲ့ကြင်နာမှုတွေ
ကို ငါ လေးစားပါတယ်၊ နှင့်ရဲ့တစ်ကိုယ်ကောင်းဆန်တဲ့စိတ် ကိုယ့်
သားစုမျက်နှာပဲ ကိုယ်ကြည့်တတ်တဲ့အတ္တစိတ်ကြောင့်"

စကားကို ရှေ့မဆက်နိုင်ဘဲ ဒေါ်သူဇာ ရှိုက်လိုက်မိသည်။
မျက်ရည်တွေက သုတ်နေရင်း နှစ်တစ်စက်သုတ် ငါတစ်ကြောင်းကျမယ်
ဆိုတာမျိုးပါ။ ဒေါသမျက်ရည်၊ သောကမျက်ရည်၊ ဝမ်းနည်းမျက်ရည်
တွေပဲပေါ့။

"အခု ငါ့သမီးလေး သူများအိမ်မှာ ကျွန်ခံနေရတာ၊ နှင့်ကို
လျော်ကြေးပေးနိုင်ဖို့အတွက် မိဘနဲ့ခွဲပြီး ပင်ပင်ပန်းပန်းလုပ်နေတာ၊



www.burmeseclassic.com

www.burmeseclassic.com



ငါ့ဝင်ငွေတွေ နင့်ဆီမလည်ပါစေနဲ့''

''မမ''

''နင် ငါ့ကို မမလို့မခေါ်နဲ့၊ အဲဒီအခေါ်က နင့်ပါးစပ်နဲ့ မတန်ဘူး သိလား''

ဒေါ်သီတာတို့လင်မယား သူတို့လိမ်ထားတာတွေကို အစ်မ လုပ်သူ သိသွားပြီဆိုတော့ မျက်နှာပျက်ပျက်နှင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကုန်ကြသည်လေ။ ဒီကိစ္စကို ဖုံးဖုံးဖိဖိနဲ့ နေခဲ့ပေမယ့် အုပ်အော်သောင်းနင်းနှင့် သိတဲ့သူတော့ သိနေကြသည် လေ။ ကိုယ့်ရပ်ကွက်ထဲကသူတွေ မသိပေမယ့် ဒေါ်သူဇာတို့ရပ်ကွက် ထဲက လူအချို့က သိနေကြသည်သာ။

သူမတို့လုပ်ခဲ့တာက ...

လိမ်လည်မှု မြောက်သည်လေ။ ဘယ်သူမှမသိကြရင်တော့ ကောင်းတာပေါ့။

''ခုမှလာပြီး ခင်ဗျား ဆူညံဆူညံလုပ်မနေနဲ့ မသူဇာ၊ ကိုယ့် ညံ့လို့ ကိုယ်ခံရတာ ခံပေါ့''

''ဘာ''

''ကို''

''အေး ... နင်တို့ အဲလိုလုပ်တာ လိမ်တာပဲ၊ ငါ ငြိမ်ခံမနေ





ဘူး။ အဲဒီကိစ္စအတွက် သက်ဆိုင်ရာကို တိုင်ရမယ်''

''မမ''

သက်ဆိုင်ရာကို တိုင်မယ်ဆိုတော့ ဒေါ်သီတာ ပျာပျာသလဲ ဖြစ်သွားလေတော့၏။ အစ်မဖြစ်သူလက်မောင်းကို ပြေးဖက်ကာ တော့မလိုမျက်နှာနှင့် ...

''မလုပ်ပါနဲ့ မမရယ်၊ သူများတွေသိရင် ရှက်ဖို့ကောင်းပါ တယ်၊ မမပေးထားတဲ့ပိုက်ဆံကို သီတာတို့ ပြန်ပေးပါ့မယ်၊ ဟိုလေ အတိုးပေးပါ့မယ် မမရယ်၊ တိုင်တော့ မတိုင်ပါနဲ့နော်''

''ဘာ ... ရှက်ဖို့ကောင်းတယ် ဟုတ်လား၊ ရှက်တတ်ရင် အစက ဘာလို့ သူများအပေါ် မတရားလုပ်သေးလဲ၊ ဒီပိုက်ဆံတွေကို ငါ့က သက်သက်သာသာနဲ့ ရခဲ့တာမဟုတ်ဘူး၊ ချွေးနဲ့ရင်းပြီး ရှာခဲ့ ရတာဟဲ့''

''ဟုတ်ပါတယ်၊ သီတာ သိပါတယ် မမရယ်၊ မလိမ္မာ တစ်ခါ မိုက်မိတာကို ခွင့်လွှတ်ပါနော်၊ မမက အကြီးပဲဥစ္စာ၊ သီတာ့ကို ဆုံးမ ချင်ရင်လည်း ဆုံးမပါ။ ကလေးတွေ သိကုန်ကြရင်လည်း သူတို့ ရှက် ကြမှာ မမရဲ့''

''ဘာ''

ကိုယ့်ဥမှ ဥမှန်းသိတယ်ဆိုတာ ဒါမျိုးပဲပေါ့။ သူ့အားသမီး



www.burmeseclassic.com

www.burmeseclassic.com



တွေကျတော့ သိရင် ရှက်မှာစိုးလို့တဲ့။ ကိုယ့်သမီးလေးကျတော့ သူ့[illegible]
ကို ပေးဆပ်ဖို့အတွက် သူများအိမ်မှာ ကျွန်ခံနေရတာပဲလေ။

"နင့်ဘက်ကျတော့ နင် သိပ်သိတတ်သလား သီတာ"

"ဒီမှာ မသူဇာ"

"ဘာလဲ"

"ခင်ဗျားပေးထားတဲ့ ပိုက်ဆံတွေ ပြန်ရရင် ပြီးရော မဟုတ်[illegible]
လား၊ အပိုစကားတွေ ပြောမနေစမ်းပါနဲ့"

"ဟဲ့ . . . ဒီမှာ ထွေနီး"

နာမည်ကိုခေါ်ရင်း လက်ကလည်း ခါးပေါ်သို့ ထောက်[illegible]
ဖြစ်သွားလေသည်။ ကိုယ်က နိုင်ကွက်နဲ့ အသာစီးရနေပြီလေ။ ကို[illegible]
ကို နှိမ်တုန်းကတော့ မျက်လွှာတစ်ချက်ပင် ပင့်မကြည့်ရဲအောင်[illegible]
ဘုံလုံတစ်လှည့် ငါးပုံတစ်လှည့်ဆိုတာ ဒါပဲပေါ့။ ကိုယ်ပေဖြစ်တုန်း[illegible]
ခံခဲ့ရပြီးပြီ။

အခု . . .

ကိုယ်တူ ဖြစ်အလှည့်မှာတော့ . . .

"ပိုက်ဆံတွေ ပြန်ရရုံအပြင် နင်တို့လင်မယားကို လိမ်လည်[illegible]
မှုနဲ့ ငါ ထောင်ချပစ်လို့ရတယ်ဆိုတာ နားမလည်ဘူးလား။ နင်က[illegible]
အောက်ရောက်နေတာတောင် ခြေတစ်ချောင်း ပြန်တင်ပြီး စနေသ[illegible]



[illegible]လို့ ထအော်ချင်တဲ့ကောင်ပဲ"

"ကိုကလည်း ဘာတွေလျှောက်ပြောနေတာလဲ၊ အခုကိစ္စ
သီတာမှားတာ သီတာ တောင်းပန်ပါ့မယ်၊ မမလည်း တော်ပါတော့
နော်၊ သီတာ့ကို သနားပါ မမရယ်၊ သီတာ ရှက်ရတော့လည်း မမပါ
[illegible]က်ရမှာလေ၊ သီတာက မမရဲ့ညီမပါ။ သီတာတို့ ထောင်ကျတော့ရော
မမ စိတ်ချမ်းသာမှာတဲ့လား ပြောပါဦး"

ပြောတတ်လိုက်တာ။ အဲဒီလို ပြောတတ်တဲ့ ပါးစပ်ကိုပဲ
ဖြတ်ပြီး ရွှေကွပ်ထားဖို့ကောင်းတာ။ ဒေါ်သူဇာ နှုတ်ခမ်းကို ဖိကိုက်
[illegible]ဘံတွေးကိုလည်း မျိုချလိုက်မိတာသည် ကိုယ်က အကြီးဆိုတဲ့စိတ်နဲ့
[illegible]ဲ မကောင်းတတ်ခြင်းတွေနဲ့ အရာရာကို မျိုသိပ်လိုက်တာပါ။

လူတိုင်းမှာ ဒေါသရှိတယ်။

ဒါပေမဲ့ ကိုယ်ကတော့ သွေးသားဆိုတဲ့စိတ်နဲ့ ဖြေပြီး ပါးစပ်
[illegible]က ပြောသလောက် မလုပ်ရက်နိုင်ပေ။

"အေးလေ . . . ပက်လက်လှန်ပြီး တံတွေးထွေးတော့လည်း
ကိုယ့်ရင်ဘတ်ပေါ်ပဲ ကိုယ်ပြန်ကျမှာ၊ နင် ငါ့လိုစိတ်မဆင်းရဲရပါစေနဲ့
လို့ပဲ ငါ ဆုတောင်းတယ်၊ နင်တို့ကို ငါ မတိုင်ပါဘူး"

ဒီတော့မှ ဒေါ်သီတာရဲ့အငိုမျက်နှာ ဝင်းပသွားပြီး . . .

"မမ . . . မမ တကယ်ပြောတာလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ငါက ပစ္စည်းဥစ္စာ ဆင်းရဲပေမယ့် နင့်လို အကြင်နာတရား
တော့ မဆင်းရဲဘူး သီတာ၊ အေး . . . နင့်ကို ငါ တစ်ခုတော့ သင်
ပေးချင်တယ်"

"ဟုတ်ကဲ့ . . . ပြောပါ မမ"

"ငါမဟုတ်တဲ့ အခြားသူတွေအပေါ်မှာတော့ ငါ လည်လုနေ
ရဲ့ဆိုပြီး ခုလိုမလုပ်မိပါစေနဲ့၊ အခြားသူတွေက ငါ့လို နင့်ကို ခွင့်လွှတ်
ကြမှာ မဟုတ်ဘူး"

"ဟုတ်ကဲ့ . . . သီတာ သိပါပြီ မမရယ်၊ မမအပေါ် မတရား
လုပ်မိတာအတွက်လည်း တောင်းပန်ပါတယ်"

"ကဲ . . . ငါ အချိန်သိပ်မရဘူး၊ ငါ့ပိုက်ဆံတွေ ပြန်ပေး ငါ
ပြန်မယ်"

"ခဏလေးနော်"

ဒေါ်သီတာ ပျာပျာသလဲနှင့်ပဲ အပေါ်ထပ်သို့ တက်သွားလေ
တော့သည်။ ခင်ပွန်းဖြစ်သူကပါ နောက်မှ လိုက်သွားပြီး . . .

"အလည်လွန်လို့ ဘီးချေးပေမလို့ ကံကောင်းပေလို့ပဲ"

ခင်ပွန်းဖြစ်သူကို မျက်စောင်းသာ လှည့်ထိုးပြီး ဒေါ်သီတာ
ဘာမှမပြောတော့ပေ။ အမှန်တရားကို ဖုံးကွယ်ထားလို့မရဘူးဆိုတာ
ဒါပါပဲ။ ရလို့ စားတုန်းကတော့ စားခဲ့ကြပြီးပြီ။ အခုပြန်ပေးရမယ်ဆို





တော့မှ အပြစ်တင်စကားဆိုစရာလား။ ရမယ်ထင်လို့ လုပ်ကြည့်တာ
ရတော့လည်း ကိုယ်က အရင်းစိုက်ရတာမှ မဟုတ်တာ။ ဒေါ်သီတာ
ငွေတစ်ထပ်ကိုကိုင်ပြီး အောက်ထပ်ကို ပြန်ဆင်းလာတော့ . . .

"ရော့ . . . မမ"

ဒေါ်သူဇာ ညီမဖြစ်သူပေးတဲ့ ငွေတစ်ထပ်ကို လှမ်းယူပြီး

"ပျောက်သွားတဲ့ နင့်ပစ္စည်းတွေအတွက် အတုကည်း အတု
တန်ဖိုးတော့ ရှိမှာပေါ့၊ ဘယ်လောက်လဲ ယူထားလိုက်"

"အို . . . နေပါစေ မမရယ်၊ သီတာ့အပေါ် ခွင့်လွှတ်ပေးတဲ့
အတွက်ပဲ သီတာက ကျေးဇူးတင်လှပါပြီ၊ ရပါတယ် . . . မပေးပါနဲ့"

"ဒါဆိုလည်း ပြီးတာပဲလေ . . . ငါ သွားမယ်"

"ဟုတ်"

ထွက်သွားတဲ့ မမကျော့ပြင်ကိုကြည့်ပြီး ဒေါ်သီတာ့ရင်ထဲမှာ
သိပ်တော့ မကျေနပ်လှပေ။ အလိုကြီးလို့ အရနည်း၊ ဖွတ်မရ ဓားမဆုံး
ဖြစ်သွားခဲ့တာပဲ မဟုတ်လား။

○○○

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"ဘယ်လို နီနီ့ကို ပြန်ခေါ်တော့မယ် ဟုတ်လား မသူဇာ"

ဒေါ်သူဇာ ခေါင်းညိတ်ရင်းပဲ ငုံ့ချလိုက်တာ ချက်ချင်း ပြန်မမော့ဖြစ်ပေ။ ကိုယ့်သမီးလေးကို မလွှဲသာလို့သာ သူများအိမ်မှာ ထားရတာ။ ဘယ်ထားချင်ပါ့မလဲ။ ဘယ်မိဘမဆို ကိုယ့်သားသမီးကို ကိုယ်နဲ့ ရင်အုပ်မကွာဘဲ ထားချင်ကြတာပေါ့။ အရင်က တစ်လင်း သောင်းပေးရဖို့အတွက် ခက်ခဲနေလို့သာ သမီးကို ဒီအလုပ်လုပ်ဖို့ ခွင့်ပြုလိုက်ရပေမယ့် သူမ ဘယ်လောက်ရင်နာခဲ့ရသလဲ။

အခု ...

သူများကို ပေးစရာမလိုတဲ့အပြင် ကိုယ်ပေးပြီးသား ပိုက်ဆံ





ဘွတောင် ပြန်ရခဲ့ပြီပဲလေ။ နောက်ထပ် ငွေပိုငွေလျှံမရရင်နေပါစေ တော့။ ကိုယ့်သမီးကို ကိုယ့်မျက်စိအောက်မှာပဲ ရှိနေစေချင်သည်သာ။

"အားတော့ နာပါတယ် အစ်မရယ်၊ အရင်က မလွှဲသာလို့ ပင်းခဲ့ရတာပါ၊ အခု အဲဒီကိစ္စက ပြီးသွားပြီဆိုတော့လေ ... ဟို"

ပြောရမှာ အားနာလို့ စကားကို ဖြတ်လိုက်တော့ ...

"အေးလေ ... ကိုယ်ပိုင်တဲ့ ကိုယ့်သားသမီးမှ မဟုတ်တာ၊ ပိုင်တဲ့သူက ပြန်ခေါ်မယ်ဆိုတော့လည်း ဘာတတ်နိုင်မှာလဲ၊ ဒီတစ် ယောက်နဲ့တော့ အဆင်ပြေပြီမှတ်တာ ... ဟင်း"

ဒေါ်ဝတ်မှုံ သက်ပြင်းချလိုက်တော့ ...

"အမေ"

"ဟင်"

"ဦးက သိပ်အကောင်းကြီး မဟုတ်သေးတော့ လူသစ်ရှာနေ ဘုန်း ပြုစုမယ့်သူ ရှိမှာမဟုတ်ဘူးလေ၊ အဲဒါကြောင့် သမီး လူသစ် ရခင်လေးတော့ ဒီမှာပဲ ဆက်နေပါရစေ ... နော်"

"သမီး"

"သမီး ဦးနဲ့ အန်တီ့ကို အားနာလို့ပါ"

နီနီ အမေ့ဆီမှာ ဒီလိုခွင့်တောင်းမိတာ တကယ့်ကို ကိုယ့် အလုပ်ရှင်တွေကို အားနာလို့ပါလေ။ ကိုယ့်မှာ အလုပ်မရှိခင်ကတော့

www.burmeseclassic.com

www.burmeseclassic.com

သူတို့က အလုပ်ပေးထားပြီး အခု သူတို့အတွက် မရှိမဖြစ် လိုအပ်သူ ဖြစ်နေကာမှ ကိုယ့်ဘက်က နှုတ်ထွက်မယ် ဆိုတာမျိုးဖြစ်နေတော့ လေ။

"အဲဒါတော့ ဟုတ်တယ် မသူဇာ၊ နီနီ့ကို ပြန်ခေါ်မယ်ဆို တော့လည်း ခေါ်ပါ အစ်မ မတားပါဘူး။ ဒါပေမဲ့ လူသစ်ရအောင်တော့ နေပေးစေချင်တယ်၊ တစ်ပတ်လောက်ပဲဖြစ်ဖြစ်"

"ခက်တာပဲ"

"မခက်ပါနဲ့ ညီမရယ်၊ အဲဒီလောက်ကလေးတော့ လိုက်လျော ပေးပါ၊ အစ်မ အဲဒီရက်အတွက် ပိုက်ဆံပိုပေးပါ့မယ်"

"မဟုတ်တာ ... ငွေရေးကြေးရေးက အဓိကမကျပါဘူး အစ်မရယ်၊ ကဲပါလေ ... ဒီလောက် အခက်အခဲဖြစ်နေရင်လည်း ကျွန်မသမီးကို ထားခဲ့ပါ့မယ်၊ လူသစ်ရရင်သာ"

"စိတ်ချ မသူဇာ၊ လူသစ်ရတာနဲ့ အစ်မ နီနီ့ကို ပြန်ပို့ပေး ပါ့မယ်"

ဒေါ်သူဇာ သမီးလက်ကို ဆုပ်ကိုင်လိုက်တော့ နီနီကလည်း မိခင်၏လက်ကိုပြန်၍ ဆုပ်ကိုင်ထားလေသည်။ တစ်လုပ်စားဖူး ကျေးဇူးတဲ့၊ ဆန်ပေးလို့ ဆေးရတာပေမယ့် ကိုယ်လိုအပ်နေတဲ့အခါ အဆင်သင့်ရတာကိုက ကျေးဇူးတရားပဲလေ။ ကျေးဇူးသိတတ်





အကျိုးကျေးဇူးကြောင့် ...

တစ်နေ့ ...

တန်ပြန် အတုံ့အလှည့်တော့ ရှိမှာပါ။ မရှိတော့လည်း နေပေါ့။ ကိုယ့်အတွက် ပွန်းရာပဲ့ရာထင်သွားတာမှ မဟုတ်ပဲလေ။

"အန်တီ"

"ဟင်"

"နီနီ လူသစ်မရခင်အထိ ဒီမှာဆက်လုပ်ပေးပါ့မယ်၊ အဲဒီ အတွက် အခကြေးငွေတော့ မယူပါရစေနဲ့နော်"

"မဟုတ်တာ နီနီရယ်"

"အခကြေးငွေနဲ့ဆိုရင်တော့ နီနီ ဆက်မလုပ်ပါရစေနဲ့"

တစ်ဦးက မေတ္တာ၊ တစ်ဦးက စေတနာဆိုသလို နီနီက ဒီလိုပြောတော့ ဒေါ်ဝတ်မှုံရင်ထဲမှာ ဝမ်းနည်းဝမ်းသာပါ။ ဒီကောင်မ လေး အဲဒီလိုတွေ သိတတ်လိမ္မာလို့ပဲ တစ်အိမ်လုံးက သံယောဇဉ် တွယ်နေကြတာလေ။ သူ သိတတ်တော့ ကိုယ်တွေဘက်ကလည်း ပြန်ပြီး သိတတ်ရမှာပေါ့။ သူပြန်မှပဲ တစ်ခုခုလေးဝယ်ပေးမယ်ဆိုတဲ့ စိတ်ကူးက ရင်ထဲမှာသာ ဖြစ်လျက်။

"ကောင်းပြီလေ ... နီနီ့သဘောပါပဲ"

"ကဲ ... သမီး"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... အမေ"

"ဒါဆို အမေ ပြန်တော့မယ်"

"ဟုတ်ကဲ့ ... အမေ"

ဒေါ်သူဇာ အားလုံးကို နှုတ်ဆက်ပြီး ပြန်လာခဲ့တော့၏။ သမီး ပြောတာလည်း မှန်ပါတယ်လေ။ ကိုယ်လိုချိန်မှာ သူတို့က ဖြည့်ဆည်း ပေးပြီး သူတို့လိုချိန်ကျမှ ကိုယ်က ဖြည့်ဆည်းမပေးနိုင်ရင် ကျေးဇူး ကန်းရာကျမှာပေါ့။

ဒီတော့ ...

ကိုယ့်သမီးလေးကို ထားခဲ့ရဦးမည်သာ။

○○○



## အခန်း (၂၈)

နီနီ့ကို သူ့အမေက ပြန်ခေါ်နေပြီ။ အရင်က သူများကို ပိုက်ဆံကြွေးဆပ်စရာရှိလို့သာ နီနီ့ကို ဒီအိမ်မှာ မလွှဲသာလို့ ထားတာ တဲ့။ အခု ကြွေးဆပ်စရာမလိုတော့ဘူးဆိုတော့ အေးအတူ ပူအမျှ အတူတကွပဲ လုပ်ကိုင်စားသောက်တော့မယ်တဲ့လေ။ သူတို့ရဲ့အေးအတူ ပူအမျှထဲမှာ ...

ကိုယ်တွေထားမိတဲ့ သံယောဇဉ်က ရှေ့တိုးမရ နောက်ဆုတ် ရ ခက်ပါ။ တွယ်ငင်မိတုန်းက လွယ်လွယ်ပေါ့။ အခုကျတော့ ဘယ် လိုဖြတ်ရမလဲ။

"ဘုန်းသစ်"



www.burmeseclassic.com

www.burmeseclassic.com



"..."

ဖြိုးက ဘုန်းသစ်ဘေးမှာ ပူးပူးကပ်ကပ် ဝင်ထိုင်ပြီး ကျော်ကျော်နှင့် မင်းလူက ခပ်ခွာခွာမှာ မတ်တတ်ရပ်လျက်ပါ။

"မင်းကို ငါ မေးစရာရှိလို့"

"ဘာလဲ"

"နှင်းဆီနီနီ မင်းတို့အိမ်မှာ အလုပ်မလုပ်တော့ဘူးဆို၊ အန်တီ မှ လူသစ်ရှာနေတယ်တဲ့၊ လူသစ်ရတာနဲ့ နှင်းဆီနီနီက ပြန်တော့မယ် လို့ ငါ သတင်းရထားတယ်၊ အဲဒါ ဟုတ်လား"

"မင်းကို ဘယ်သူပြောတာလဲ"

"ဒီလိုပါပဲ"

ဘုန်းသစ် မျက်မှောင်ကြုတ်သွားလေ၏။ သတင်းအ ဒီလောက်မြန်မြန် ဒီကောင့်နားကြားရအောင် သူလျှိုတွေ လွှတ်ထား သလား။ နီနီနဲ့ပတ်သက်ပြီး ဒီကောင် အဲဒီလောက်တောင် အလေး ထားနေပြီလား။

"ဟုတ်လား ဘုန်းသစ်၊ မဟုတ်ဘူး၊ ဟုတ်တယ်ပဲ ငါ့ကို ပြောစမ်းပါ"

"ဟုတ်တယ်"

"သူက ဘာဖြစ်လို့ ပြန်မှာလဲ"





"အရှင်းကြီးပဲဥစ္စာ၊ မလုပ်ချင်တော့လို့ပေါ့ကွာ"

ဖြေသံက စိတ်မရှည်သံပါ။ ဖြိုး ... မင်းလူနဲ့ကျော်ကျော် ကို လှမ်းကြည့်လိုက်တော့ သူ့ကို ပြန်ကြည့်နေကြသည်။ အခု သူတို့ ရောက်နေတာက ဖြိုးတို့အိမ်မှာပါ။ အိမ်မှာဆိုပေမယ့် ခြံထဲမှာလေ။ ကျော်ကျော်နဲ့မင်းလူက စောရောက်ပြီး ဘုန်းသစ်က နောက်ကျရောက် ၍ အိမ်ထဲမဝင်ချင်ဘူး မွန်းကျပ်တယ်လို့ဆိုပြီး ဖုန်းဆက်ခေါ်လိုက်တာ ပါ။

သူတို့က ဒီလိုပါပဲ။

အားလပ်တဲ့အချိန်လေးရတာနဲ့ သူတို့လေးယောက်ထဲက တစ်ယောက်ယောက်အိမ်မှာစုပြီး ရယ်စရာ၊ မောစရာ ပြောနေကျပါ။ အခုတစ်ခါတော့ လာခဲ့ပေမယ့် ရယ်စရာမပြောနိုင်ပေ။

"မင်း ဘယ်လိုလုပ်မလဲ ဖြိုး"

"သူပြန်ရင် ငါကပ်ဖို့ ပိုခက်သွားလိမ့်မယ်၊ အဲဒီတော့ သူ့ကို ငါ ပြန်ခွင့်မပေးနိုင်ဘူး"

"ဘာ"

"ဆိုပါဦး"

"မင်းတို့ ငါ့ကို ကူညီကြကွာ"

"ဘာလုပ်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟ . . . အကြိုကုန်တော့ ဂျွန်ဆားချက်ဆိုသလို ငါလည်း သူ့ကို ကားတင်ပြေးပြီး ဆားချက်ရတော့မှာပေါ့ကွ"

"ဩော် . . . ဒီလိုလား။ ကူညီရမှာပေါ့ ဒါမျိုးဆို တို့— ဝါသနာကြီးပါ့၊ ဆွဲခေါ်ရမလား၊ တွန်းပို့ရမလား အကုန်ဖြစ်တယ် အဓိကလူက ဘုန်းသစ်နော် ဟော့ကောင်"

ဘုန်းသစ်ကို ဦးတည်လာတော့ ဘုန်းသစ်ရင်ထဲမှာ အသက် ရှူရတာပင် ကျပ်လာသလိုပါ။ ကိုယ်လည်း ကိုယ့်ခြံထဲက မြက်ပင် ဘယ်အချိန်ပဲနှုတ်နှုတ် လုပ်နေလို့ မရတော့ဘူးလေ။ ဒီအချိန်က နှ စာဆိုတာ ဦးရာလူရမယ့် အခြေအနေမျိုးပါ။ ဖြိုး ချစ်တယ်ဆိုတာ ထက် ကိုယ်က နီနီ့အပေါ် ပိုချစ်မိနေတဲ့ကောင်လေ။

နီနီ ပြန်တော့မယ်ဆိုတာနှင့် . . .

သူ့ရင်ထဲမှာ နွေခနေခဲ့တာ ဘယ်သူသိသလဲ။

"ဘယ်လိုလဲ ဘုန်းသစ် . . . မင်း ကူညီမယ် မဟုတ်လား"

ဟင့်အင်းလို့ ခေါင်းခါရင် ဘာကြောင့်လဲဆိုတာတွေ လာဦး မှာမို့ . . .

"ကိုယ့်သူငယ်ချင်းပဲဟာ ကူညီရမှာပေါ့"

"မင်း . . . တကယ်နော်"

"အင်း"





"ဒါမှ တို့ကောင်ကြီးကွ"

ဖြိုးက ပခုံးဖက်တာကို ဖြိုးလက်ကို ဖယ်ချပြီး . . .

"ခုတော့ . . . ငါ ပြန်လိုက်ဦးမယ်"

"ဟင် . . . ဘာဖြစ်လို့လဲ၊ ရောက်တာမှ မကြာသေးဘူး ပြန်တော့မလို့လား"

"ငါ သွားစရာရှိသေးလို့ပါ"

"တို့ လိုက်ရဦးမလား"

"နေပါစေ . . . ရပါတယ်"

"ဘယ်သွားမှာလဲ"

"မသိသေးဘူး . . . မေမေ့ကို လိုက်ပို့ရမှာ"

"ဩော်"

"ကဲ . . . ပြောနေကြာတယ် ငါ သွားဦးမယ်ကွာ"

"အေးပါ"

ဘုန်းသစ် သူငယ်ချင်းတွေကို နှုတ်ဆက်ပြီး ထွက်လာခဲ့တော့ သည်။ အချစ်က ဘယ်လောက်တောင် တန်ခိုးကြီးတဲ့ နတ်ဆိုးလဲ။ သူနဲ့ကိုယ့်ကြားမှာ သံယောဇဉ်ဖြစ်စရာ အနုအလှစကားတွေမပါဘဲနဲ့ ကိုယ်ချစ်နေမိတာ။ အချစ်ဆိုတာ ဘာလဲ။ အချစ် ဘယ်ကစလဲလို့ မေးရင် ဘုန်းသစ်မှာ အဖြေမရှိပေ။ ဘယ်ကစမှန်းကို မသိတာလေ။



www.burmeseclassic.com

www.burmeseclassic.com



နီနီ့ဘက်မှာလည်း . . .

နီနီ့ကို အမေ ပြန်ခေါ်တာ ချက်ချင်း ပြန်မလိုက်ဘဲ နီနီ ကျန်နေခဲ့သေးသည်ဆိုတော့ ဖြူဖြူရောက်လာသည်လေ။ ပြောစ ရှိလို့ဆိုပြီး ခေါ်လာတာ ခြံထဲက ထင်းရှူးပင်ဘေးမှာပါ။

"အရင်တုန်းက အမေနဲ့ တစ်နေ့တစ်ရက်တောင် မခွဲနိုင် ဆိုပြီးတော့ အခု ဘယ်လိုဖြစ်တာလဲ နီနီ၊ အမေက မထားချင် ပြန်ခေါ်တာတောင် နင်က မပြန်ချင်သေးဘူးဆိုတော့ ဘာလဲ ဒီအိမ် အမေ့ထက် သံယောဇဉ် ပိုရမယ့်သူ ရှိနေပြီလား"

"မမ"

မမစကားက အနှောင့်အသွားမလွတ်မို့ နီနီ့စိတ်ထဲ တင်းခနဲဖြစ်သွား၏။ တစ်ကိုယ်ကောင်းဆန်ခဲ့တာက ဘယ်သူလဲ။ က သူ့ဘက် ကိုယ့်ဘက်တွေးပြီး ကျေးဇူးတရားတွေကို ထောက်ထာ တာလေ။ ကိုယ့်ဘက်ပဲကြည့်ပြီး ကျောကော့ပြန်သွားလို့ရပေမ တစ်ဖက်လူတွေရဲ့အခက်အခဲအတွက် ပြန်ငဲ့ပေးတာ ကိုယ့်မှာ ဘာမျှ လင့်ချက်မှ မရှိပါဘူး။

"ပြောလေ"

"မမ အရာရာကို ကိုယ့်စိတ်နဲ့ မနှိုင်းပါနဲ့"

"ဘာ"





"နီနီ ဒီမှာဆက်နေပေးတယ်ဆိုတာ ဘာသံယောဇဉ်၊ ဘာမျှော်လင့်ချက်မှ ရှိလို့မဟုတ်ဘူး မမ၊ တစ်ဖက်မှာ ကိုယ်ထွက်သွားရင် အခက်အခဲရှိနေလို့ ခဏနေပေးတာပါ၊ အဲဒါကို မမက ဘယ်လိုထင်နေတာလဲ"

"ဒါဆို ငါ ပွင့်ပွင့်လင်းလင်းပဲ မေးမယ်"

မေးဆိုသည့်သဘောနှင့် နီနီ မေးဆတ်ပြလေလျှင် . . .

"ဘုန်းသစ်စံနဲ့နင်က ဘာလဲ"

"အလုပ်ရှင်နဲ့ အလုပ်သမား"

နီနီ ခပ်ပြတ်ပြတ်ပဲ ဖြေလိုက်၏။ အဲဒီအဖြေက အမှန်ပဲလေ။ နီနီက ကိုယ့်ဘဝကိုယ် သိနေသားပဲ။ ဗေဒါလို ရေထဲကဆယ်ပြီး ဘုရားပန်းအဖြစ် အတင်ခံရနိုးလည်း စိတ်ကူးမယဉ်ပါဘူး။ ရှင်ဘုရင်နဲ့ ညားလို့ မိဖုရားလည်း မဖြစ်ချင်။ ကိုယ်နိုင်သလောက် ဝန်ကိုယ်ထမ်းပြီးသား ကိုယ့်ဘဝအတွက် ကိုယ့်ဘာသာ ရပ်တည်ချင်သူမို့ စိတ်ကူးလေးနဲ့တောင် အဲဒီလိုဖြစ်ဖို့ မတောင့်တခဲ့ဖူးပါဘူး။

"ဒါပဲလား"

"နီနီ စိတ်ကူးမယဉ်တတ်ဘူး မမ၊ ရေထဲမှာနေတဲ့ ဗေဒါက တောင်ထိပ်ပေါက်ချင်တာနဲ့ တောင်ပေါ်မှာ ရေတွေ ကြီးမလားလည်း မတောင့်တဘူး။ ကိုယ် ဆင်းရဲတွင်းနက်တာကို ဖြတ်လမ်းကနေပြီး



www.burmeseclassic.com

www.burmeseclassic.com



ခုန်မတက်ဘူး။ ရေမြင့်ရင် ကြာတင့်လာလိမ့်မယ်၊ နီနီက ကိုယ့်အား
ကိုပဲ ရေအဖြစ် သတ်မှတ်ထားတာပါ"

"ဒါဆိုရင် ငါပြောမယ်"

"ပြောပါ"

"နင် အိမ်ကိုပြန်ပါ၊ ဦးမင်းခန့်ကို ပြုစုဖို့အတွက် နင့်ကိုယ်
စား ငါ တာဝန်ယူမယ်"

"ဟင်"

အခြားသူသာဆိုလျှင် ထိုစကားကြောင့် ခြေမကို ကလိထိုး
ပြီး အော်ရယ်လိမ့်မည်။ လက်သည်းရှည်တွေ ကျိုးမှာစိုးလို့ ပန်းကန်
တောင် မဆေးတဲ့သူက ဦးမင်းခန့်ကို ပြုစုမယ်တဲ့လား။ စိတ်က
မရှည်တတ်။ ငါးမိနစ်တောင် တည့်မှာမဟုတ်ပေ။

"မမ"

"ငါ လုပ်နိုင်အောင် လုပ်မယ်"

ဖြူဖြူကလည်း ဒဲ့ရဲ ကတိပေးသည်။ သူမလည်း သူမအကြံနဲ့
သူမပဲလေ။ လူကြဲရင် ဝါးကနေတောင် ထရံဖြစ်သေးတာပဲ။ ဘုန်း
သစ်စံက နီနီ့ကို ဒီလောက်အရေးပေးနေတာ။ ဒါရိုးသားခြင်း မဖြစ်
နိုင်။ နီနီပြန်သွားရင် သူစိတ်ညစ်နေမှာ မလွဲမသွေပါပဲ။ ဒါကို အသုံး
ချပြီး ဖြူဖြူ သူ့ကို ဘယ်လိုကိုင်တွယ်ဖို့ စဉ်းစားထားသလဲဆိုရင်။





"မမ ဘာလို့ အဲလောက်လုပ်ချင်နေတာလဲ၊ အစ်ကိုလေးနဲ့
နီးစပ်ချင်လို့လား"

နီနီကလည်း ပွင့်ပွင့်လင်းလင်း မေးပစ်လိုက်၏။

"ဟုတ်တယ် နီးစပ်ချင်တာထက် အပိုင်လိုချင်တာ၊ နင်က
ဒီအတွက် လက်နက်ကောင်းပဲလေ"

"ရှင်"

မမ ဘာတွေကြံနေသလဲ။ နီနီ စိုးရိမ်ပူပန်မိသွား၏။ သူ့
စိတ်က တစ်မျိုးကြီးပဲဆိုတာကိုတော့ သိသည်လေ။ သူက ကိုယ့်ခွန်
အားကို ရင်းပြီး အပင်မစိုက်ဘဲ အသီးစားချင်တာလား။ ဒါမှမဟုတ်
အသုံးသားက စစ်မှန်တဲ့ ချစ်ခြင်းတရားတွေကို လက်ခံရယူလိုချင်တာ
လား။ ဒါဆိုရင်တော့ တစ်ဖက်သတ်ကြီးဖြစ်နေမှာပေါ့။

အစ်ကိုလေးကမှ မမကို ဂရုမစိုက်ပဲလေ။

"မမ ဘာတွေလျှောက်တွေးနေတာလဲ၊ အဲဒီကိစ္စ မမထင်
သလောက် မလွယ်ဘူးနော် မမ"

"အဟွန်း ... ငါသိနေတယ်၊ သူ နင့်အပေါ် မရိုးသားဘူး"

"မဟုတ်တာ"

"ဟုတ်ကိုဟုတ်တယ်၊ နင်ပြန်ရင် သူ နေမထိ ထိုင်မသာနဲ့
စိတ်ညစ်နေမှာ အမှန်ပဲ၊ အဲဒီလို စိတ်ညစ်တဲ့အချိန်မျိုးမှာ ယောက်ျား



www.burmeseclassic.com

www.burmeseclassic.com

တွေ ဘယ်လို ဘာနဲ့စိတ်ကို ဖြေတတ်လဲဆိုတာ ငါ သိတာပေါ့"

ကိုယ့်မမမို့လို့သာ ကြည့်နေရတယ်။ အဲဒီကောက်ကျစ် လဲတဲ့ အပြုံးတွေကို နီနီမုန်းလိုက်တာ။ စိတ်ညစ်ရင် ယောကျ်ားအ က အရက်သောက်တတ်တယ်ဆိုတာ နီနီလည်း သိတာပေါ့။ မ သေးပါဘူး။ ကိုယ့်မမဆိုပြီး နီနီ မမအလိုကို မလိုက်နိုင်တော့ပေ

"မမ အဲလိုမလုပ်ပါနဲ့။ အဲဒီလိုလုပ်လို့ နောက်ဆက်တွဲရ မယ့် အကျိုးကျေးဇူးက မမစိတ်ဆင်းရဲရမှာနော်၊ အစ်ကိုလေး မမကို မချစ်တာ"

"နင် လျှာမရှည်ပါနဲ့"

"..."

"နင်မသိရင်မှတ်ထား နီနီ၊ အချော့မကြိုက်ဘူး၊ အလှ မကြိုက်ဘူးဆိုတဲ့ ယောကျ်ား လက်ညှိုးထိုးပြစမ်းပါ၊ ရေတွက် ဆိုလည်း လက်ချိုးရေတွက်လို့ရတယ်၊ ငါ့အလှကို ငါ ယုံကြည်တယ် ငါ့ရဲ့အလှက ငါ့အတွက်လက်နက်ပဲပေါ့၊ ဘုန်းသစ်စံဆိုတဲ့လူ အ ပျော်သွားစေရမယ် စိတ်ချ"

"နီနီ အဲဒီလို လုပ်ခွင့်မပြုနိုင်ဘူး မမ"

"ဘာ"

"ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်ဘဝကို ရိုးရိုးလေးပဲ ဖြတ်သ





မမရယ်၊ ဦးကိုပြုစုဖို့ဆိုတာလည်း မမနဲ့ ဘယ်လိုမှ ဖြစ်မှာမဟုတ် ဘူး။ ဦးကလည်း လက်ခံမှာ မဟုတ်ဘူး"

"နီနီ"

"နီနီ လက်မခံနိုင်ဘူး"

"တောက်"

ကိုယ့်ကို လေသံမာမာနဲ့ တစ်ခါမျှ ပြန်မပြောဘူးတဲ့သူက အခု ပြန်အော်နေတာမို့ ဖြူဖြူ့စိတ်ထဲမှာ ဖျင်းခနဲ ဖြစ်သွားလေသည်။

"နင် ဘုန်းသစ်စံကို ကြိုက်နေလို့ လက်မခံနိုင်တာလား"

နီနီ စူးခနဲပြန်ကြည့်ပစ်လိုက်၏။ သူ့ကို ကိုယ့်အစ်မဆိုပြီး လိုက်လျောနိုင်ဘူးလေ။ တစ်ဖက်လူတွေက သူပြောသလို လက်ခံနိုင် မှာမှ မဟုတ်တာ။ ပြီးတော့ လူတစ်ဖက်သား ဒုက္ခရောက်မယ့်ကိစ္စကို နီနီ ခွင့်မပြုနိုင်ပါဘူး။

ထို့ကြောင့် ...

"မမစိတ်နဲ့တော့ မနိုင်းနဲ့လေ၊ နီနီက ကိုယ့်ရင်ထဲမှာ ဘာပဲ ဖြစ်နေဖြစ်နေ၊ အသက်ပဲ အသေခံမယ်၊ ကိုယ့်မာနနဲ့ကိုယ့်သိက္ခာကို ဘယ်တော့မှ အထိခိုက်မခံဘူး"

"အောင်မယ် ...နင်ကများ ငါ့ကို ပြန်အော်သလား။ ဘာလေးနဲ့ ...ကဲ"

www.burmeseclassic.com

www.burmeseclassic.com



ဖြူဖြူ လက်တစ်ဖက်မြောက်တက်သွားပြီး နီနီ့ပါးပြင်ကို ရိုက်ချလိုက်ပေမယ့် အဲဒီလက်က နီနီ့ပါးပြင်ဆီကိုမရောက်ဘဲ လမ်း တစ်ဝက်မှာတင် တစ်ဦးတစ်ယောက်ရဲ့ဖမ်းဆုပ်ခြင်းကို ခံလိုက်ရတာ

"မင်းတို့ညီအစ်မချင်း ဘာဖြစ်ကြတယ်ဆိုတာတော့ ငါမသိ ဘူး နှင်းဆီဖြူဖြူ၊ ဒါပေမဲ့ ကြီးနိုင်ငယ်ညှဉ်းလုပ်တာမျိုးတော့ ငါ လက်ပိုက်ကြည့်မနေနိုင်ဘူး။ နှင်းဆီနီနီက မင်းညီမဆိုတာတော့ မှန် ပါတယ်၊ အခု မင်းရောက်နေတာ ဘယ်သူ့ပိုင်နက်လဲ၊ ငါ့ခြံထဲအထိ ရောက်လာပြီး ဖားက မြွေကို ပြန်လိုက်တာမျိုးတော့ မလုပ်ပါနဲ့"

"ကိုဘုန်း"

ဘုန်းသစ်စံ ဖြူဖြူ့လက်ကို လွှတ်ပေးလိုက်ပြီး ...

"မင်းသိထားဖို့ တစ်ခုရှိသေးတယ် နှင်းဆီဖြူဖြူ၊ မင်းက အပွင့်သာဖြူပြီး အရိုးမရင့် တန်ဖိုးမမြင့်တဲ့ နှင်းဆီကြက်ချေးဆိုတာ ငါသိတယ်၊ နှင်းဆီနီနီက အရောင်ရင့်ပေမယ့် တစ်နေ့မှာ တန်ဖိုးမြင့် လာမယ့်ပန်းပဲ၊ ဘယ်သူက ဘယ်လောက်တန်ဖိုးကြီးကြီး ပေးဝယ်ပြီး နမ်းမှာလဲဆိုတာ"

"အစ်ကိုလေး"

ကိုယ့်မမကို စကားလုံးရင့်ရင့်တွေနဲ့ ပြောတော့လည်း နီနီ လက်မခံနိုင်ပြန်။ ဘာပဲဖြစ်ဖြစ် သွေးက သွေးပဲလေ။ ဒါကြောင့်



ဘုန်းသစ်ကို တစ်ခုခုပြန်ပြောဖို့ ဆတ်ခနဲ ခေါင်းမော့လိုက်စဉ်မှာပဲ ဘုန်းသစ်က သူမ လက်ကောက်ဝတ်ကို ဖမ်းဆုပ်ကာ ...

"နင် ... ငါနဲ့လိုက်ခဲ့"

"ဘယ်ကိုလိုက်ရမှာလဲ ဖယ်ပါ"

နီနီ သူ့လက်ကို ဖယ်ချပေမယ့် မရပေ။ သူက မိမိရရ ဆုပ်ကိုင်ထားပြီး ...

"အရေးကြီးလို့ ခေါ်နေတာ ရောက်ရင်သိရမယ်"

ဒါပဲပြောပြီး နီနီ့ကို ဆွဲခေါ်သွားတာ ခြေချင်းခလုတ်တိုက်လု မတတ်ပါ။ နီနီ မမကို ပြန်ငဲ့ကြည့်ရင်းပဲ ပါသွားတာကားအနားရောက် တော့ သူမကို တက်ခိုင်းပြီး ကားတံခါးကို ပိတ်လိုက်တာ ဂျိမ်းခနဲပါပဲ။

အဲဒီနောက်မှာ ...

○○○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"အစ်ကိုလေး"

ဘုမသိ ဘမသိနဲ့ ပါလာခဲ့ပြီး ကားပေါ်မှာ တစ်ယော
တစ်ယောက် ဘာစကားမှမပြောပေ။ အရေးကြီးလို့ ခေါ်နေတာ ရော
ရင်သိရမယ်ဆိုတဲ့စကားကြောင့် နီနီလည်း ရောက်ရင်သိရမယ်ဆို
သူ့ကို ဘာမှမမေးမိပေ။ ဒီလိုနဲ့ပဲ သူဆင်းဆို ဆင်း၊ သူတက်ဆိုတ
သူခေါ်ရာ လိုက်ခဲ့ပြီး အခုရောက်နေတာ တိုက်ခန်းတစ်ခန်းမှာ

နီနီ့ကို ထိုင်ဆိုပြီး ...

သူလည်း ထိုင်နေတာ နှစ်ယောက်စလုံး စကားမ
တိတ်ဆိတ်စွာနှင့် ကြာနေပြီလေ။ နီနီကပဲ မနေနိုင်စွာ တိတ်ဆိ





ကို ဖောက်ထွက်ပြီး ခေါ်လိုက်တော့ သူက မထူးပေ။

"အစ်ကိုလေး"

"..."

"နီနီ့ကို ဘယ်ခေါ်လာတာလဲ၊ ပြောတော့ အရေးကြီးလို့ဆို ပြီး အခုထိ ဘာမှလည်း မပြောသေးဘူး"

ဖျတ်ခနဲ တစ်ချက်သာ လှည့်ကြည့်ပြီး မျက်နှာပြန်လွှဲသွား လေလျှင် ...

"အစ်ကိုလေး"

"နင် ငါ့ကို အဲဒီလို ခေါ်စရာမလိုတော့ဘူး"

"လာပြန်ပြီ ... အဲဒီလိုမခေါ်လို့ နီနီက ဘယ်လိုခေါ်ရမှာလဲ"

"ကိုကိုလို့ခေါ်"

"အံမယ် ... ဘာလို့ခေါ်ရမှာလဲ ... မခေါ်ပါဘူး"

"မခေါ်လို့မရဘူး ခေါ်ရမယ်၊ အရေးကြီးတဲ့ကိစ္စဆိုတာ ဘာလဲ နင်သိလား။ နင့်အတွက်တော့ မဟုတ်ဘူး။ ငါ့အတွက်တော့ အသက် လောက် အရေးကြီးတယ်"

"အရေးကြီးတယ်ဆိုပြီး ဘာလို့ အေးအေးဆေးဆေး ထိုင် နေတာလဲ၊ ပြီးတော့ နီနီနဲ့ရော ဘာဆိုင်လို့လဲ၊ လုပ်စရာရှိတာ လုပ်လေ ... ပြီးရင် ပြန်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကိုပြန်မှာလဲ ... မင်း ပြန်လို့မရတော့ဘူး"

"ရှင်"

နီနီ မျက်လုံးလေးဝိုင်းသွားရ၏။ ဘာလို့ပြန်လို့မရ ရမှာလဲ ကိုယ့်အိမ် ကိုယ်ပြန်ကြတာပဲလေ။ မပြန်လို့ သူနဲ့ကိုယ် ဒီအခန်းထဲမှာ ဒီလိုပဲ နှစ်ယောက်တည်း တိတ်တိတ်ဆိတ်ဆိတ်နဲ့ ထိုင်နေရမှာလား

"ဘာလို့ပြန်လို့မရ ရမှာလဲ၊ ဒီလိုပဲ ထိုင်နေလို့သာ မရတာ အခု ပြန်မယ်"

"မင်း သိပ်သိချင်နေလား"

"သိချင်တာပေါ့"

"ပြောပြမယ်"

ပြောပြမယ်ဆိုပြီး ဘုန်းသစ် နီနီ့ဆီသို့ လျှောက်လာခဲ့၏ အနားကိုရောက်တော့ နီနီ့မျက်နှာလေးကို ငုံ့ကြည့်ကာ ...

"နင် ... နင့်အိမ်ကိုပြန်တော့မယ်ဆိုတာ ဖြိုး သိတယ် အဲဒါ အဲဒီကောင်က နင့်ကို အဆုံးရှုံးမခံနိုင်ဘူးဆိုပြီး ကားတင်ပြေးဖို့ စီစဉ်နေတာ နင်သိလား"

"ဘာ"

နီနီကိုယ်လေး တောင့်ခနဲဖြစ်သွားပြီး ဒေါသလည်း ဖြစ်သွားလေသည်။ ဖြိုးဆိုတဲ့လူက အဲဒီလောက်တောင်ပဲလား။ သူတို့လုပ်ချင်တိုင်း ဖြစ်ရအောင် နီနီက အရုပ်ကလေးမှမဟုတ်တာ။



"သူတို့ ဖြစ်ချင်တိုင်း လုပ်လို့ရမလား။ အဲဒီလို လုပ်ကြည့် အသက်ချင်း လဲပစ်လိုက်မယ်၊ နှင်းဆီနီနီဆိုတာ အရှက်နဲ့ လူလုပ်နေတာ"

"အခုလည်း အတူတူပါပဲ၊ ငါက ဖြိုးထက် ပိုဆိုးတယ်၊ နင့်ကို ပြန်ခွင့်မပေးနိုင်ဘူး။ နင့်ကို ငါပဲ ပိုင်ဆိုင်ချင်တယ်၊ အဆုံးရှုံးမခံနိုင်ဘူး။ အဲဒါကြောင့် သူ့ထက်ဦးအောင် နင့်ကို ငါ ခိုးပြေးလာတာ"

"ဟင်"

ထင်မှတ်မထားတဲ့စကားကို ကြားလိုက်ရတော့ နီနီ အံ့သြစွာနဲ့ပဲ သူ့ကို ကြည့်နေမိသည်။ သူ့မျက်နှာက နီနီ့မျက်နှာနှင့် တဖြည်းဖြည်း နီးကပ်လာလေလျှင် နီနီ ဆတ်ခနဲ မျက်နှာလွှဲလိုက်ပြီး ...

"အစ်ကိုလေး ဘာတွေပြောနေတာလဲ၊ မဟုတ်တာတွေ မပြောနဲ့နော်၊ နီနီ့ကို အခု ပြန်ပို့ပေး"

"ဘာလို့ပြန်ပို့ရမှာလဲ၊ မပို့ဘူး"

"အစ်ကိုလေး"

"နင့်ကို ငါ ချစ်တယ်"

"ဟင့်အင်း"

"နင့်ကို ငါ အရမ်းချစ်တယ် နီနီ၊ ရင်ထဲမှာ တကယ်ပြော



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးနိုးနဲ့ကို ချစ်မိလို့"

"မပြောနဲ့ . . . မပြောပါနဲ့၊ နီနီ့ကို ပြန်ပို့ပေးပါ အစ်ကိုလေး နီနီ ပြန်ပါရစေ၊ နီနီ လက်မခံနိုင်ဘူးနော်"

"နီနီ"

". . ."

"ဘာလို့ပြန်ပို့ရမှာလဲ၊ နင့်ကို ငါ ခိုးလာတာ၊ မနက်ဖြန် တရားရုံးသွားပြီး လက်ထပ်မယ်၊ လိုအပ်တာတွေ ငါ အကုန်စီစဉ်ပြီး သား၊ မေမေတို့ကိုလည်း ငါ အခုပဲ ဖုန်းဆက်ပြီး ပြောမှာ၊ မနက်ဖြန် လက်ထပ်ဖို့အတွက် သက်သေလိုက်မယ့်လူတွေလည်း ခေါ်ထားပြီး သား"

"ဟင့်အင်း . . . ဟင့်အင်း"

နီနီ ခေါင်းတခါခါနှင့် ထွက်ပြေးဖို့ ကြိုးစားလေလျှင် . . .

"ဟော့"

ဘုန်းသစ် နီနီ့လက်ကို ဖမ်းဆွဲထားပြီး ရင်ခွင်ထဲမှာ မြှုပ်အေး အောင် ဖက်ထားလိုက်မိတာ ထွက်ပြေးလို့ ဝေးသွားမှာကို သေး လောက် ကြောက်နေတာမျိုးပါ။ နီနီကလည်း အစိမ်းသက်သက် စိတ်တွေယိမ်းရခက်စွာနှင့် ရုန်းပေမယ့် ရုန်းလို့မရပေ။ ရုန်းမရတဲ့အဆုံး မျက်ရည်တွေ ကျလာပြီး ရှိုက်သံက အင့်ခနဲပါပဲ။





ဘုန်းသစ်ကတော့ . . .

ချစ်တယ်လို့ ဝန်ခံဖွင့်ဟဖို့ ရှက်သလိုလိုဖြစ်ခဲ့သမျှ အခုတော့ ရှက်လည်း မရှက်နိုင်။ ရင်ထဲရှိသမျှ သွန်မှောက်လို့သာ။

"အရမ်းချစ်တယ် နီနီရယ်"

"အစ်ကိုလေး လွှတ်ပါ"

"ငါ့ကိုထားပြီး မင်း ဘယ်မှမသွားပါနဲ့၊ မင်းမရှိရင် ငါ နေလို့ ဖြစ်မှာမဟုတ်ဘူး နီနီ၊ အဲဒါကြောင့် ခုလိုလုပ်မိတဲ့အတွက် ကိုကို့ကို ခွင့်လွှတ်ပါ"

"ဟင့်အင်း"

နီနီ ခေါင်းခါနေတာကို ဘုန်းသစ်ရဲ့နှလုံးသားက လက်မခံ။ အနမ်းပန်းတွေ ဆင့်ဆင့်ခြွေပြီး လက်ထပ်ဖို့ အခိုင်အမာ ဆုံးဖြတ်ပြီး သားမို့ နီနီ့ဘဝလေးကို ရုန်းမထွက်နိုင်အောင် ကြိုးတစ်ချောင်းနှင့် ဘုတ်နိုင်လိုက်တာသည် . . .

မဖြစ်မနေ အခြေအနေနဲ့ လက်ထပ်လည်း . . .

တစ်နေ့တော့ ပြန်ချစ်လာမှာပါလေ။ အလျားအနံမရှိပေမယ့် မေတ္တာဆိုတာ အသွားအပြန် ရှိတာပဲဥစ္စာ။

ooo



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

"ဘယ်လိုသား . . . နီနီ့ကို သူ့အိမ်ပြန်မလွှတ်နိုင်လို့ သား
နိုးပြေးသွားပြီ ဟုတ်လား"

"ဟုတ်တယ် မေမေ၊ အဲဒါ မေမေ့ကို အသိပေးဖော၊ ခုငါ
ဖြစ်သွားလို့ နီနီ့ကို မေမေတို့ တစ်မျိုးမထင်နဲ့နော်၊ သူ့ဆန္ဒမပါ
သားက နိုးပြေးတာ၊ သူက သား ညာခေါ်လို့ ဘုမသိဘမသိနဲ့ ပါလာ
ခဲ့တဲ့သူပါ"

"သားရယ် . . . မင်း"

ဘာဆက်ပြောရမှန်းပင် ဒေါ်ဝတ်မှုံ မသိတော့ပေ။ ထင်မထား
တာတွေ ဖြစ်လာခဲ့တာကို။ သားနဲ့နီနီ ဒီလိုတွေ သူမတွေးမကြည့်



ဘူးပေ။ မတွေးဆို နီနီက ဆင်းရဲပေမယ့် မာနကြီးပြီး သားကိုလည်း
အချစ်ရေး စိတ်မဝင်စားသေးဘူးပဲ ထင်ခဲ့တာ။ အခုဖြစ်သွားပြီဆို
တော့ ဘာလုပ်ရမလဲ။ ပေးစားလိုက်ရုံပဲ ရှိတော့တာပေါ့။

နီနီက အလိုမတူဘူးဆိုတော့ . . .

အခန့်မသင့်လို့တိုင်ရင် ကိုယ့်သားပဲ ထောင်ကျမှာ။ နီနီတို့
အသိုင်းအဝိုင်းက ဒီလိုတော့မလုပ်ဘူးဆိုတာ သူမ သိပါသည်။ ကိုယ့်
လူဘက်က မှားနေတာဆိုတော့ မိန်းကလေးဘက်က ကျေနပ်အောင်
ပဲ လုပ်ပေးရတော့မှာပေါ့။

"မေမေ"

"ပြော . . . မင်း ဘာပြောမလို့လဲ"

"သား . . . နီနီ့ကို အရမ်းချစ်တယ်၊ အဲဒါကြောင့် သား
သူ့ကို အဆုံးရှုံးမခံနိုင်လို့ ခုလို လုပ်လိုက်တာပါ၊ မေမေ သဘောတူ
ပေးပါနော်"

"ချစ်တယ်ဆိုရင်လည်း လူကြီးတွေကို ပြောပါတော့လား
သားရယ်၊ မိသားဖသားပီပီ မေမေတို့ တောင်းပေးမှာပေါ့၊ ခုတော့"

"အဲဒါတော့ မေမေရယ်"

အခြေအနေက မတူ အလွှာက ခြားနေတော့ မေမေမှာ
ဖွဲ့ကြမ်းတော့မလားလို့ ဘုန်းသစ် စိုးရိမ်လိုက်ရတာ။ ခုလို ပြောရာပြေ

www.burmeseclassic.com



ကြောင်း ပြောတော့ တော်သေးတာပေါ့။ ဒါ ပရိယာယ်တော့ မဟုတ် လောက်ဘူး ထင်ပါရဲ့။

"မေမေ သဘောမတူမှာစိုးလို့ပါ၊ ပြီးတော့ ဟိုကောင် ဖြိုး နီနီ့ကို ကားတင်ပြေးဖို့ စီစဉ်နေတာ မေမေရဲ့၊ သား သူ့နောက်က အပါမခံနိုင်ဘူး အဲဒါကြောင့်"

"မေမေ့မှာ အဆင့်အတန်းခွဲချင်တဲ့စိတ် မရှိဘူးလေ၊ အခု မင်း ဘယ်တော့ ပြန်လာမှာလဲ"

"မနက်ဖြန် သားတို့ ရုံးတက်လက်မှတ်ထိုးမယ် မေမေ ပြီးရင်တော့ မေမေ့ခွင့်ပြုရင် ပြန်လာမှာပါ"

"အခု မင်းတို့ ဘယ်မှာလဲ"

"ဖေဖေ ... ဦးဆန်းလွင်ဆီက ပြန်ဝယ်ထားတဲ့ တိုက်ခန်း မှာပါ"

"ဒါဆို မနက်ဖြန် မေမေ လာခဲ့မယ်၊ မေမေရောက်မှ ရုံးတက် သွားကြတာပေါ့"

"ဗျာ"

"မေမေ ဖုန်းချလိုက်တော့မယ်"

"ဟုတ်ကဲ့ မေမေ"

ဒေါ်ဝတ်မှုံ ဖုန်းချပြီး သက်ပြင်းလည်း ချလိုက်ကာ ခင်ပွန်း





ညီဘက်သို့ လှည့်လိုက်၏။ သူမနဲ့သား ဖုန်းပြောနေတာ စပီကာ ဖွင့်ထားတော့ သူ အကုန်ကြားနေမှာပေါ့။ ဒီနေ့ အောက်ထပ်ကို ဆင်းလာပြီးကတည်းက ကိုခန့် အပေါ်ကို ပြန်မတက်တာပါ။ ကြားနေ ရမယ့် ဇာတ်ရေလည်အောင် ပြောပြဖို့အတွက် ...

"ကိုခန့်"

"မင်း'သား' နီနီ့ကို ခိုးပြေးတဲ့အကြောင်း ပြောမလို့ မဟုတ် လား"

"ဟုတ်တယ် ကိုခန့်၊ ရှင်လည်း ကြားပြီးပြီပဲဥစ္စာ၊ ကျွန်မက တော့ ဖြစ်ပြီးမှတော့ ဘာမှမပြောချင်တော့ပါဘူး။ ကိုယ့်အိမ်မှာ ခိုင်း နေတဲ့ အလုပ်သမားကို ခိုးပြေးတယ်ဆိုတော့ ပတ်ဝန်းကျင်ရဲ့ကြားမှာ မျက်နှာတော့ ငယ်ရမှာပေါ့"

"အလုပ်သမားရော ဘာဖြစ်လဲကွာ။ တို့မှာ စည်းစိမ်ဥစ္စာတွေ ရှိပြီးပြီပဲဥစ္စာ၊ အဓိက လိုအပ်တာ ရိုးသားမှုနဲ့အိမ်ထောင်ရေးကို သုခ ...းနိုင်မယ့်သူ။ ပတ်ဝန်းကျင်ပြောတာကို ဂရုစိုက်မနေစမ်းပါနဲ့၊ ချီး မွမ်းခုနစ်ရက် ကဲ့ရဲ့လည်း ခုနစ်ရက်ပဲ"

"ဒါဆို ရှင့်သဘောက"

"ခုလိုဖြစ်အောင် ငါ ဖန်တီးခဲ့တာ"

"ရှင်"

www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းခန့် လွန့်ခနဲ ပြုံးလိုက်မိ၏။ ယောကျ်ားချင်းပဲ့
ကိုယ့်သားရင်ဘတ်ထဲမှာ ဘာဖြစ်နေလဲ ကိုယ် သိတာပေါ့။ ကိုယ်
လည်း ငယ်ရာက ကြီးလာတာပဲလေ။ နီနီ့ကို ချစ်နေပြီး ဒီကော
ဖွင့်ပြောရမှာကို ရှက်နေတာ။ နီနီက သူများတွေလို ဘွဲ့ရဥစ္စာ
မဟုတ်ပေမယ့် ...

ကိုယ်ပိုင်အသိရှိပြီး ယောကျ်ားတစ်ယောက်၏ဘဝကို ထိ
ကွပ်ပြီး အိမ်ထောင်ရေး သာယာလှပအောင် ချုပ်ကိုင်နိုင်မယ့် မိန်း
လေးမျိုးပါ။ ကိုယ့်လို သူစိမ်းအပေါ်တောင် အခကြေးငွေနဲ့ဆိုပေမ
စေတနာပါပါ သည်းခံပြုစုခဲ့တာ။ သူမ၏လင်ယောကျ်ားအပေါ်ဆိုရင်
မည်မျှပင် တာဝန်ကျေအောင် ကြင်နာပြုစုလိမ့်မလဲ။

ဒါကြောင့် ...

"ဟုတ်တယ် မုံ ... သားက နီနီ့ကို ချစ်နေပြီး ဖွင့်ပြော
မှာ ရှက်နေတာ၊ ဖြိုးမောင်မောင်ကလည်း နီနီ့ကို စိတ်ဝင်စားနေ
လေ၊ သားရဲ့ရင်ထဲက ခံစားချက်ကို ဖြိုးမောင်မောင်နဲ့ ငါ သိတ
ဖြိုးကို သနားတော့ သနားပါတယ်၊ ဒါပေမဲ့ မိဘတစ်ယောက်ရဲ့အ
အတိုင်း သားနဲ့နီနီ့ကို နီးစပ်အောင်လုပ်ပေးဖို့ ငါ ဖြိုးမောင်မော
အကူအညီတောင်းလိုက်တယ်၊ ကိုယ်တောင်းဆိုတော့လည်း သူ
မငြင်းရှာပါဘူး။ သူငယ်ချင်းကောင်းတစ်ယောက်ကို သူ အဆုံးရှုံး



နိုင်ဘူး။ ကျွန်တော်က ဘုန်းသစ်ရဲ့ပြိုင်ဘက်မဖြစ်စေရပါဘူးတဲ့လေ"

"အဲဒီတော့ ဘာဆက်ဖြစ်ရောလဲ"

အခုမှ ဝတ္ထု ဇာတ်လမ်းကို ပြောပြရင်း ပြတ်သွားလို့
ဆက်မေးရသလိုပါ။ ဘာဆက်ဖြစ်သလဲဆိုတာကို သိချင်နေတာလေ။

"ဘာဖြစ်ရမလဲ ... နီနီက အိမ်ပြန်တော့မယ်ဆိုတော့ ဒီအိမ်
မှ သူက မရှိမဖြစ်လိုဖြစ်နေပြီလေ။ အဲဒါကြောင့် နီနီ့ကို မင်းသား
မြန်မြန်နိုးပြေးအောင် ဖြိုးကို အကဲပိုပြခိုင်းပြီး ကားနဲ့တင်ပြေးမယ်
ဘာညာပြောခိုင်းတာပေါ့"

"ကောင်းပါ့ရှင် ... အခု ရှင်ဖြစ်စေချင်သလို ဖြစ်သွားပြီဆို
တော့ ကျေနပ်သွားပြီ မဟုတ်လား"

"ဒါပေါ့ကွ"

ဒေါ်ဝတ်မှုံ ပြုံးစိစိလုပ်နေတဲ့ ခင်ပွန်းသည်ကို မျက်စောင်း
ထိုးမိလိုက်တော့၏။ မကြီးမငယ်နဲ့ အောင်သွယ်အောင်စပ်လုပ်တာလို့
ပြောရမလား။ လူကသာ မတတ်နိုင်သေးတာ။ ဦးနှောက်က ပြေးနေ
တာ ဘာလုပ်ရင် ဘယ်လိုဖြစ်လာမယ်ဆိုတာ ကြိုသိနေတဲ့အတိုင်းပါ
ပဲ။

"ကိုယ်က ကိုယ့်သားနဲ့ သင့်တော်မယ့်မိန်းကလေးကို သူများ
နောက် အပါမခံနိုင်လို့လေကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းသစ်ရဲ့မိဘနှစ်ပါးကတော့ အဲဒီလို။ ဆင်းရဲတာ ချမ်းသာ တာ မခွဲခြားဘဲ နီနီ့ရဲ့သိတတ်လိမ္မာမှုလေးတွေကိုပဲ သဘောကျနေတာ လေ။

ဘုန်းသစ်နဲ့နီနီတို့မှာတော့ . . .

"နီနီ"

". . ."

"အဲဒီလို ပေကပ်မနေနဲ့ကွာ၊ ထမင်းလေး နည်းနည်းတော့ စားပါနော်၊ နီနီ ကိုကို့ကို မကျေနပ်ဘူးမို့လား။ ထုချင်ထု ရိုက်ချင် ရိုက်၊ သတ်ချင်လည်း ကိုကို အသေခံမယ်၊ ထမင်းမစားဘဲတော့ မနေပါနဲ့နော်"

နီနီ ဘာတစ်ခွန်းမျှ ပြန်မပြောပေ။ ပြန်ပြောစရာလား။ နီနီ့ ဘဝကို ဖျက်ဆီးတဲ့သူ။ နီနီ့ဆန္ဒမပါဘဲ နီနီ့ဘဝကို သိမ်းပိုက်ခဲ့တာ။ ချစ်တယ်မပြောဘဲ ချစ်သူဘဝကို ကျော်လွန်လာခဲ့တာအတွက် ဘာမှ မတတ်နိုင်ပေမယ့် သူနဲ့ထိုက်သင့်တဲ့အပြစ်ဒဏ်တော့ ပေးရမှာပဲလေ။ ဒီလိုလုပ်နေလို့ ကိုယ် အပျိုပြန်မဖြစ်တော့ဘူးဆိုပေမယ့် . . .

"နီနီ"

". . ."

"ကိုကို့မိန်းမက လိမ္မာပါတယ်ကွာ၊ ထမင်းစားလိုက်နော်၊





ကိုကို အဆင်သင့်ပြင်ထားပြီးသား ထ"

"ဘာကိုကိုလဲ၊ မခေါ်ဘူး။ မစားဘူး . . . သွား"

ဘုန်းသစ် ပခုံးလေးဖက်ကာ ချော့နေတာကိုပဲ နီနီ သူ့လက် တွေကို ဖယ်ချပစ်တော့ ဘုန်းသစ် ပြန်ဖက်ထားပြီး ရယ်လိုက်ကာ . .

"ကောင်မလေးနော် . . . ချစ်တာကို ချစ်မှန်းမသိဘူး။ ကောက်နေရင် ဖြောင့်ပေးရမလား ပြော"

ပြောရင်း ခေါင်းငုံ့လာသဖြင့် နီနီ သူ့မျက်နှာကို လက်ဝါးနှင့် တွန်းလိုက်ကာ . . .

"ဘယ်လိုဖြစ်နေတာလဲ"

"ချစ်နေတာလေ"

"မချစ်နဲ့"

"ချစ်မှာပဲ"

"မချစ်နဲ့"

"ချစ်မယ်"

"အစ်ကိုလေးနော်"

"ဘာအစ်ကိုလေးလဲ . . . ကိုကိုလို့ခေါ်"

"မခေါ်ဘူး"ဟု

"တကယ်မခေါ်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ပခုံးကိုဖက်ထားတဲ့ လက်က တင်းခနဲဖြစ်သွားတာမို့ [illegible] ပျာပျာသလဲဖြစ်သွားကာ . . .

"ခေါ်မယ် . . . ခေါ်မယ်"

ခေါ်မယ်ဆိုတော့မှပဲ လက်က ပြေလျော့သွားသည်[illegible] ခုမှတော့ ဘာထူးတော့မှာလဲ။ စိတ်ကောက် စိတ်ဆိုးလုပ်နေလို့ [illegible] ဖြစ်ပြီး နှစ်ဦးနှစ်ဖက် စိတ်ညစ်ကြရုံပဲ ရှိမယ်လေ။ အခုချိန်မှာ နီနီ[illegible] သူ့ရဲ့မိန်းမ ဖြစ်နေပြီ။ လူသိရှင်ကြား လက်မထပ်ရသေးတာကလွဲ[illegible] ပေါ့။ ပြီးတော့ . . .

နီနီ သူ့ကို မုန်းခဲ့တာမှ မဟုတ်ပဲလေ။ မချစ်သေးတာ[illegible] ရှိခဲ့တာပါ။ ဒါတောင် မသေချာပါဘူး။ ဘာလို့လဲဆို သံယောဇဉ်[illegible] ရှိခဲ့တာကို။

"ခေါ်လေ"

အင်း . . . တကယ်တမ်းခေါ်ရမယ်ဆိုတော့ လျှာယားလို့[illegible] တာ။

"မခေါ်ဘူးလား"

"ခေါ်မယ်"

"ဒါဆို ခေါ်လေ"



"ကို . . . ကို"

"ဟာ . . . မရဘူး ပြတ်တိပြတ်တောင်းနဲ့၊ ကိုကိုလို့ ပီပီ သသခေါ်လေ ချစ်ရဲ့"

သူခေါ်လိုက် ပြောလိုက်တိုင်း နီနီ မျက်နှာတွေ ထူပူဖိန်းရှိန်း သွားရသည်သာ။ ဒါပေမဲ့ . . . သူက ဂျီကျနေတော့ . . .

"ကိုကို"

"ဟာ . . . ခုမှ ရန်ဖြစ်ပြီး စိတ်တိုလို့ ခေါ်သံကြီးနဲ့၊ မရဘူး ပြန်ခေါ်"

"ကိုကိုနော်"

ဒီတစ်ခါ အသံက ချွဲချွဲနွဲ့နွဲ့မဟုတ်ပေမယ့် ဘောက်ဆတ်ဆတ် ကလေးကိုပဲ သဘောကျစွာ ဘုန်းသစ် ရယ်လိုက်မိသည်။ ဒီလောက် ကလေး အဆင်ပြေတာအတွက်ပဲ သူ ကျေနပ်ရမည်သာ။ ဘာလို့လဲ ဆို ကိုယ်က ချစ်သူဘဝကို ဖြတ်ကျော်ပြီး အဆင့်တွေ ခုန်တက်ခဲ့တာ ကို။

အပြစ်ရှိတာက ကိုယ်မို့ . . .

ဒီထက်ပိုပြီးလည်း မတောင်းဆိုရဲတော့ပါဘူး။ ရှုထော်ထော် နှုတ်ခမ်းလေးကို ဘုန်းသစ် လက်ညှိုးနှင့် တို့ထိကြည့်ပြီး . . .

"ကိုကို့ကို ချစ်လား"



www.burmeseclassic.com

www.burmeseclassic.com



နီနီ့ကို မေးလိုက်တုန်းမှာပဲ ဖုန်းက အသံမြည်လာသဖြင့်...

"ဟာကွာ ... အရေးထဲကျမှ ... တောက်"

ဘုန်းသစ် ဖုန်းကို ကောက်ကိုင်ပြီး ပေါ်လာတဲ့ နံပါတ်ကို ကြည့်လိုက်တော့ ဖြိုးမောင်မောင်ပါ။ မင်းလူ ဒါမှမဟုတ် ကျော်ကျော် ဆက်တယ်ဆိုတာမှ တော်သေး။ ခုတော့ တကယ့် ဖြိုးမောင်မောင်

"ဟေ့ကောင် ... ဘာလဲပြော"

"ဘယ်လိုလဲ ... မင်း အဆင်ပြေရဲ့လား။ တို့ လာခဲ့ရမလား ဟေ့ကောင်၊ ဘာတွေ ဝယ်လာရမလဲ"

"မင်း ဘာကိုမေးတာလဲ ဖြိုး"

"နီနီနဲ့အဆင်ပြေရဲ့လားလို့ မေးတာလေ၊ မင်း ဘာအခ်ျိုး ချိုးသွားလည်း တို့မသိဘူး မှတ်လို့လား"

"ဟင် ... သတင်းက သိတာ မြန်လှချေလား။ မင်းကို ဘယ်သူပြောတာလဲ"

တစ်ဖက်မှ ရယ်သံတွေ ထွက်လာ၏။ နေ့တောင်မကူးသေး ဘူး အသိမြန်တာ မေမေ ပြောလို့လား။ သူ မေမေ့ကိုပဲ ဖုန်းဆက် ပြောရသေးတာလေ။

"သိတာပေါ့ ငတုံးရ၊ မင်း နီနီ့ကို အဲဒီလိုခိုးပြေးအောင်ကို တို့ တမင်ဖန်တီးခဲ့တာလေ၊ အခုပဲ ငါ့ဆီကို မင်းအဖေ ဖုန်းဆက်ပြော





တယ်"

"ဟင်"

"ဒါရိုက်တာက မင်းအဖေပေါ့၊ မင်းအဖေက မင်းရင်ထဲမှာ ဘာဖြစ်နေလဲဆိုတာ သိတယ်ကွ၊ မင်းအဖေ တကယ်တော်တယ် ဘုန်းသစ်၊ ငါ့ကို မင်းအတွက် ကူညီပေးပါတဲ့၊ မင်းနဲ့နီနီ နီးစပ်သွား အောင်တဲ့လေ၊ အဲဒါကြောင့် ငါ့မှာ ကားတင်ပြေးမယ် ဘာညာနဲ့ လုပ်လိုက်ရတာ"

"ဒါဆို ... ဒါဆို မင်း နီနီ့ကိုချစ်တယ်ဆိုတာ တကယ် မဟုတ်ဘူးပေါ့၊ ဟုတ်လား ဖြိုး"

ဖြိုး ခြောက်ကပ်ကပ်ပဲ ရယ်လိုက်မိ၏။ အခုချိန်ကျမှ ကိုယ့် ရင်ထဲက တန်ဆာပလာတွေကို ဖွင့်ပြနေရဦးမှာလား။ ဘာမှမထူးတော့ တဲ့ကိစ္စတစ်ခုအတွက် ကိုယ့်ကြောင့် သူတစ်ပါးကို စိတ်အနှောင့်အယှက် မဖြစ်စေချင်ပါဘူးလေ။ ကိုယ် စိတ်ဝင်စားခဲ့တာက တကယ်ပါ။ ဒါပေမဲ့ မပြောတော့ပါဘူး ဘုန်းသစ်။

"အစကတော့ ဘာလိုလိုပေါ့ကွာ၊ နောက်တော့ မင်းရင်ဘတ် ထဲကို ထိုးဖောက်မြင်ပြီးကတည်းက ငါ နောက်ဆုတ်ဖို့ ဆုံးဖြတ်ခဲ့တာ၊ ငါ သူငယ်ချင်းကောင်းတစ်ယောက် အဆုံးရှုံးမခံနိုင်ဘူး"

"ဪ"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကတော့ တကယ်မှတ်လို့ ရှုံးမတတ် ဖြစ်ခဲ့ရတာ လက်စသတ်တော့ ဒီလိုဖြစ်အောင် ဖန်တီးခဲ့တာပဲ။

"အဲဒါဆိုရင် မင်းကို ငါ အရမ်းကျေးဇူးတင်တယ် ဖြိုး"

"Ok မနက်တို့ လာခဲ့မယ်၊ ဒါပဲနော် ငါ ဖုန်းချလိုက်တော့မယ်"

"Ok သူငယ်ချင်း"

ဖုန်းချလိုက်တဲ့ ဘုန်းသစ်ရင်ထဲမှာ ဝမ်းသာပီတိလွှမ်းဆိုးလို့ပါပဲ။ မိဘတွေကလည်း ထွေထွေထူးထူး မပြောရဘဲ သူငယ်ချင်းနှင့်ကလည်း အဆင်ပြေ။ ဘာလိုသေးလို့လဲ။

လိုအပ်တာက တစ်ခုတည်းပါလေ။

ဘာလဲဆိုရင် နီနီ့ဆီက တုံ့ပြန်အချစ်ကို ရဖို့ပဲပေါ့။

○○○



## အခန်း (၃၁)

"တောက်"

ဖြစ်ချင်တာတွေ ဖြစ်ခွင့်မရဘဲ မဖြစ်စေချင်တာတွေ ဖြစ်သွားတော့ ဖြိုးဖြိုးမှာ ကျိတ်မနိုင် ခဲမရပါ။ ပစ်ချင်လို့ ချိန်နေတဲ့လူရဲ့ စက်ကွင်းထဲမဝင်ဘဲ မပစ်ချင်လို့ ပြေးသူရဲ့စက်ကွင်းအောက် တိုးဝင်ရတယ်လို့။ ဘုန်းသစ်စံ ဒီလူရှုံးနေသလား မသိပါဘူး။ နီနီက သူမ ထက်လှလို့လား။

ခုမှတော့ ...

ဘာပြောလို့ ရတော့မှာလဲ။ ကိုယ့်ညီမလေး ဒီလိုလူမျိုးနဲ့ ရပါလားလို့ ဝမ်းသာပေးရမယ့်အစား ဖြိုးဖြိုးစိတ်တွေက နီနီ့အပေါ်



www.burmeseclassic.com

မနာလိုခြင်းတွေ တဖွားဖွားနှင့်သာ။

"ဟဲ့ ... ဖြူဖြူ"

"..."

"ဟိုလျှောက်လိုက် ဒီလျှောက်လိုက်နဲ့ အဲဒါ ဘာဖြစ်နေတာ လဲ"

"ဘာဖြစ်ရမှာလဲ၊ အမေ့သမီး လုပ်သွားပုံကို မကျေနပ်လို့ ပေါ့၊ ပြောလိုက်ရင်တော့ မိသားစုကလွဲရင် ကျန်တဲ့သူ ဖွဲဆန်ကွဲ အမေနဲ့မမကသာ သူ့ဘဝ၊ သူ့အနာဂတ်တဲ့၊ အခုကျတော့ မပြော လိုက်ချင်ဘူး"

"ဟဲ့ ... အခုလည်း သူဆန္ဒပါလို့ လိုက်သွားတာမှ မဟုတ် ဘဲ၊ မဝတ်မှုံ ညက လာပြီးတောင်းပန်တာကို နင် ကြားပြီးပြီပဲဥစ္စာ ဘုန်းသစ်က အတင်းခိုးသွားတာတဲ့၊ ဘုန်းသစ်လိုလူမျိုးနဲ့ရတာကို နင် က ဝမ်းတောင်သာပေးရဦးမှာလေဟယ်"

ဖြူဖြူ သိသားပဲ။ ဘုန်းသစ် နီနီ့ကို အရေးကြီးလို့ဆိုပြီး ခေါ်သွားတာ ကိုယ့်ရှေ့မှာတင်ပဲလေ။ အခုက မကျေနပ်လို့ ရမယ်ရှာ တာပါ။

"ငါကတော့ နီနီ့အတွက် စိတ်အေးပြီလို့ပဲ သတ်မှတ်တယ် စိတ်ပူနေရတာက နင့်အတွက်ပဲ ဖြူဖြူ"





ဖြူဖြူ မိခင်ကို ဖျတ်ခနဲ လှည့်ကြည့်ပြီး ...

"ဘာဆိုင်လို့လဲ"

"..."

"စိတ်ပူနေရအောင် ဖြူဖြူက ကလေးမှမဟုတ်တာ၊ အမေက လေ ဖြူဖြူ့ဆိုရင် ပြောဖို့ပဲ သိတယ်"

"ပြောရမယ် ဖြူဖြူ၊ နင် အခုထိ သူ့အပေါ်မှာ မသိတတ် သို့ကို ပြောနေရတာ၊ အခု နီနီက သူ့ဘဝနဲ့သူ အေးချမ်းသွားပြီ၊ နင့်အတွက် ငါ တစ်ယောက်တည်းပဲ ရှန်းကန်ရတော့မှာ၊ ပိုက်ဆံသုံး ဘာ ကြည့်တော့သုံးဦးပေါ့အေ"

ပြောပြီး ဒေါ်သူဇာ မီးဖိုချောင်ဘက်သို့ ထွက်သွားလေတော့ ။ နီနီနဲ့ပတ်သက်ပြီး သူမ စိတ်ဆင်းရဲရသည်ဆိုတာ သိပ်မရှိခဲ့ဘူး သ။ အခုလည်း အဆင့်အတန်း ဒီလောက်ကွာဟနေတဲ့လူနဲ့ရလို့ ကိုယ့်ဘက်က မျက်နှာငယ် အပြောအဆိုခံရမယ့်အစား ... သူတို့က အောင် လာပြီး တောင်းပန်သွားသေးတယ်။ ကဲ ... ဘယ်လောက် စိတ်ချမ်းသာရသလဲလို့။

နီနီတို့မှာလည်း ...

နီနီက မှန်ရှေ့မှာရပ်ပြီး ခေါင်းဖြီးနေလေလျှင် ဘုန်းသစ်က နောက်မှလာရပ်ပြီး မှန်ထဲက နီနီ့ပုံရိပ်ကလေးကိုကြည့်ကာ ...

www.burmeseclassic.com



"ကိုကို့မိန်းမက ချစ်ဖို့ကောင်းလိုက်တာ၊ ချစ်လို့ကို မဝနိုင်ဘူး ဖြစ်နေပြီ"

"လေမဝယ်ရတိုင်း လျှောက်ပြောနေတယ်"

ခပ်တိုးတိုးနှင့် နီနီ ပြောလိုက်တော့ . . .

"ဘာ"

"ဘာမှမဟုတ်ဘူး"

"ဘာလို့မဟုတ်ရမှာလဲ၊ ချစ်လို့ ချစ်တယ်ပြောတာကို၊ ဘယ်သူမှရောက်မလာခင် အချိန်ရသေးတယ်နော်၊ သက်သေပြရမလား"

နောက်ကနေ ခါးလေးကို သိမ်းဖက်ပြီး ပြောလိုက်တော့ နီနီ မျက်နှာလေးရဲသွားသည်။

"ဘာတွေလာပြောနေတာလဲ"

"ချစ်တဲ့အကြောင်းတွေလေ၊ နီနီနဲ့ပတ်သက်ပြီး ကိုကို့ရင်ထဲမှာ ဘာတွေဖြစ်ခဲ့လဲ၊ ဘာတွေခံစားခဲ့ရလဲဆိုတာတွေ ပြောပြဖို့ အချိန်ရသေးတယ်လို့ ပြောတာကို၊ ဘာတွေ လျှောက်တွေးနေတာလဲ"

"မသိဘူး . . . သွား"

"မသွားပါဘူး။ ခွဲမှမခွဲနိုင်တာကို"

ခါးကိုဖက်ထားတာမို့ နီနီက ကိုယ်လေးကို တွန့်လိမ်ပြီး ရုန်းလေသည်။ ဘုန်းသစ်က လွှတ်မပေးဘဲ နီနီ့ပခုံးပေါ်မှာ မေးတင်ထားလိုက်၏။ နောက် . . . ရုန်းသထက် ရုန်းတော့ လွှတ်ပေးပြီး ပခုံးကို ပြန်ဖက်ထားတာပါပဲ။ ဘုန်းသစ်ရင်ထဲမှာ အချစ်တို့နှင့် ထုံသင်းမွှေးပျံ့နေသည်လေ။



အချစ် ဘယ်ကစသလဲလို့မေးရင် . . .

ဘယ်ကစမှန်းမသိလို့ ဘုန်းသစ် ဖြေနိုင်မှာမဟုတ်ပေ။ ကိုယ့်ကိုယ်ကိုယ် ဘယ်အချိန်ကစပြီး နီနီ့ကို ချစ်ခဲ့မိမှန်းတောင် မသိခဲ့ပါဘူး။

"ဖယ်စမ်းပါ"

"ကိုယ့်မိန်းမကိုယ်ဖက်တာကို ဘာဖြစ်နေတာလဲ"

"နီနီ မနေတတ်ဘူး အစ်ကိုလေးရဲ့"

"ဘာ . . . ဘာအစ်ကိုလေးလဲ"

"အယ် . . . ဆောရီး . . . ဆောရီး"

"ပြန်ခေါ် . . . ကိုကိုလို့"

အချစ်ဆိုတာ ဘာမှန်းမသိ ဘယ်ရင်ခွင်နဲ့မှ မထိတွေ့ဘူးတဲ့ အရိုင်းပန်းလေး နှင်းဆီနီနီ။ အခုတော့ သူ့ရဲ့ အနမ်းမိုးစက်တွေအောက်မှာ ပျော်ဝင်လို့ ချစ်တတ်ခဲ့ပါပြီလေ။ အရင်က ဘဝအရေးကို ဦးစားပေးလို့ မစဉ်းစားနိုင်ခဲ့တာပါ။ အခုက မစဉ်းစားရင် မရတော့တဲ့ အခြေအနေမို့ . . .



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို"

"လိမ္မာလိုက်တာ"

"ဘယ်တုန်းက မိုက်လို့လဲ"

"ဟုတ်ပါပြီ၊ ကိုကို့မိန်းမက အလိမ္မာအိမ်ပါမလေး။ ကိုကို့အသည်း။ ကိုကို့အသက်"

နီနီက ရယ်ပဲနေလေလျှင် ...

"ကိုကို့ကို ချစ်လား"

အကြည့်ချင်း ဆုံသွားကြတော့ ခပ်မော့မော့ မျက်နှာလေးက ပြုံးယောင်သမ်းပြီး မျက်လုံးလေးတွေ တောက်ပနေတာသည် အချစ်ရောင် လွှမ်းနေတာလား။

"ဖြေလေ"

"ဘဝတစ်ခုလုံးကို သိမ်းပိုက်ပြီးမှ မေးခွန်းကို မေးဖို့ လိုသေးလို့လား"

"လိုတာပေါ့၊ ဖြေပါဦး ... ကိုကို့ကို ချစ်လား"

နီနီ သူ့မျက်နှာကိုကြည့်ပြီး မဖြေရဲပါဘူး။ ထို့ကြောင့် မျက်လွှာလေး ချလိုက်ပြီးမှ ...

"အင်း"

"မရဘူး ... ပေါ့ဒီနှုတ်ခမ်းလေးကနေ ဖြေမှ"





"ချစ်တယ်လို့ ပြောတာကို"

ပါးပြင်ဆီမှ နွေးသွားတာ တစ်ဖက်ပြီး တစ်ဖက်ပါပဲ။ ပန်းဆိုရင် ဘာပန်းပဲဖြစ်ဖြစ် ဘယ်လိုဂုဏ်သတ္တိတွေပဲ ရှိနေရှိနေ တစ်နေ့တော့ ခူးယူပြီး အနမ်းခံရမှာ သဘာဝပဲလေ။ ဆူးနဲ့ဆစ်ထားတဲ့ နှင်းဆီလည်း အချိန်တန်အရွယ်ရောက်တော့ လိပ်ပြာလေးရဲ့နမ်းရှိုက်ခြင်းကို ခံရတာပါပဲ။

"အရမ်းချစ်တယ် နီနီရယ်"

ဆူးနဲ့တူသောမာနနဲ့ ဆစ်ထားတဲ့ နှင်းဆီနီနီ ခုတော့ ဘုန်းသစ်ဆိုတဲ့ လိပ်ပြာ မောင့်ရင်ခွင်ထဲမှာ အချစ်ကို ရှာဖွေတွေ့ရှိခဲ့ပါပြီ။

ဆန္ဒနှင့်ဘဝ တစ်ထပ်တည်းကျနိုင်ကြပါစေ။

အလင်းသစ်

၁၄-၇-၂၀၀၅

မှတ်ချက်။

ရှေ့ဆက်ကြည့်ပါ။



www.burmeseclassic.com

www.burmeseclassic.com

**"လမင်းချစ်သူ"**

မင်းအလင်းရဲ့
ညှို့ငင်မှုအောက်မှာ
အိပ်ပျက်ခဲ့ရပေါင်းများပြီ
ငါ့ဘဝနဲ့မနီးစပ်နိုင်မှန်းသိလျက်
ငေးကြည့်ရုံနဲ့
ကျေနပ်တတ်ခဲ့သူပါ။
မင်းရဲ့မေတ္တာရောင်စဉ်က
လူအများအပေါ် ဖြန့်ကျက်နေမှန်းသိလျက်
မပြီးပြင်ရက်ခဲ့တာက ငါ...။
ထမင်းဆီဆမ်း ရွှေလင်ပန်းနဲ့လည်း
မတောင်းပါဘူး။
မင်းဘဝ တိမ်ညိုမဖုံးရင်ဘဲ
ငါ ပြုံးနေနိုင်ပါတယ်။
မြင်နေခွင့်လေး မပေးချင်လို့
မင်းက ရောင်ခွာပြေးလေတော့
ငါ့ဘဝရဲ့နေ့ရက်တွေက
အလွမ်းတွေနဲ့ အမှောင်ကျနေခဲ့ပါ ...။

နှင်းနွယ် (ကလေး)

"လမင်းချစ်သူ" ကဗျာကိုပေးပို့လာပါသော
နှင်းနွယ်(ကလေး)
၁၇၁၊ ချမ်းမြေ့အောင်စည် ၅ ကလေးမြို့ စစ်ကိုင်းတိုင်းဒေသကြီး
အထူးကျေးဇူးတင်ပါသည်။

၂၀၁၅နိုဝင်ဘာလတွင်
ဖတ်နိုင်ပါပြီ

**မမသဒ္ဒါမောင်**
ကြယ်တွေကြွေတဲ့ည

**ကြယ်စင်မှူးဝေ**
မာယာအသစ်

**မယ်ခိုင်**
အမုန်းမှဆိုး

**မိုးစက်ပွင့်**
နွဲ့ဆင့်ကဲ

**အလင်းသစ်**
ဆူးနဲ့ဆစ်တဲ့နှင်းဆီ

**လှိုင်းကြာဖြူ (လားရှိုး)**
ကြေကွဲနေ့ရက် အဆုံးသတ်